ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆင်းရဲကိုစွန့်လျက်**

ပင့်ကူသည် မိမိပြုသောပိုက်ကွန်၌ အိပ်သကဲ့သို့ သတ္တဝါတို့သည် ပြင်းစွာတပ်မက်ကုန်သည်ဖြစ်၍ မိမိတို့ပြုသော တဏှာအလျဉ်သို့ ကျကုန်၏။ ပညာရှိတို့သည် ဤတဏှာကိုဖြတ်၍ မငဲ့ကွက်ဘဲ ခပ်သိမ်းသော ဆင်းရဲကို စွန့်လျက်သွားကုန်၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၃၄၇)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့ 15, Wednesday June 2016 (၈၅၉၃)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုအား တွေ့ဆုံ

## အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုအား လက်ခံတွေ့ဆုံစဉ်။ (သတင်း စာမျက်နှာ - ၃) (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေး '၀'၊ မိုင်းလားအဖွဲ့များအား သွားရောက်တွေ့ဆုံမည်

**ရဲခေါင်ညွန့်**
**ရန်ကုန် ဇွန် ၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ(UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဒုတိယအကြိမ်မြောက် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ကျွန်တော်တို့ ဆပ်ကော်မတီ(၂)အနေနဲ့ ပြည်တွင်းမှာ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ဇွန်လ ၁၁ ရက်ပါရက်စွဲနဲ့ UNFC အဖွဲ့ကိုစာပို့တယ်။ သူတို့ အကြောင်းပြန်တာကတော့

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ✳



## ကြေးမုံ

# ‘နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပြင်ဆင်ရေးမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့’

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြစ်စဉ်ဆိုသည်မှာ မြန်မာနိုင်ငံအတွက်တော့ အသစ်အဆန်းမဟုတ်ပေ။ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီး သုံးလအကြာတွင် ပြည်တွင်းစစ်စတင်ခဲ့ပြီး ထို့နောက် နှစ်ပတ်အကြာမှစ၍ သခင်ကိုယ်တော်မှိုင်းဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုရှိလာခဲ့သည်ဟုဆိုရာ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာလည်း ပြည်တွင်းစစ်နှင့်အတူ ရှည်ကြာလာခဲ့ပြီဟု ဆိုရမည်ဖြစ်ပါသည်။

အလားတူပင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည်လည်း မြန်မာနိုင်ငံအတွက် အသစ်အဆန်းမဟုတ်ပေ။ ၁၉၈၉ ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးစတင်ခဲ့သည်။ ထိုအချိန်က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် နိုင်ငံနှစ်ခုကြားသာ လက်မှတ်ရေးထိုးရသည့်အတွက် ပြည်တွင်းပဋိပက္ခတစ်ခုတွင် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့နှင့် အစိုးရတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တရားဝင်လက်မှတ်ရေးထိုးခြင်းသည် လိုအပ်သောအရာမဟုတ်ဟု အစိုးရကယူဆခဲ့သည်။ သို့တိုင် စာဖြင့်ရေးသားမထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကြောင့် လက်နက်ကိုင်အဖွဲ့များသည် လက်နက်များကိုင်စွဲခွင့်နှင့် နယ်မြေအချို့ထိန်းချုပ်ခွင့်များ ရရှိခဲ့သည်။

အဆိုပါတပ်ဖွဲ့များအား တပ်ဖွဲ့ဝင်စုဆောင်းခြင်းနှင့် လက်နက်များ တိုးချဲ့တပ်ဆင်ခြင်းကို အစိုးရက နှုတ်ကတိသဘောတူညီချက်ဖြင့် ကန့်သတ်ထားစဉ် ၎င်းတို့အား စီးပွားရေးလုပ်ငန်း အထူးအခွင့်အရေးများပေးခဲ့သည်။ အပြန်အလှန်အားဖြင့် အသွင်ကူးပြောင်းရေးအစိုးရတစ်ရပ်အဖြစ်မျှသာရှိနေသည်ဟုဆိုသော အစိုးရအဖွဲ့နှင့် နိုင်ငံရေးဆွေးနွေးမှုမပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက သဘောတူခဲ့ကြသည်။ နိုင်ငံရေးအရ နောက်တက်လာမည့်အစိုးရနှင့်သာ နိုင်ငံရေးဆွေးနွေးမှုပြုလုပ်သင့်သည်ဟု အစိုးရက ပြောခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များမှာ ချိုးဖောက်သည့်ဖြစ်ရပ်အလွန်နည်းပါးပြီး တည်ငြိမ်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ သို့တိုင် ထိုသဘောတူညီချက်များတွင် ရှင်းရှင်းလင်းလင်းရှိသောကျင့်ဝတ်များ နှစ်ဖက်စလုံးက အတည်ပြုခဲ့ခြင်းမရှိပေ။ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့များလည်း ထူထောင်ခဲ့ခြင်းမရှိပေ။ သို့သော် နှစ်ဖက်ကြားအငြင်းပွားမှုများကိုဖြေရှင်းရန် ဆက်ဆံရေးရုံးများကို နှစ်ဖက်လုံးက ဖွင့်ခဲ့ကြသည်။ ထိန်းချုပ်နယ်မြေများ၏ နယ်ခြားစည်းများကိုမူ ရှင်းလင်းစွာပိုင်ခြားသတ်မှတ်ခဲ့သည်။ ထိုသို့ အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်များကြား နှစ်ပေါင်း ၂၀ ကျော်ကြာကာလရှည်လျားသည့် အပစ်အခတ်ရပ်စဲရေးကို ထိန်းထားသည့် တစ်ခုတည်းသောနိုင်ငံ ဖြစ်လာသည်။

အခြားတစ်နည်းဆိုရလျှင် ယခင်အပစ်အခတ်ရပ်စဲရေးသည် ခေတ်သစ်ပြည်တွင်းပဋိပက္ခတွင် အရှည်ကြာဆုံးသော “အနုတ်လက္ခဏာဆောင်သည့် ငြိမ်းချမ်းရေး” ဖြစ်ခဲ့သည်။ အဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုမရှိသော်လည်း နိုင်ငံရေးအရ ဖိနှိပ်မှုရှိနေဆဲအခြေအနေတစ်ရပ်ကို အနုတ်လက္ခဏာဆောင်သည့်ငြိမ်းချမ်းရေးဟု ဆိုခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ယခုအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)တွင် နိုင်ငံရေးအာမခံချက်များပါဝင်လာခဲ့သည်။ ထို NCA စာချုပ်ကို အခြေခံ၍ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တစ်ခုလည်း ရေးဆွဲခဲ့ကြသည်။ NCA စာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်များအားလုံးက သဘောတူခဲ့သော်လည်း ပြီးခဲ့သည့်အစိုးရလက်ထက်က ဆွေးနွေးပွဲတွင်ပါဝင်ခဲ့သောအဖွဲ့များအနက် ရှစ်ဖွဲ့ကသာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုအစိုးရသစ်လက်ထက်တွင်မူ ၂၁ ရာစုအကြိုပြင်ဆင်ရေးဆပ်ကော်မတီနှစ်ခုဖွဲ့စည်း၍ လက်မှတ်ရေးထိုးပြီးအဖွဲ့များနှင့် မရေးထိုးရသေးသောအဖွဲ့များအားလုံးပါဝင်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ယခု ပထမခြေလှမ်းအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပြန်လည်သုံးသပ်ရာတွင် အားလုံးပါဝင်နိုင်ရန် ကြိုးပမ်းနေသည်။ NCA အခြေခံပေါ်တွင် အများသဘောတူညီသော မူဘောင်တစ်ရပ်ပေါ်ထွက်လာခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရေးအတွက် အရေးကြီးသောခြေလှမ်းဖြစ်လာမည်ဖြစ်ပေသည်။

ယခု ဩစတြေးလျနိုင်ငံအခြေစိုက် ငြိမ်းချမ်းရေးနှင့် စီးပွားရေးဆိုင်ရာအင်စတီကျူတစ်ခု၏ ၂၀၁၆ ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးအညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် အဆင့် ၁၅ ဆင့်တက်လာပြီး အဆင့်(၁၁၅)နေရာတွင်ရှိကြောင်း ဖော်ပြထားသည်။ ထိုသို့မြင့်တက်လာခြင်းမှာ ၂၀၁၅ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း၊ ၂၀၁၅ အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းတို့ပါဝင်ကြောင်း အစီရင်ခံစာက ဆိုသည်။ ယခုလောလောဆယ်လိုအပ်နေသည်မှာ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို အားလုံးပါဝင်ညှိနှိုင်းပြင်ဆင်ရေးဖြစ်သည်။ ထိုမှတစ်ဆင့် ၂၁ ရာစုပင်လုံကို သက်ဆိုင်သူအားလုံး (သို့မဟုတ်) အများတကာ အများစုပါဝင်မှုဖြင့် အမြန်ဆုံးကျင်းပနိုင်ရေးပင် ဖြစ်ပါကြောင်း။ ။

# ဘာသာရပ်အလိုက် အရည်အသွေးမြင့်မားသော ဆရာ ဆရာမများပေါ်ထွန်းလာရန် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ လေ့ကျင့်သင်ကြားပေးမည်

**နေပြည်တော် ဇွန် ၁၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (လွိုင်ကော်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (လွိုင်ကော်)သို့ရောက်ရှိ၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နံနက် ၉ နာရီခွဲတွင် လွိုင်ကော်တက္ကသိုလ်၌ လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (လွိုင်ကော်)၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)နှင့် လွိုင်ကော်ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို တွေ့ဆုံရာ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက ပညာရေးဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဒေသအကျိုးပြု သုတေသနလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဆောင်ရွက်ကြရန်၊ တက္ကသိုလ်ပဋိညာဉ်စာတမ်းများ ပြုစုရေးနှင့် အရည်အသွေးအာမခံမှုရှိသော အဆင့်မြင့်ပညာကဏ္ဍဖြစ်ပေါ်လာရေး ဦးတည်ဆောင်ရွက်ရန်၊ သင်ကြားသင်ယူမှုအရည်အသွေးပြည့်ဝအောင် လေ့လာဆည်းပူးရန်၊ ဘာသာရပ်ဌာနများနှင့် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်များကို မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်ပေါ်မူတည်၍ အရည်အသွေးအကဲဖြတ်ပြီး ရာထူးပြောင်း၊ ရာထူးတိုးမြှင့်ခန့်ထားရေးစီစဉ်ဆောင်ရွက်ရန်၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့်အတွက် တက္ကသိုလ်ပဋိညာဉ်စာတမ်းများအဆင်သင့် မဖြစ်သေး၍ ယခင်ဆောင်ရွက်သည့် အစီအစဉ်အတိုင်း ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ကယားပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးရှိ ပညာ့ဗိမာန်ခန်းမ၌ ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာ ရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်ပညာရေးဝန်ထမ်းများအားတွေ့ဆုံ၍ Grade-5 နှင့် Grade-9 စာမေးပွဲများ၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်မှုရာခိုင်နှုန်းများကို လေ့လာသုံးသပ်ကြည့်ပါက တာဝန်ရှိသူများနှင့် မိဘပြည်သူများ ပူးပေါင်း၍ ဆရာ ဆရာမများ ဘာသာရပ်အရည်အသွေးမြင့်မားရေး အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပြီး သင်ကြားသင်ယူမှု ဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်သည်ကို တွေ့ရပါကြောင်း၊ ဘာသာရပ်အလိုက် အရည်အသွေးမြင့်မားသော ဆရာ ဆရာမများပေါ်ထွန်းလာအောင် လုပ်ငန်းခွင်ကြိုနှင့် လုပ်ငန်းခွင်သင်တန်းများဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသော ပညာရေးကို အကောင်အထည်ဖော်ရာတွင် အရည်အသွေးပြည့်ဝသော အရာထမ်း၊ အမှုထမ်းများပေါ်ထွန်းလာစေရန်အတွက် ကျောင်းအုပ်ကြီးများ၊ မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ အရည် အသွေးမြင့်မားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်အပေါ်အကဲဖြတ်ပြီး ရာထူးတိုး၊ ရာထူးပြောင်းဆိုင်ရာများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု အသိစိတ်ဓာတ်ဖြင့် မိဘဆရာအသင်း၊ မိဘပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံ စိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်ပါက အရာရာအောင်မြင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေး မှာကြားပြီး ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်တို့ကလည်း ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)နှင့် လွိုင်ကော်ပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တမူးမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ကြီးကြပ်၍ တမူးမြို့နယ်တွင် ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် (၁၁)ကေဗွီဓာတ်အားလိုင်းများနှင့် ကလေးမြို့တွင် (၁၁/၀. ၄) ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာတည်ဆောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ကျွန်တော်တို့ဌာနအနေနဲ့ တမူး မြို့နယ်အတွင်းရှိတဲ့ ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး (၁၁) ကေဗွီဓာတ်အားလိုင်း ၃ မိုင်၊ ၄၀၀ဗို့ ဓာတ်အားလိုင်း တစ်မိုင်၊ (၁၁/၀. ၄)ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံးကို ဆောင်ရွက် နေပါတယ်။ တမူးမြို့မှာ ဆောင်ရွက်နေသလို ကျွန်တော်တို့ ကလေးမြို့မှာလည်း လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ကြို့သုံးပင်ရပ်ကွက်မှာ (၁၁/ ၀. ၄) ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၄၄ မိုင် သွယ်တန်းနေတာ ဖြစ်ပါတယ်။ ရေဘေးသင့်ရွှေ့ပြောင်းကျေးရွာ ၁၁ ရွာအား ဒီဇယ်ဓာတ်အားပေးစက်နဲ့ ဓာတ်အား ဖြန့်ဖြူးနိုင်ဖို့အတွက် (၄၀၀)ဗို့ ဓာတ်အားလိုင်း ၁၇ ဒသမ ၁၁ မိုင်ကိုလည်း တည်ဆောက်နေပါတယ်”ဟု တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးသန့်ထွန်းက ပြောသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားသွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများကို တမူးမြို့နယ်တွင် ရက် ၁၀၀ စီမံချက် ကာလအတွင်း ဇွန် ၁၀ ရက်က လုပ်ငန်းဆောင်ရွက်ပြီး၍ ပြည်သူများ လျှပ်စစ်မီး စတင်သုံးစွဲနေပြီဖြစ်သည်။ ကလေးမြို့နယ်တွင်လည်း လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး၍ ကြို့သုံးပင်ရပ်ကွက်နှင့် အချို့ကျေးရွာများတွင် လျှပ်စစ်မီး စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၉ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၃၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၀၁၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နောင်အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် ဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတသည် အာရှ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဖေဇင်ထွန်း၊ ဦးကျော်ဝင်းနှင့် ဦးဝင်းခိုင်တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုအား တွေ့ဆုံ

## အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးဆောင်ရွက်လိုသည့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးတက်ကူညီဆောင်ရွက်ရေးကိစ္စများကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုနှင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် အဆိုပါဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လေ့ကျင့်ပေးရေး၊ ထိုသို့လေ့ကျင့်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အနာဂတ်တွင် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



*** ပြည်ထောင်စုမှ**

ကော်မတီအနေနဲ့ ထပ်မံပြီးလာရောက်တွေ့ဆုံဖို့ တောင်းဆိုပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ်မြောက် သွားရောက်တွေ့ဆုံပါမယ်။ ရှေ့လာမယ့် ဇွန်လ တတိယပတ်လောက်မှာ UNFC က ဖွဲ့စည်းထားတဲ့ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့နဲ့ ကျွန်တော်တို့ ဆပ်ကော်မတီ (၂) တို့ သွားရောက်တွေ့ဆုံပါမယ်။ ဒါက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ)မှာ သူတို့ပါဝင်လာနိုင်ရေးအတွက် ထပ်မံပြီးသွားရောက်ဆွေးနွေးတာပါ" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)သည် ဇွန် ၉ ရက်မှ ၁၂ ရက်အထိ NCA စာချုပ်လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသားအဖွဲ့များ (၂၁)ရာစုပင်လုံတွင် ပါဝင်လာနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား NCA မူဘောင်အတွင်းမှနေ၍ ပြန်လည်ပြင်ဆင်ရန် ဆွေးနွေးခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမင်းဇော်ဦးက "ကျွန်တော်တို့တွေ ရှေ့ဆက်ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ပြန်လည်သုံးသပ်မယ်။ Review လုပ်မယ်။ နောက်မူကြမ်းတွေပြုစုမယ်။ မူကြမ်းအဆင့်အထိကတော့ NCA လက်မှတ်မထိုးထားတဲ့အဖွဲ့တွေ ပါခွင့်ရှိတယ်။ တစ်နိုင်ငံလုံးပစ်ခတ်ခိုက်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အရ မူကြမ်းကို အတည်ပြုတော့မယ်ဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နဲ့ သူ့အပေါ်မှာရှိတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ပဲ ဖြစ်ပါတယ်။ အဲဒီအဆင့်ထိ ရောက်လာရင်တော့ ပါဝင်နိုင်တဲ့သူက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ရဲ့ အဖွဲ့ဝင်ဖြစ်မှရမယ်။ UPDJC အဖွဲ့ဝင်ဖြစ်ဖို့ဆိုရင် NCA မှာ လက်မှတ်ထိုးထားမှရမယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားအဖွဲ့တွေ ဝင်လာတဲ့အခါ သက်သောင့်သက်သာနဲ့ပါဝင်ပြီး ဆွေးနွေးလို့ရအောင်၊ သူတို့လည်း မူဘောင်ကိုပါဝင်ပြီးတော့ ပြန်ပြီးရေးသားလို့ရအောင်ဆိုပြီး စဉ်းစားဆွေးနွေးနေတယ်။ ဆပ်ကော်မတီ(၂)ကလည်း လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေ (၂၁) ရာစု ပင်လုံမှာ ပါဝင်လာနိုင်အောင် ရှင်းပြမှုတွေ ပြုလုပ်နေပါတယ်"ဟု ပြောသည်။

လက်ရှိတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစု ပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် အဖွဲ့သည် "ဝ" ( UWSA )၊ မိုင်းလား (NDAA) အဖွဲ့များ (၂၁) ရာစု ပင်လုံတွင် ပါဝင်နိုင်ရန်အတွက် တွေ့ဆုံဖိတ်ခေါ်မည်ဖြစ်သလို အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)မှလည်း UNFC နှင့် တွေ့ဆုံမည်ဖြစ်သည်။

ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံသွားမည့်အခြေအနေကို ဦးလှမောင်ရွှေက " 'ဝ'၊ မိုင်းလားတို့က ဥက္ကဋ္ဌနဲ့တွေ့ဖို့ ကျိုင်းတုံလား၊ မိုင်းလားမှာလားဆိုတာတော့ သေချာမသိသေးဘူး။ တွေ့ဆုံတဲ့နေရာက ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ကျိုင်းတုံဆိုပေမယ့် မိုင်းလားမှာလည်း တွေ့ဆုံနိုင်ပါတယ်။ တွေ့ဆုံမယ့်ရက်ကတော့ ဇွန် ၁၇ ရက် ဒါမှမဟုတ် ၁၈ ရက် တစ်ခုခုပါ" ဟု ပြောသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့က လက်မှတ်ရေးထိုးကာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခဲ့သည်။

NCA စာချုပ် လက်မှတ်ရေးထိုးခဲ့သည် အဖွဲ့အစည်းများမှာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) တို့ဖြစ်သည်။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃)တွင် ဖော်ပြထားသော "မြန်မာ-ဂျပန် ကနဦး ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး" သတင်းတွင် MIC ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး အစား MIC အတွင်းရေးမှူး ဦးအောင်နိုင်ဦး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**

# အော်လန်ဒိုပစ်ခတ်မှုတွင် သေဆုံးသူများအတွက် ဝမ်းနည်းမှုအထိမ်းအမှတ် ကမ္ဘာတစ်ဝန်း၌ ပြုလုပ်

**ပါရီ ဇွန် ၁၄**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ လိင်တူစုံမက်သူများဆုံစည်းရာ နိုက်ကလပ်တစ်ခုကို သေနတ်သမားတစ်ဦးက အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးရသူများအတွက် ဝမ်းနည်းမှုအထိမ်းအမှတ်များကို ကမ္ဘာတစ်ဝန်း၌ ပြုလုပ်လျက်ရှိသည်။

လန်ဒန်မြို့တော်၌ တနင်္လာနေ့တွင် လူထောင်ပေါင်းများစွာ စုရုံး၍ ဆုတောင်းပွဲပြုလုပ်ပြီး လန်ဒန်မြို့သည် ဝမ်းနည်းကြေကွဲမှုကို အော်လန်မြို့နှင့် ထပ်တူထပ်မျှခံစားရကြောင်း ပြသခဲ့သည်။

ဆုတောင်းပွဲ တက်ရောက်လာသူများက နှစ်မိနစ်ခန့် ငြိမ်သက်ပြီး သေဆုံးသူ ၄၉ ဦးကို သတိရအောက်မေ့သည့်အနေဖြင့် မိုးပျံပူဖောင်းများကိုလည်း လေထဲသို့ လွှင့်တင်ခဲ့သည်။

ပါရီမြို့တွင်လည်း လူထောင်ပေါင်းများစွာသည် အီဖယ်မျှော်စင်ရှေ့တွင် စုရုံး၍ ခေတ္တခဏငြိမ်သက်ကာ ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။ အမေရိကန်နိုင်ငံမှ အမျိုးသမီးတစ်ဦးက ယင်းကဲ့သို့ လူအစုလိုက်အပြုံလိုက် သေဆုံးရမှုအတွက် အလွန်စိတ်ထိခိုက်ကြေကွဲဝမ်းနည်းရသော်လည်း သေဆုံးသူများကို ရည်စူး၍ လူထောင်ပေါင်းများစွာ စုပေါင်းပြီး ဆုတောင်းပွဲပြုလုပ်နေကြသည်ကို မြင်ရသည်မှာ ကောင်းမွန်ကြောင်း ပြောကြားသည်။

ပြင်သစ်နိုင်ငံ၏ အမှတ်အသားဖြစ်သည့် အီဖယ်မျှော်စင်ကို တနင်္လာနေ့ညက သက်တံရောင် ရောင်စုံမီးများ ထွန်းညှိခဲ့သည်။ သက်တံရောင်သည် လိင်တူစုံမက်သူများကို ကိုယ်စားပြုသည့် အရောင်ဖြစ်သည်။

ယင်းကဲ့သို့ ဆုတောင်းပွဲများကို မက္ကဆီကို၊ ဟောင်ကောင်နှင့် အခြားသော ကမ္ဘာ့နေရာများတွင်လည်း ပြုလုပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**




# ပြင်သစ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သတ်ဖြတ်ခံရ အိုင်အက်စ်စစ်သွေးကြွတစ်ဦးက တိုက်ခိုက်ဖွယ်ရှိ

**ပါရီ ဇွန် ၁၄**

ပြင်သစ်နိုင်ငံ မဂ္ဂနန်ဗီးလ်မြို့ ဆင်ခြေဖုံးအရပ်တွင် ရဲမှူးတစ်ဦးကို အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့မှ စစ်သွေးကြွတစ်ဦးအဖြစ် မသင်္ကာရသူတစ်ဦးက ဓားဖြင့်ထိုးခဲ့ရာ အဆိုပါရဲအရာရှိမှာ သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုင်အက်စ်အဖွဲ့မှ စစ်သွေးကြွတစ်ဦးက ရဲမှူးတစ်ဦးကို ၎င်း၏နေအိမ်ရှေ့မှာပင် ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း၊ ယင်းနောက်တွင် အဆိုပါရဲအရာရှိနှင့်အတူရှိနေသူ ရဲမေတစ်ဦးကိုပါ ဆက်လက်သတ်ဖြတ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို သတ်ဖြတ်ခဲ့ခြင်းမှာ မိမိတို့အဖွဲ့၏လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ရဲတပ်ဖွဲ့ဝင်နှစ်ဦး အသတ်ခံရမှုသည် စက်ဆုပ်ရွံရှာဖွယ်ရာကောင်းသော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ဟု ပြင်သစ်အစိုးရအဖွဲ့က ရှုတ်ချခဲ့သည်။

သတ်ဖြတ်သူမှာ အသက် (၂၅) နှစ်အရွယ် မော်ရိုကိုနွယ်ဖွား ပြင်သစ်နိုင်ငံသားဖြစ်ပြီး ၎င်းသည်စစ်သွေးကြွများ ပါကစ္စတန်နိုင်ငံသို့ သွားရောက်နိုင်စေရေးအတွက် အားပေးကူညီခဲ့မှုဖြင့် ၂၀၁၃ ခုနှစ်တွင် ထောင်ဒဏ်ချမှတ်ခံခဲ့ရသူဖြစ်ပြီး လုံခြုံရေးဌာနများ၏ စောင့်ကြည့်မှုကို ခံယူနေရသူဖြစ်ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# မိန်းကလေးငယ်များအား ပျော်တော်ဆက်ခဲ့သူ အမေရိကန်တစ်ဦးကို ကမ္ဘောဒီးယားတရားရုံးတစ်ရုံးက ထောင်ဒဏ် (၁၀) နှစ် ပြစ်ဒဏ်ချမှတ်

**ဖနောင်ပင် ဇွန် ၁၄**

ကလေးသူငယ်များအား အခကြေးငွေပေးကာ ကာမဂုဏ်ပျော်ပါးသူ အသက် (၅၃)နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား တစ်ဦးကို ဇွန် ၁၄ ရက်တွင် ကမ္ဘောဒီးယားတရားရုံးတစ်ရုံးက ထောင်ဒဏ် (၁၀)နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားအခြေစိုက် အေရိုကမ္ဘောဒီးယားမြို့ပြလေကြောင်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဟောင်းဖြစ်သူ ဘရိုင်ယန်နက်ဝေါလ်သည် မိန်းကလေးငယ်များအား အခကြေးငွေပေးကာ ပျော်ပါးသည့် ပြစ်မှုကျူးလွန်ခဲ့သည်ကို ဖော်ထုတ်တွေ့ရှိရကြောင်း ဖနောင်ပင်မြူနီစီပယ်တရားရုံး တရားသူကြီးခိုင်ချအေး၏ စီရင်ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။




မိန်းကလေးငယ်များအား ကလေးပြည့်တန်ဆာအဖြစ် အသုံးချခံခဲ့ရသူတစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၂၀၀၀ ခန့်စီ လျော်ကြေးပေးအပ်ရမည်ဟုလည်း တရားရုံး၏ စီရင်ချက်တွင် ပါရှိသည်။ ယင်းမိန်းကလေးများအနက် အသက်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦးပင် ပါဝင်သည် ဆို၏။

နက်ကို (၁၃)နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ပူးပူးကပ်ကပ်နေခဲ့မှုဖြင့် ၂၀၁၅ ခုနှစ် မေ ၂၁ ရက်တွင် ဖနောင်ပင်မြို့ ကော့ပစ်ချ်ကျွန်းတွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အခြားအရွယ်မရောက်သေးသည့် မိန်းကလေးခြောက်ဦးကလည်း ၎င်းအမှုတွင် သက်သေခံထွက်ဆိုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကလေးများအပေါ် လိင်မတရားပြုမှုပပျောက်ရေးအတွက် ကလေးပြည့်တန်ဆာလုပ်ငန်းနှိမ်နင်းရေးကို ၂၀၀၃ ခုနှစ်တွင် စစ်ဆင်ရေးတစ်ရပ်အဖြစ်စတင်ခဲ့သည်။ ယင်းစစ်ဆင်ရေး စတင်ချိန်ကတည်းကစ၍ ဒါဇင်ပေါင်းများစွာသော နိုင်ငံခြားသားများက ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာရာဇဝတ်ပြစ်မှုကျူးလွန်မှုဖြင့် ထောင်သွင်းအကျဉ်းချထားခဲ့သည်။

**ဆင်ဟွာ။**

# ဂျော်ဒန်ထံမှ တစ်ပတ်ရစ် တိုက်လေယာဉ်များဝယ်ယူရေး ပါကစ္စတန်အစိုးရ စဉ်းစားသုံးသပ်နေဟုဆို

**အစ္စလာမ္မာဘတ် ဇွန် ၁၄**

ပါကစ္စတန်နိုင်ငံသည် ဂျော်ဒန်နိုင်ငံထံမှ တစ်ပတ်ရစ် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူရန် စဉ်းစားသုံးသပ်နေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုထံမှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်ရှစ်စင်း ဝယ်ယူရန်စီစဉ်ခဲ့သော်လည်း ကွန်ဂရက်လွှတ်တော်က ကန့်ကွက်မှုကြောင့် လေယာဉ်အရောင်းအဝယ် သဘောတူညီချက်မှာ ပျက်ပြားခဲ့ရသည်။ ယခုအခါတွင်မူ ပါကစ္စတန်နိုင်ငံထံ တစ်ပတ်ရစ် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ ရောင်းချပေးရန် ဂျော်ဒန်နိုင်ငံက ကမ်းလှမ်းခြင်းကို ပါကစ္စတန်အစိုးရက စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနများက ရေးသားဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များမှာ သက်တမ်းရင့်ရော်ခဲ့ပြီဖြစ်ရာ လာမည့်နှစ်အနည်းငယ်အတွင်း ဖျက်သိမ်းရန် စီစဉ်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံအနီး ဝေးလံသီခေါင်သောတောင်တန်းဒေသ၌ ခြေကုပ်ပြုထားသော စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်နိုင်ရေးအတွက် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူနိုင်ရန် ပါကစ္စတန်အစိုးရက စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များကို ပိုင်ဆိုင်ခြင်းဖြင့် ပါကစ္စတန်နိုင်ငံအနေဖြင့် ပြိုင်ဘက်အိန္ဒိယနိုင်ငံနှင့် စစ်ဆင်ရမည်ဆိုလျှင် စစ်ရေးစွမ်းဆောင်ရည်မြင့်မြင့်မားမားဖြင့် တိုက်ပွဲဝင်နိုင်မည်ဟုလည်း မျှော်လင့်ရသည်။

ဂျော်ဒန်နိုင်ငံထံမှ တစ်ပတ်ရစ် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ ဝယ်ယူရေးကိစ္စကို အစိုးရအဖွဲ့က စဉ်းစားသုံးသပ်နေကြောင်း ပါကစ္စတန် ကာကွယ်ရေးဝန်ကြီးအလမ်ခါတက်က အထက်လွှတ်တော် ကာကွယ်ရေးကော်မတီ နိုင်ငံခြားရေးကော်မတီတို့၏ ပူးတွဲအစည်းအဝေးတွင် ပြောကြားသည်။

**ရိုက်တာ။**

# ဖိလစ်ပိုင်စစ်သွေးကြွများက ကနေဒါဓားစာခံကို သတ်ဖြတ်

**မနီလာ ဇွန် ၁၄**

ဖိလစ်ပိုင်နိုင်ငံ ဆူလူပြည်နယ်တောင်ပိုင်း ကျွန်းတစ်ကျွန်းပေါ်တွင် တွေ့ရသည့် လူဦးခေါင်းပြတ်တစ်လုံးသည် လွန်ခဲ့သည့် စက်တင်ဘာလက အစ္စလာမ္မစ် စစ်သွေးကြွများက ဓားစာခံအဖြစ်ဖမ်းဆီးသွားသည့် ကနေဒါနိုင်ငံသားတစ်ဦး၏ ဦးခေါင်းဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက အတည်ပြုပြောကြားသည်။

ဖိလစ်ပိုင်ရဲတပ်ဖွဲ့နှင့် စစ်တပ်က ဂျိုလိုမြို့၏ လမ်းတစ်လမ်းတွင် တွေ့ရသည့် ဦးခေါင်းပြတ်မှာ ကနေဒါနိုင်ငံသား၏ ဦးခေါင်းဖြစ်ကြောင်း တနင်္လာနေ့ညတွင် ထုတ်ပြန်ကြေညာသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဖိလစ်နိုင်ငံမှ စစ်သွေးကြွအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အဘူဆေယက်ဖ်အဖွဲ့သည် ဆမ်မယ်ကျွန်းပေါ်ရှိ ဟိုတယ်တစ်ခုမှ လူလေးဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ခေါ်ဆောင်သွားသည့် လူလေးဦးမှာ ကနေဒါနိုင်ငံသားနှစ်ဦး ၊ နော်ဝေနိုင်ငံသားတစ်ဦးနှင့် ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးတို့ဖြစ်သည်။

အဘူဆေယက်ဖ်အဖွဲ့က ဓားစာခံများအတွက် ပြန်ပေးငွေအမြောက်အမြားတောင်းခံခဲ့သည်။ စစ်သွေးကြွအဖွဲ့က ကနေဒါနိုင်ငံသားဓားစာခံတစ်ဦးကို ဧပြီလအတွင်းက သတ်ဖြတ်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့က ကျန်ရှိနေသည့် ကနေဒါနိုင်ငံသားအတွက် ပြန်ပေးငွေကို တနင်္လာနေ့ နောက်ဆုံးထားပေးရန် ဖိလစ်ပိုင်အစိုးရကို တောင်းဆိုခဲ့ပြီး ငွေမပေးပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အခြေစိုက်လှုပ်ရှားနေသည့် အစ္စလာမ္မစ်အစွန်းရောက် အဘူဆေယက်ဖ်စစ်သွေးကြွအဖွဲ့သည် အိုင်အက်စ်အဖွဲ့ကို သစ္စာခံထားပြီး နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များကို ဓားစာခံအဖြစ်ဖမ်းဆီးပြီး ပြန်ပေးငွေအမြောက်အမြားတောင်းဆိုမှုများ မကြာခဏပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





# မွန်ဂိုလီးယားသမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မွန်ဂိုလီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ် ဒေါ်ဂျ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

မွန်ဂိုလီးယားသမ္မတအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

မွန်ဂိုလီးယားသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အလုပ်သဘောခရီးစဉ် လာရောက်ခြင်းဖြစ်ပြီး ကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယား သံအမတ်ကြီး မစ္စတာ တဂ်စ်ဘီလ်ဂွန်းတူမွတ်ခ် ဟူလဂ်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းအပါအဝင် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ နှစ်နိုင်ငံလယ်ယာကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ဆည်တာတမံတည်ဆောက်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရဲတပ်ဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးနှင့် ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး နားလည်မှုစာချွန်လွှာကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပသည့် 2016 Pearls in Policing Conference သို့ တက်ရောက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် Mr. Colvin တို့ ဇွန် ၁၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။**(ယာပုံ)**

အဆိုပါ နားလည်မှုစာချွန်လွှာသည် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံရဲတပ်ဖွဲ့ အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့တို့သည် ၁၉၉၉ ခုနှစ်တွင် ဆက်သွယ်ဆက်ဆံမှုစတင်ခဲ့ပြီး မှုခင်းဖော်ထုတ်မှုများတွင် နည်းပညာနှင့် အထောက်အကူပစ္စည်းများ အကူအညီပေးခြင်း၊ ဒေသတွင်းနိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းများပေးခြင်း၊ ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများနှင့် Criminal Management Intelligence System-CMIS နည်းပညာ အသုံးပြုမှုများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**



# တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်းသို့ လာရောက်

**သရက် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက် ကာဘူတိုကလူးနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် သရက်မြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တူရကီစစ်သင်္ချိုင်းသို့ ရောက်ရှိကြသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် စစ်သင်္ချိုင်း၌ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ်ခရာမှုတ်ခြင်း၊ တူရကီနိုင်ငံအလံ လွှင့်တင်ခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းနှင့် ဆုတောင်းခြင်းများ ပြုလုပ်သည်။

သရက်မြို့ တူရကီစစ်သင်္ချိုင်းသည် ပထမကမ္ဘာစစ်အတွင်း အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျ စစ်မြေပြင်များတွင် အော်တိုမင်တပ်နှင့် ဗြိတိသျှတပ်တို့၏ တိုက်ပွဲများဖြစ်ပွားစဉ် ဗြိတိသျှတပ်မှ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီး မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သောစစ်သည်များနှင့် အစိုးရအမှုထမ်းများအတွက် အထိမ်းအမှတ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတူရကီစစ်သင်္ချိုင်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဝန်ဆောင်မှုစာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးနှင့် TITAN ကုမ္ပဏီတို့ ၂၀၁၆ ခုနှစ် မတ် ၂၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့မှတစ်ဆင့် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် သရက်မြို့ မြခဲတောင် တောရကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသအား သွားရောက်တွေ့ဆုံပြီး သဟာယလမ်းရှိ သဟာယစာကြည့်တိုက်ကို ကြည့်ရှုလေ့လာခဲ့သည်။ **ပေါက်ကလေး(သရက်)**

# နိုင်ငံခြားသားဆရာဝန်များနှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင်

မောင်နေ(ဆေးမန်း)

လွန်ခဲ့သော လေး ငါးနှစ်ကစပြီး မြန်မာနိုင်ငံသို့ လာရောက်ဆေးကုသမှုပေးသော နိုင်ငံခြားသားဆရာဝန်ဦးရေ သိသိသာသာများလာသည်ကို သတိထားမိသည်။ တချို့က ကျန်းမာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ပြီး ပြည်သူ့ဆေးရုံများတွင် ဆေးကုသမှုပေးကြသည်။ ဆေးတက္ကသိုလ်များတွင် ဆေးပညာဆွေးနွေးဟောပြောကြသည်။ အခြားဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး လာကြသည်များလည်းရှိသည်။ ပုဂ္ဂလိကဆေးရုံ ဆေးခန်းများတွင် လာရောက်ဆေးခန်းထိုင်၊ လူနာနှင့် ဆွေးနွေးတိုင်ပင်၊ ကုသမှုပေး၊ နိုင်ငံခြားရှိ သူတို့ဆေးရုံများသို့ လာရောက်ကုသမှုခံယူရန် စီမံပေးသည့် ဆရာဝန်များလည်းရှိသည်။ သူတို့ဆေးရုံတွင် ကုသမှုခံ၊ ခွဲစိတ်မှုခံပြီးသော လူနာများကို မြန်မာနိုင်ငံသို့ လာရောက်ကြည့်ရှု၊ ဆက်လက်ကုသမှုပေးသည်များလည်းရှိသည်။ ဖုန်းနှင့်အဆက်အသွယ်လုပ်၊ ရုံးခွဲမှာချိန်း၊ လူနာကြည့်ကြသည်ကများသည်။ ယခင်က ဟိုတယ်ကြီးများတွင် ကြည့်ကြသော်လည်း ယခုနောက်ပိုင်း သိပ်မကြားရတော့။ တချို့သတင်းစာ၊ ဂျာနယ်မှာ ကြော်ငြာထည့်ပြီး လူနာချိန်းသည်။ တချို့ဆေးခန်းမမည်၊ ရုံးခန်းမှာကြည့်သည်။ ထို့အပြင် လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းများ၏ စီစဉ်မှုဖြင့် လာရောက်လူနာကြည့်၊ ခွဲစိတ်ကုသမှုပေးသော နိုင်ငံခြားသားဆရာဝန်များလည်း ရှိသည်။

မြန်မာနိုင်ငံသို့ လာရောက်ကုသမှုပေးသော နိုင်ငံခြားသားဆရာဝန်များတွင် ရိုးရိုးအထွေထွေကုဆရာဝန်များထက် အထူးကုဆရာဝန်က ပိုများသည်။ လာရောက်ကုသပုံကလည်း မျိုးစုံရှိသည်။ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲလာကြသလို အဖွဲ့လိုက်၊ အုပ်စုလိုက်လည်း လာကြသည်။ လချီနေပြီး ကုသမှုပေးသည့် ဆရာဝန်က မရှိသလောက်ရှားပြီး ရက်ပိုင်းလာ၊ ကုသမှုပေး၊ ခွဲစိတ်မှုလုပ်၊ ရက်ပိုင်းနေပြီး ပြန်သွားကြသူကပိုများသည်။ အိမ်နီးချင်းနိုင်ငံများမှ တချို့ဆရာဝန်များ စနေ၊ တနင်္ဂနွေအားလပ်ရက်တွင် မြန်မာနိုင်ငံလာ၊ တစ်ရက်၊ နှစ်ရက်နေ၊ စမ်းသပ်မှုလုပ်၊ ကုသမှုပေး၊ ခွဲစိတ်မှုလုပ်ပြီး ပြန်သွားကြသူများပင်ရှိသည်။ ဒီလောက်အချိန်တို၊ ရက်တိုလာကုပြီး ပြန်ကြသည်မှာ ကမ္ဘာမှာ မြန်မာကလွဲပြီးရှိမည်မထင်။

နိုင်ငံတကာတွင်လည်း ဒီလိုပဲ။ နိုင်ငံတစ်နိုင်ငံမှ ဆရာဝန် တခြားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကြသည်။ တချို့နိုင်ငံများတွင် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံသားဆရာဝန်များက ပင်တိုင်၊ နိုင်ငံခြားသားဆရာဝန်အနည်းငယ်နှင့် ပေးသည်။ တချို့နိုင်ငံများတွင်တော့ နိုင်ငံခြားသားဆရာဝန်အများအပြားနှင့် လည်ပတ်သည်။ စာရေးသူတို့လည်း ယူကေနိုင်ငံတွင် အလုပ်လည်းလုပ်၊ စာမေးပွဲဖြေလည်းလုပ်ခဲ့ကြသည်။ ထို့အတူ မြန်မာနိုင်ငံသား ဆရာဝန်အများအပြား ကမ္ဘာ့နိုင်ငံအသီးသီးမှာ အလုပ်လုပ်နေကြသည်။ ပုံစံမျိုးစုံနှင့်။ ပညာသင်ရင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရင်း၊ သင်တန်းတက်ရင်း ဆေးရုံမှာအလုပ်လုပ်ကြသည်။ သုတေသနလုပ်ငန်းများ လုပ်ကြသည်။ နှစ်ရှည်လများ နိုင်ငံခြားမှာနေ၊ အထူးကုဘာသာရပ်ဘွဲ့လွန် သို့မဟုတ် သင်တန်းအစီအစဉ်တွင် ဝင်ရောက်တက်၊ ထို့နောက် သူတို့နိုင်ငံမှာ အထူးကုဆရာဝန်ဖြစ်၊ တချို့ပါမောက္ခရာထူးအထိပင် ရနေကြပြီဖြစ်သည်။ ဒီတော့ နိုင်ငံတစ်ခုမှာ နိုင်ငံခြားသားဆရာဝန်များ လာရောက်အလုပ်လုပ်ကြသည်မှာ အထူးအဆန်းမဟုတ်။ စင်ကာပူနိုင်ငံတွင်လည်း စင်ကာပူနိုင်ငံသား ဆရာဝန်များရှိသလို နိုင်ငံခြားသားဆရာဝန်အများအပြားလည်း အလုပ်လုပ်နေကြသည်။ တချို့က အလုပ်လုပ်ရင်း၊ ဘွဲ့လွန်တက်ရင်း၊ အထူးကုဘာသာဆိုင်ရာ သင်တန်းတက်ရင်း၊ လေ့ကျင့်ရင်း။ တချို့ကတော့ စင်ကာပူနိုင်ငံမှာ နှစ်ရှည်လများ အလုပ်လုပ်၊ ဌာနမျိုးစုံမှာ ဘာသာရပ်မျိုးစုံ၊ ရာထူးအဆင့်မျိုးစုံ။

အိမ်နီးချင်းထိုင်းနိုင်ငံမှာတော့ တစ်ဘာသာ။ ထိုင်းနိုင်ငံသား မိတ်ဆွေဆရာဝန်ကို မေးကြည့်တော့ သူတို့ဆီမှာ နိုင်ငံခြားသားအထူးကုဆရာဝန် လာရောက်အလုပ်လုပ်တာ မရှိသလောက်ရှားသည်။ လိုအပ်ချက်အရ ရှားရှားပါးပါး ဘာသာရပ်တချို့တွင် အထူးကုနိုင်ငံခြားသားဆရာဝန် အနည်းငယ်သာရှိသည်။

**ယခုအခါ မြန်မာနိုင်ငံသို့ အလာများကြသည်မှာ နိုင်ငံခြားသား အထူးကုဆရာဝန်များဖြစ်ကြသည်။ လိုအပ်ချက်ရှိနေသော မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်တပ်တစ်အားလာ၍ ဖြည့်ဆည်းကူညီနေကြခြင်း၊ ပြောင်းလဲလာသောနိုင်ငံရေး၊ စီးပွားရေးစနစ်နှင့်အညီ ဈေးကွက်လာဖွင့်ကြခြင်းဟု တွက်နိုင်သည်။ မြန်မာနိုင်ငံ၏ လိုအပ်နေသောကွက်လပ်ကို လာဖြည့်နေကြသည်ဟုတွက်ဆပြီး ကြိုဆိုရမည်ဖြစ်သော်လည်း နိုင်ငံတော်၏ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း၊ အမှန်တကယ်ကျွမ်းကျင်သော အထူးကုဆရာဝန်များဖြစ်ခြင်း၊ မြန်မာပြည်သူများနှင့် ကျန်းမာရေးလောကအတွက် အမှန်တကယ် အကျိုးရှိခြင်း စသည်တို့ဖြစ်ရန်မှာ အရေးကြီး ...**

နိုင်ငံလူဦးရေနှင့် ကိုယ့်နိုင်ငံသား အထူးကုဆရာဝန်အရေအတွက် အချိုးကျ၊ လုံလုံလောက်လောက်ရှိသဖြင့်လည်း ထိုင်းနိုင်ငံသား အထူးကုဆရာဝန်များနှင့် လည်ပတ်နေခြင်းဖြစ်သည်။ ရိုးရိုးအထွေထွေကု နိုင်ငံခြားသားဆရာဝန်တွေတော့ရှိသည်။ ထိုင်းဆေးကောင်စီက အသိအမှတ်ပြုသော၊ သတ်မှတ်ထားသည့် အထောက်အထားပြည့်စုံသော နိုင်ငံခြားသား အထွေထွေကုဆရာဝန်သည် ထိုင်းနိုင်ငံတွင် ထိုင်းဆေးကောင်စီက ပုံမှန်ပြုလုပ်သော အထွေထွေဆေးကုသခွင့်လိုင်စင်စာမေးပွဲဖြေရသည်။ စာမေးပွဲဖြေဆိုသူ ပုံမှန် ၂၀၀၀ ခန့်ရှိရာ နိုင်ငံခြားသားဆရာဝန် ၂၀၀ ခန့်ပါသည်ဟုဆိုသည်။ ဆေးလက်တွေ့ဖြေရာတွင် ထိုင်းလူနာကို ထိုင်းဘာသာစကားနှင့်မေး၊ ဖြေလုပ်ရသည်။ လိုင်စင်စာမေးပွဲဖြေဆိုသူ နိုင်ငံခြားသားဆရာဝန်အတွက် ထိုင်းဘာသာစကားသည် မတတ်မဖြစ် လိုအပ်ချက်ဖြစ်သည်။ ထိုင်းဘာသာစကားမတတ်လျှင် ထိုင်းနိုင်ငံတွင် ဆေးကုသခွင့်မရှိ။

မြန်မာနိုင်ငံဆေးကောင်စီဥပဒေတွင်လည်း နိုင်ငံခြားသားဆရာဝန်များအတွက် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ပါသည်။ အခြေခံဆေးပညာဘွဲ့ရသည့် နိုင်ငံခြားသားဆရာဝန်အတွက် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်နှင့် အထူးကုနိုင်ငံခြားသားဆရာဝန်အတွက် ကန့်သတ်အထူးကု ဆေးကုသခွင့်လိုင်စင်တို့ဖြစ်သည်။ အခြေခံဆေးပညာဘွဲ့ရရှိသည့် နိုင်ငံခြားသားဆရာဝန်သည် မြန်မာနိုင်ငံတွင် အထွေထွေကုဆရာဝန်အဖြစ် ဆေးကုသမှုလုပ်ငန်းလုပ်လိုပါက မြန်မာနိုင်ငံဆေးကောင်စီက သတ်မှတ်ထားသော အခြေခံဆေးပညာဘွဲ့၊ ဒီဂရီ၊ အလုပ်သင်ဆရာဝန်ပြီးဆုံးကြောင်း အထောက်အထား၊ ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီ၏ ထောက်ခံချက်တို့ဖြင့် လျှောက်ထားရပြီး အရည်အချင်းပြည့်မီပါက မြန်မာနိုင်ငံဆေးကောင်စီကပြုလုပ်သည့် အထွေထွေဆေးကုသခွင့်လိုင်စင်စာမေးပွဲကို ဖြေရန်လိုအပ်သည်။ ယင်းစာမေးပွဲအောင်မှသာ မြန်မာနိုင်ငံတွင် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်ဖြင့် ဆေးကုသခွင့်ရှိသည်။ စာရေးသူသိရှိရသလောက် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်လျှောက်ထားသူ နိုင်ငံခြားသားဆရာဝန်တစ်ဦးမျှမရှိသေး။ ထိုသူတို့ မြန်မာလူနာများကို ကျွမ်းကျွမ်းကျင်ကျင်မေး၊ ဖြေ၊ ရှင်းပြလုပ်နိုင်ရန် မြန်မာဘာသာစကားကို လိုအပ်ချက်တစ်ရပ်အဖြစ် သတ်မှတ်၊ လက်တွေ့စစ်ဆေးရာတွင် မြန်မာလူနာကို မြန်မာဘာသာစကားဖြင့် မေး၊ ဖြေစစ်သော်သင့်မည်ထင်သည်။

ယခုအခါ မြန်မာနိုင်ငံသို့ အလာများကြသည်မှာ နိုင်ငံခြားသား အထူးကုဆရာဝန်များဖြစ်ကြသည်။ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ အစိုးရမဟုတ်သော လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လာရောက်ကုသမှုပေးကြခြင်းဖြစ်သည်။ လိုအပ်ချက်ရှိနေသော မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်တပ်တစ်အားလာ၍ ဖြည့်ဆည်းကူညီနေကြခြင်း၊ ပြောင်းလဲလာသောနိုင်ငံရေး၊ စီးပွားရေးစနစ်နှင့်အညီ ဈေးကွက်လာဖွင့်ကြခြင်းဟုတွက်နိုင်သည်။ မြန်မာနိုင်ငံ၏ လိုအပ်နေသောကွက်လပ်ကို လာဖြည့်နေကြသည်ဟု တွက်ဆပြီး ကြိုဆိုရမည်ဖြစ်သော်လည်း နိုင်ငံတော်၏ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း၊ အမှန်တကယ်ကျွမ်းကျင်သော အထူးကုဆရာဝန်များဖြစ်ခြင်း၊ မြန်မာပြည်သူများနှင့် ကျန်းမာရေးလောကအတွက် အမှန်တကယ်အကျိုးရှိခြင်း စသည်တို့ဖြစ်ရန်မှာ အရေးကြီးသည်။

ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီ၏ အသိအမှတ်ပြုခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ(သို့မဟုတ်) ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသားဆရာဝန်အား ဆေးကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ဖြစ်သည်။ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ခွင့်ပြုထားခြင်းဖြစ်သည်။ စာရေးသူက မြန်မာနိုင်ငံဆေးကောင်စီနှင့် နီးနီးစပ်စပ်ရှိသဖြင့် ကောင်စီအကြောင်း တီးမိခေါက်မိရှိသည်။ အမှန်တကယ် လာရောက်ကုသမှုပေးနေသော နိုင်ငံခြားသားအထူးကုဆရာဝန်ဦးရေသည် ဆေးကောင်စီတွင် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရယူပြီး ကုသမှုပေးနေသည်ထက် များနေသည်ဟု ခန့်မှန်းရသည်။

ဆေးကောင်စီတွင် ကန့်သတ်ဆေးကုသခွင့်လိုင်စင်လျှောက်ထားရာတွင် တစ်ဦးတစ်ယောက်ချင်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲရှိသလို အုပ်စုလိုက်၊ အဖွဲ့လိုက်လျှောက်ကြသည်လည်းရှိသည်။ တစ်ခါတစ်ရံ အဖွဲ့လိုက်လာသည့်အုပ်စုတွင် ခေါင်းဆောင်သူ၊ ဆရာကြီးဖြစ်သူတစ်ဦး၊ နှစ်ဦးသာ ဆေးကုသခွင့်လိုင်စင်လျှောက်၊ အတူပါလာသည့် ဆရာဝန်ငယ် ဘွဲ့လွန်သင်တန်းသားများ တသီတတန်းကြီးပါလာ၊ လိုင်စင်မလျှောက်၊ ဝင်လုပ်၊ ဝင်ကု၊ ဝင်ခွဲလုပ်ကြသည်များလည်းရှိသည်။ ဆရာကြီးနောက်လိုက်ရင်း လေ့ကျင့်ခန်းဆင်းနေကြပုံရသည်။ ဆေးပညာနှင့် နီးနွယ်မှုမရှိသော လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများက မြန်မာပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အားဖြည့်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားသားအထူးကုဆရာဝန်များကို ဖိတ်၊ ကုသမှု၊ ခွဲစိတ်မှုပေးနေကြသည်။ နိုင်ငံခြားတိုင်းပြည်မှ ဆရာဝန်ဆိုလျှင် ဆရာဝန်ကြီးငယ်မခွဲ၊ ဘွဲ့လွန်သင်တန်းသား၊ လေ့ကျင့်ဆဲဆရာဝန်မှန်းမသိ၊ အကုန်တတ်၊ အကုန်သိ၊ အကုန်နားလည်၊ နောက်ဆုံးပေါ်ထိကျွမ်းကျင်သည်ဟု အရိုးခံစိတ်ဖြင့် ထင်တတ်ကြလေရာ ဆရာဝန်ငယ်များ အဖွဲ့နှင့်ပါလာပြီး လေ့ကျင့်ရင်းကု၊ ခွဲကြသည်များလည်းရှိတတ်သည်ကိုလည်း သိထားသင့်ကြပါသည်။ ဆရာဝန်တို့၏ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုကို ဆန်းစစ်ရန်မှာ ခက်သည်။ သာမန်လူ၊ သာမန်အဖွဲ့အစည်းမဆိုထားနှင့် ဆေးပညာနှင့် ကျွမ်းဝင်မှုရှိသူများပင် လွယ်လွယ်နှင့် စစ်နိုင်ကြမည်မဟုတ်။

လွန်ခဲ့သည့်နှစ်နှစ်က အနောက်နိုင်ငံ ခရီးစဉ်တစ်ခုတွင် ဗန်ကောက်လေဆိပ်၌ အစိုးရဝန်ထမ်း မြန်မာမျက်စိအထူးကု ဆရာဝန်တစ်ဦးနှင့်တွေ့သည်။ သူက ဥရောပနိုင်ငံတစ်ခုမှာ မျက်စိသင်တန်းလပိုင်းတက်ပြီး ပြန်လာခြင်းဖြစ်သည်။ သူတို့ဆီမှာ မျက်စိဘွဲ့လွန်ဒီဂရီရပြီး မျက်စိရောဂါလူနာခွဲခွင့်ရရန် အလွန်ခက်ခဲသည်။ အခွင့်အရေးနည်းသည်။ အတွေ့အကြုံရှိသော မျက်စိဆရာဝန်အဖြစ် အသိအမှတ်ပြုမခံရ၊ မျက်စိစမ်းသပ်သူအဆင့်သာရှိသည်။ ဒါကြောင့် သူတို့နိုင်ငံမှ မျက်စိဘွဲ့လွန်ဆရာဝန်များ တခြားဖွံ့ဖြိုးဆဲနိုင်ငံများသို့သွား၍ ခွဲစိတ်သည့်အတွေ့အကြုံယူလေ့ရှိသည်။ ယင်းနိုင်ငံများတွင် မြန်မာနိုင်ငံမပါဟုမပြောနိုင်။

မြန်မာနိုင်ငံသို့ လာရောက်ဆေးကုသမှုပေးမည့် နိုင်ငံခြားသားဆရာဝန်တိုင်းသည် တစ်ဦးချင်းလာသည်ဖြစ်စေ၊ အဖွဲ့လိုက်လာသည်ဖြစ်စေ ဆေးကောင်စီတွင် တစ်ဦးချင်း လိုင်စင်လျှောက်ထားရန် လိုအပ်သည်ဟု သိရသည်။

ကန့်သတ်အထူးဆေးကုသခွင့် လိုင်စင်လျှောက်ထားရာတွင် နိုင်ငံခြားသားဆရာဝန်နှင့်အတူတွဲပြီး ကုသ၊ ခွဲစိတ်မည့် မြန်မာနိုင်ငံသားအထူးကုဆရာဝန်အမည်ကို ပူးတွဲတင်ပြရသည်။ အတူယှဉ်တွဲ ကုသမှုပေးရန်ဖြစ်သလို နိုင်ငံခြားသားဆရာဝန်ပြန်သွားပြီးနောက် လူနာကို ဆက်လက်ကုသရန်၊ နောက်ဆက်တွဲပြဿနာများကို ဖြေရှင်းရန်ဖြစ်သည်။ ထိုသို့လျှောက်ထားရာတွင် မြန်မာနိုင်ငံသားအထူးကုဆရာဝန်သည် နာမည်ခံရုံ၊ လိုင်စင်လျှောက်ရာတွင် အမည်ဖြည့်ရုံမဟုတ်။

အမှန်တကယ်တွဲဖက်ကုသမည့် ဆရာဝန်ဖြစ်ရန် လိုသည်ဟုဆိုသည်။ သို့မှသာ အတွေ့အကြုံချင်း ဖလှယ်နိုင်ကြမည်။ လူနာကို အခါမလပ်ကုသပေးနိုင်မည်ဖြစ်သည်။ အရည်အချင်းပြည့်မီသဖြင့် မြန်မာနိုင်ငံ ဆေးကောင်စီမှ ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ရရှိသူသည် ဆေးကောင်စီ၏ သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းရမည်။ ဝန်ကြီးဌာနများနှင့်ချိတ်ဆက်ပြီး အခကြေးငွေမယူ၊ လာရောက်ကုသမှုပေးသော ဆရာဝန်များကတော့ လိုင်စင်ကြေးပေးသွင်းရန်မလိုဟု သိရသည်။

လိုင်စင်ကြေးရှောင်ချင်သည်လား၊ အလွယ်လမ်းကို လိုက်လေသည်လားမသိ။ ပုဂ္ဂလိကဆေးရုံအချို့နှင့် ချိတ်ဆက်ပြီးလာသော ဆရာဝန်အချို့၊ ဆေးရုံ၊ ဆေးခန်းမမည်၊ ရုံးခန်းတွင် သူတို့၏ ဌာနေကိုယ်စားလှယ်နှင့် ချိတ်ဆက်ပြီး ဆေးကုသမည်မဟုတ်၊ တိုင်ပင်ဆွေးနွေး၊ ဆေးပေးရုံဟုအကြောင်းပြချက်ဖြင့် လိုင်စင်မလျှောက်၊ လိုင်စင်ကြေးမသွင်း၊ လူနာကြည့်ကြသူများလည်းရှိသည်ဟု သိနေရသည်။ အမှန်တော့ မြန်မာနိုင်ငံသား ဌာနေကိုယ်စားလှယ်များ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေဖြင့် စည်းနှင့်ကမ်းနှင့်လုပ်ကိုင်သောနိုင်ငံဂုဏ်၊ နိုင်ငံသားဂုဏ်တင့်မည်ဟု ထင်သည်။

နိုင်ငံတိုင်းတွင်လည်း သက်ဆိုင်ရာ ဆေးကောင်စီတွင် ကန့်သန်ဆေးကုသခွင့်လိုင်စင် လျှောက်ထားရသည်။ လိုင်စင်ခွင့်ပြုမှ ဆေးကုသခွင့်ရှိသည်။ လျှောက်ထားသူ၏ ဘွဲ့၊ ဒီဂရီ၊ ကျွမ်းကျင်မှု၊ သက်ဆိုင်ရာနိုင်ငံဆေးကောင်စီ၏ ထောက်ခံချက်စသည်တို့ကို အသေးစိတ် စိစစ်ရမည်ဖြစ်ရာ သုံးလမှ ခြောက်လထိကြာတတ်ကြသည်။ မြန်မာနိုင်ငံ ဆေးကောင်စီတွင်လည်း နှစ်လခန့်ကြာ လျှောက်ရသည်ဟုဆိုသည်။ တချို့မှာ လာခါနီးမှကပ်လျှောက်၊ လိုင်စင်မရခင် လာကု၊ ပြီးမှနောက်ပြန်တင်ရန် ကြိုးစားကြသည်များလည်းရှိသည်ဟု ထင်သည်။

နိုင်ငံတိုင်းတွင် ဆေးကုသမှုလိုင်စင်သည် အရေးကြီးသည်။ လိုင်စင်မရှိဘဲ မိမိနိုင်ငံသားကို မည်သူမျှ ဆေးကုသခွင့်၊ ခွဲစိတ်ခွင့်မရှိ၊ ကုန်ကုန်ပြောရလျှင် ကျန်းမာရေးဗဟုသုတဟောပြောပွဲပင် မပြုလုပ်ရ။ နိုင်ငံတကာတွင် အရေးတယူလုပ်၊ အချိန်ပေးလျှောက်၊ လိုင်စင်ရမှ ဆေးကုသမှုလုပ်ပေမယ့် မြန်မာနိုင်ငံတွင်တော့ တချို့ခပ်ပေ့ါပေ့ါ သဘောထားနေကြသည်။ လိုင်စင်မရှိ၊ မလျှောက်ဘဲကု၊ ခွဲ၊ ဆွေးနွေး၊ ဟောပြောအားလုံးလုပ်နေကြသူများလည်းရှိပုံရသည်။ အမှန်တကယ်တော့ ဆေးကောင်စီဥပဒေတွင်လိုင်စင်မရှိဘဲ မည်သူမျှဆေးကုသခွင့်မရှိ၊ လိုင်စင်မရှိဘဲကုသမှုလုပ်ရင် ငွေဒဏ်၊ ထောင်ဒဏ်နှစ်ရပ်ရှိပါသည်။

ယခုအချိန်တွင် နိုင်ငံတော်မှ အခွန်မျိုးစုံကို စနစ်တကျကြီးကြပ်ကောက်ခံနေသည်ကို သိရသည်။ ပုဂ္ဂလိကဆေးရုံများတွင် လာရောက်ကုသ၊ ခွဲစိတ်ပေးနေသော နိုင်ငံခြားသားဆရာဝန်များအတွက်လည်း ဝင်ငွေခွန်ကို စနစ်တကျကောက်သင့်သလို ပုဂ္ဂလိကဆေးရုံများကလည်း တာဝန်ရှိစွာ ပူးပေါင်းပါဝင်လျှင် သင့်မည်ထင်သည်။

နိုင်ငံခြားသားဆရာဝန်ဦးရေ နောင်ဒီထက်များဦးမည်။ မိမိနိုင်ငံသားများ၊ အရည်အသွေးမီကုသမှုရရန် နိုင်ငံခြားသားဆရာဝန်များ၏ ကန့်သတ်ဆေးကုသခွင့်လိုင်စင်အပါအဝင် ဆေးကုသခွင့်လိုင်စင်မျိုးစုံကို စနစ်တကျ၊ အချိန်မီ စစ်ဆေး၊ ခွင့်ပြုနိုင်ရန် မြန်မာနိုင်ငံဆေးကောင်စီ၏ စွမ်းဆောင်ရည်သည် အဘက်ဘက်မှ မြင့်နေရန်လိုအပ်သည်ဟု စာရေးသူထင်သည်။ ။

# စိန်ကျောက်များနှင့် ဇယ်တောက်ကစားခြင်း

**လှထွန်းဦး**

သတ္တဝါနှင့် တောတောင်၊ ရေ၊ မြေ၊ ဖြစ်ပျက်မှုအားလုံး၊ တစ်စုံတစ်ခုသော အကြောင်းအရာနှင့် သက်ဆိုင်သည့်နယ်ပယ်ကို လောကဟုလည်းကောင်း၊ လမ်းညွှန်ဆုံးမသောကျမ်းကို နီတိဟုလည်းကောင်း ပါဠိဝေါဟာရအဖြစ် မြန်မာအဘိဓာန်ကျမ်းတွင် ဖွင့်ဆိုထားသည်။ ထို့ကြောင့် လောကနီတိကို လူတို့၏အကျိုးစီးပွားကို ညွှန်ပြသောကျမ်းဟု ခေါ်ကြသည်။ လောကနီတိထဲမှာ ပညာရှိတို့၏ပြောစကားများက မှတ်သားနာယူဖွယ်ရာဖြစ်သလို စကားလုံးတစ်လုံးချင်းစီကလည်း လူပုံအလယ်မှာ စိန်ကျောက်လေးတွေအလား ကျက်သရေရှိလှသည်။ "ရတနာစိန်ကျောက် ဇယ်တောက်တမ်းကစားရအောင်လေ"ဆိုသည့် ကြော်ငြာမင်းသမီးထက်ထက်မိုးဦးရဲ့ စကားလုံးလေးတွေကို ကော်ပီလုပ်ပြီးပြောရရင် ကျွန်တော်လည်း လောကနီတိစိန်ကျောက်များကို မွှေနှောက်ကာ ဇယ်တောက်ပြီးကစားခဲ့ဖူးသည်။

ကျွန်တော် နိုင်ငံ့ဝန်ထမ်းဘဝ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတစ်ခုမှာ အလုပ်လုပ်နေစဉ်ကာလများက ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစတင်ပြီး နိုင်ငံပိုင်သတင်းစာများမှာ လောကနီတိကျမ်းကို စကားပြေသက်သက်ဖြင့် နေ့စဉ်ဖော်ပြခဲ့သည်။ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ဗိုလ်ချုပ်ကြည်အောင်။ သူက စာပေသမား၊ ကဗျာသမားမို့ ကြည်အောင်(ကေတုမတီ)ဆိုသော သူ့ကလောင်အမည်က သူ့ရာထူးဂုဏ်ဒြပ်တွေကို လွှမ်းမိုးကျန်ရစ်ခဲ့သည်မှာ ယခုထိတိုင်ဖြစ်သည်။ ဝန်ကြီးတာဝန်ယူစဉ်ကာလမှာ ကျွန်တော်တာဝန်ကျရာဌာနကို ပြည်သူတွေနဲ့တိုက်ရိုက်ထိတွေ့ဆက်ဆံစေသည်။ ပြခန်းတွေ၊ ပြပွဲတွေနဲ့ နိုင်ငံတော်ရဲ့ တည်ဆောက်ပြုပြင်၊ ဖွံ့ဖြိုးမှုမှတ်တမ်းတွေကို ပြည်သူတွေကြားထိတွေ့စေသည်။ ကျွန်တော်တို့သည်လည်း အထက်အကြီးအကဲများ၏ တာဝန်ပေးမှုတွေကြားမှာ တိုက်ပွဲဝင်စည်းရုံးရေးကို အတော်အသင့်ကျွမ်းကျင်ခဲ့ကြလေပြီ။

သူ့လက်ထက်မှာ မှတ်မှတ်ရရအဖြစ်ဆုံးကတော့ လူငယ်လူရွယ်တို့အကြား၊ စာဖတ်ပရိသတ်အကြား အလွယ်တကူ ဖတ်ရှုနားလည်သဘောပေါက်လွယ်အောင် နေ့စဉ်ထုတ်သတင်းစာတွေမှာ ဖော်ပြခဲ့သည့် လောကနီတိ ကဝိစကားတွေကို ပြန်ကြားရေးဝန်ကြီးဌာန စာပြုအဖွဲ့က (မြန်မာ၊ အင်္ဂလိပ်ပြုစုထားသော) လောကနီတိအမည်ဖြင့် ကျမ်းစာတစ်အုပ် ကျန်ရစ်ခဲ့ခြင်းပင်ဖြစ်သည်။

လောကနီတိက မင်းတို့၏ဂုဏ်ဒြပ်ကိုလည်း ဖော်ပြသည်။ မိတ်ဆွေစစ်တို့၏ အရည်အချင်းကိုလည်း ညွှန်းဆိုသည်။ ဥစ္စာစီးပွားရှာဖို့၊ ပညာရှာဖို့ကို လမ်းညွှန်သည်။ သူတော်ကောင်း၊ ပညာရှိသူမိုက်တို့၏ လက္ခဏာတွေကိုလည်း ထင်ဟပ်ပြသည်။ ဣတ္ထိယတို့၏ပုံရိပ်တို့လည်း မြင်သာအောင်ပြဆိုထားသည်ကိုတွေ့ရသည်။ ပျင်းရိသောသူတစ်ယောက်အဖို့ အတတ်ပညာရရှိဖို့ ဝေးကွာနေမည်မှာ သေချာသည်။ ထိုအတတ်ပညာမရှိသူအတွက် ဥစ္စာစီးပွားရှာရနိုင်ပါမည်လား။ ဥစ္စာစီးပွားမရှိသူအဖို့ အဆွေခင်ပွန်းကောင်းတို့မရနိုင်မှာ သေချာသည်။ အဆွေခင်ပွန်းကောင်းမရှိမှတော့ ပျော်ရွှင်ချမ်းမြေ့စရာတွေ ဆိတ်သုဉ်းနေတော့မည်။

ချမ်းသာသုခမရှိသူတစ်ယောက်အဖို့ ကောင်းမှုကုသိုလ်တွေရယူဖို့ ခက်ခဲတော့မည်။ ထိုကောင်းမှုကုသိုလ်မရှိသူတစ်ယောက်အတွက် နိဗ္ဗာန်သည်လည်း ဝေးသည်ထက်ဝေးကွာသွားတော့သည်။ ထို့ကြောင့်ပင် ဤလောက၌ အတတ်ပညာနှင့်တူသော ဥစ္စာသည်မရှိဟုဆိုကြသည်။ ပညာလိုလားသူအဖို့ ပညာရှိပုဂ္ဂိုလ်ထံ အရောက်သွားပြီး ပညာကိုကြိုးစား၍ ဆည်းပူးသင်ယူဖို့ လောကနီတိက ညွှန်းဆိုခဲ့လေသည်။

ရှေးကတော့ ပညာသင်ယူကြသောအခါ ယောကျ်ားလေးတွေဆို အဌာရသ (၁၈)ရပ်တတ်ဖို့ သျှင်ဒိသာပါမောက္ခ ဘွဲ့အမည်ရရှိထားတဲ့ တက္ကသိုလ်က ပုဂ္ဂိုလ်ကြီးတွေထံ ဝေးလံသောအရပ်တွေကျော်ဖြတ်ကာ နှစ်နှင့်ချီ၍နေပြီး ပညာသင်ယူကြရသည်။ အခက်အခဲတွေမဖြစ်ဖို့၊ ဘေးမသီရန်မခဖို့၊ ပညာသင်ရန်နေ့ကောင်းရက်မြတ်တွေ ရွေးကြလေတော့သည်။ ကြာသပတေးနေ့မှာ အတတ်ပညာစ၍သင်ရင်ပြီးစီး၏။ တနင်္ဂနွေနေ့၊ သောကြာနေ့မျိုးစသင်ရင် လျစ်လျူရှုမှုရှိ၏။ ဗုဒ္ဓဟူးနေ့နှင့် တနင်္လာနေ့တွေမှာသင်ရင် အတတ်ပညာမရဟုဆို၏။ အင်္ဂါနှင့်စနေနေ့တွေမှာစသင်ရင် ပျက်စီးတတ်၏ဟု သတ်မှတ်ကြသည်။ မည်သို့ဆိုစေ ကြာသပတေးနေ့မှာ အတတ်ပညာ စသင်ခြင်းနှင့် ကျောင်းအပ်ခြင်း၊ ကျောင်းတက်ခြင်းတွေက ယနေ့ခေတ်ထိတိုင် ကျန်ရစ်ဆဲဖြစ်သည်။ သစ်ပင်သစ်ရိပ်တို့ရဲ့ အရိပ်က အေးမြနေသည်။ ထို့ထက် ဆွေမျိုး မိဘအရိပ်က ပိုပြီးအေးချမ်းသည်။ ထို့ထက် ဆရာသမားတို့အရိပ်က ပို၍ အေးချမ်းသည်။ မည်သို့ဆိုစေ အရိပ်အားလုံးထက် ဗုဒ္ဓရဲ့အရိပ်က အဆများစွာ သာလွန်အေးချမ်းတာ အချိန်တွေ ဖြတ်သန်းရင်းသိလာရသည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသလို ဆေးပင်၊ ဆေးရွက်တို့သည် တော၌ဖြစ်လျက် အကျိုးကိုဖြစ်စေနိုင်သော်၏လည်း အနာသည် မိမိကိုယ်၌ဖြစ်လျက်၊ မိမိအကျိုးကို မရွက်ဆောင်နိုင်ခြင်းကို သတိချပ်သင့်သည်။ မျက်ကွယ်မှာ သူ့ကျေးဇူးကို ချေဖျက်တတ်ပြီး ရှေ့မှာချိုသာတဲ့စကားတွေကို ဆိုတတ်သူကိုကား အဆိပ်အိုးမှ ပျားရည်ကို ရှောင်ကြဉ်သလို ရှောင်ဖို့လိုသည်။

> **နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသလို ဆေးပင်၊ ဆေးရွက်တို့သည် တော၌ဖြစ်လျက် အကျိုးကိုဖြစ်စေနိုင်သော်လည်း အနာသည် မိမိကိုယ်၌ဖြစ်လျက်၊ မိမိအကျိုးကို မရွက်ဆောင်နိုင်ခြင်းကို သတိချပ်သင့်သည်။ မျက်ကွယ်မှာ သူ့ကျေးဇူးကို ချေဖျက်တတ်ပြီး ရှေ့မှာချိုသာတဲ့စကားတွေကို ဆိုတတ်သူကိုကား အဆိပ်အိုးမှ ပျားရည်ကို ရှောင်ကြဉ်သလို ရှောင်ဖို့လိုသည်။**

ချိုချိုသာသာစကားဆိုတတ်သူ တစ်ယောက်အဖို့ မိတ်ဆွေတို့ပေါများနေမှာသေချာသည်။ ကြမ်းတမ်းရိုင်းပျစွာ စကားဆိုတတ်သူအတွက် မိတ်ဆွေတွေနည်းပါးလျော့နည်းလာသည်။ ကောင်းကင်ထက်မှ အေးမြသောလမင်းကိုကြည့်မိတိုင်း ကြယ်တာရာအခြံအရံများစွာရှိသော်လည်း ပူပြင်းနေမင်းကို အခြံအရံကင်းမဲ့စွာတွေ့ရသည်မှာ လောကထဲက အထီးကျန်အလွမ်းကိုခံစားမိသည်။

လောကထဲမှာနေကြသူမည်သူမဆို မိမိအတွက်အကျိုးမပြုသည့် အရပ်ဒေသကို ရှောင်ကြဉ်ဖို့လိုသည်။ သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အကျိုးဖြစ်ထွန်းမည့်အရပ်ဒေသကို ရှာဖွေသင့်သည်။ သို့သော် နေရာသစ်မှာ အကျိုးဖြစ်မဖြစ်၊ တွက်စစ်သေချာမလေ့လာမစူးစမ်းဘဲနဲ့တော့ နေရာဟောင်းကို မစွန့်ခွာသင့်ပေ။ မြတ်နိုးသူမရှိသောအရပ်၊ ချစ်ခင်သူမရှိသောအရပ်၊ အဆွေခင်ပွန်းမရှိသောအရပ်၊ အတတ်ပညာသင်ကြားပေးသူမရှိသော အရပ်တွေမှာ တစ်နေ့တစ်ရက်မှ မနေသင့်တာသေချာသည်။ ချိုးငှက်တို့ပျံသန်းခွင့်မရသည့် ဒေသအချို့မှာ ယမ်းငွေ့တွေဝေနေသည်။ အချစ်နှင့်စစ်ညွှန်းဆိုရာကို ညီတွေးပြောသူတွေက မတရားတာမရှိဟုဆိုသည်။ ထိုစစ်မြေပြင်မှာ ရဲရင့်သူကို သာအလိုရှိကြသည်။ လျှို့ဝှက်သောကိစ္စရပ်တို့မှာလည်း နှုတ်လုံသူတစ်ဦး အတွက်နေရာရှိနေသည်။ ကျွန်တော်ကတော့ စားကောင်းသောက်ဖွယ်တွေ ထိုင်စားနေချိန်မှာ စကားပြောဖော်တစ်ဦးလိုနေသလိုခံစားမိသည်။ ကိုယ့်အခက်အခဲ အရေးကိစ္စတွေကြုံတွေ့ချိန်မှာ အတွေ့အကြုံရင့်ကျက်သူ၊ ဖေးမစကားဖြင့် ကူညီနိုင်သူကိုသာလိုချင်ကြတာ ဓမ္မတာဖြစ်သည်။ ပညာရှိတို့မှာ ကျရောက်လတ္တံ့သော ဘေးကိုတွေ့မြင်လျှင် အဝေးကပင်ရှောင်တတ်သည်။ သို့သော် ရင်ဆိုင်ကြုံတွေ့ရသော ဘေးတွေကို အကြောက်အရွံ့မရှိ ရဲရင့်စွာရင်ဆိုင်ဖြေရှင်းကြသည်။

မိုးကောင်းကင်ထက်ဆီမှာ ငှက်တို့တောင်ပံအစုံဖြန့်ကာ ပျံသန်းနေသည်ကို မြင်နေရသည်။ သူတို့၏ဘဝအတွက် အားထားရာက ကောင်းကင်ပြင်ကြီး။ ငါးတို့သည်လည်း ရေမှာလွတ်လပ်စွာ ကူးခတ်နေကြသည်။ သူတို့၏အားထားရာနေရာကား ရေပြင်ကြယ်ကြီး။ တစ်ခုသောအရပ်ဒေသမှာလည်း ဆင်းရဲသားတို့ဘဝရပ်တည်ရေးအတွက် ပြည့်ရှင်မင်းကို အားကိုးနေကြလေပြီ။ သို့သော် ကလေးငယ်တစ်ယောက် ငိုကြွေးနေသည်က သူ့ရဲ့အားပင်ဖြစ်တော့သည်။

ဘုရင်တစ်ပါးနှင့် သူ့၏ပြည်သူတွေအပြန်အလှန်ဖေးမစကားလေးတစ်ခွန်းက မမှတ်ထားပေမယ့် မှတ်မိနေဆဲဖြစ်သည်။ ဘုရင်ကြီးနဲ့ ဆင်းရဲသားပြည်သူတွေကို ရင်ကြားစေ့ပေးနိုင်ခဲ့တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ဟု ဆိုချင်သည်။ ဘုရင်ကြီးနှစ်ရှည်လများ ခံစားနေရတဲ့ ခေါင်းကိုက်ဝေဒနာကို မကုနိုင်လို့ နန်းတွင်းသမားတော်တွေလည်း လက်မြှောက်ပြီးမှိုင်၊ တိုင်းတစ်ပါးက ဆေးဆရာတွေလည်း လက်စွမ်းမပြနိုင်၊ ဆွေးစွမ်းမဲ့ကာ၊ နွယ်မြက်သစ်ပင်တို့လည်း ညှိုးနွမ်းနေခဲ့ပြီဖြစ်သည်။

ဒီတော့ ပညာရှိအမတ်တစ်ပါးက မဝံ့မရဲအကြံပေးရှာသည်။ ဘုရင်ကြီး၏ခေါင်းကိုက်ဝေဒနာက ပြည်သူတွေဆီက မေတ္တာတွေရရင် ပျောက်ကင်းမယ်ဟုဆိုသည်။ ငယ်စဉ်အခါတုန်းက ဇာတ်ပွဲကြည့်ခဲ့စဉ် "မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်တော့ရှိပါတယ်အချစ်ရယ်" ဆိုသည့် ပြဇာတ်မင်းသားတစ်ဦးရဲ့ စကားသံလေးနဲ့ စင်ပေါ်ကပြာလဲ့လဲ့ မီးရောင်လေးကို သတိရမိသည်။

အဲဒီနောက် အတွေ့အကြုံရင့်ကျက်သည့် ပညာရှိအမတ်ရဲ့ အကြံပေးမှုကို ဘုရင်ကြီးလက်ခံရတော့သည်။ ဆင်းရဲသားပြည်သူတွေဆီကို ဘုရင့်ဘဏ္ဍာတိုက်ကနေ တစ်အိမ်လျှင် အသပြာထောင်ထုပ်တစ်ထုပ်ကျစီ စွန့်ကြဲသည်။ ပြည်သူတွေကို ဆင်းရဲတွင်းက ဆွဲထုတ်လိုက်ပုံရသည်။ ဒါပေမယ့် ဒီအသပြာထောင်ထုပ်တွေကို ဘုရင်ကြီးနတ်ရွာစံတဲ့အချိန်ကျမှ ပြန်ပေးဖို့သတ်မှတ်ခဲ့သည်။ ပြည်သူတွေ၏မျက်နှာတွေ ကောင်းကင်ကလမင်းကြီးလို ဝင်းပသွားသလို တစ်ပြည်လုံးဆီမှ အလင်းပြန်လာတဲ့ မေတ္တာရောင်ခြည်တွေ ဘုရင်ကြီးထံ ရိုက်ခတ်သွားပြီဖြစ်သည်။

ပြည်သူတစ်ဦးချင်းဆီက လှိုက်လှဲသောမေတ္တာများဖြင့် "ဘုရင်ကြီး ကျန်းမာချမ်းသာပါစေ" ဆိုတဲ့ အသံများသည် မည်သူ၏အမိန့်အာဏာထုတ်ပြန်ချက် တစ်စုံတစ်ရာမပါဘဲ တူညီစွာထွက်ပေါ်လာကြသည်။ ဘဏ္ဍာစိုးတွေ၊ ရဲမက်တွေ နန်းတော်ထဲတောင်ပြန်မရောက်သေး။ ဘုရင်ကြီးလိုအပ်နေသော ပြည်သူတွေ၏မေတ္တာက သူ့နှလုံးသားကိုဦးတည်ကာ အရင်ဦးစွာရောက်ရှိလာလေတော့သည်။

လူသားအချင်းချင်း မေတ္တာတရား၏ ထိရှမှုလေးတွေက အမှတ်ရစရာတစ်ခုဖြစ်ခဲ့သည်။ ဆယ်ကျော်သက်အရွယ်တုန်းက ကျွန်တော်ခေါင်းကိုက်ကိုယ်လက်မအီမသာဖြစ်သောအခါ ဘုရင်ကြီးနှင့်သူ့ပြည်သူတွေ၏ ဇာတ်လမ်းလေးကို သတိရမိသည်။ သစ်ရွက်ကလေးတွေလှုပ်တာကို ရယ်ချင်တတ်သည့်အရွယ်မှာ ဘုရင်ကြီးကိုအကြောင်းပြုပြီး တစ်စုံတစ်ယောက်နှင့် ကျွန်တော် စွယ်တော်ရွက်လေးတစ်ရွက် ဖြစ်ခဲ့ဖူးသည်။ ခေါင်းကိုက်တိုင်း တစ်စုံတစ်ယောက်ဆီကပြောလာသည့် စိုးရိမ်ပူပန်မှုလေးတွေက ကျွန်တော့်ဝေဒနာတို့ လွင့်ပါးသွားစေသည်။ ကျွန်တော်နေထိုင်မကောင်းသည့်အခါ သူ့ထံမှ မေတ္တာတရားတို့က အနီးဆုံးနှင့်အမြန်ဆုံး ရောက်လာတတ်သည်။ မေတ္တာလွှမ်းခြုံကာ အသက်ရှင်ခြင်းက တန်ဖိုးရှိသလိုခံစားမိသည်။ မည်သို့ဆိုစေ မျှော်လင့်ခြင်းက လူသားအားလုံးအတွက် အသက်ကိုပိုရှည်စေသည်မှာ သေချာသည်။ ။

## မအီမြို့တွင် (၂၄)နာရီ လျှပ်စစ်မီးရရှိ

**မအီ ဇွန် ၁၄**

ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့တွင် မဟာဓာတ်အားလိုင်းမှ ဇွန် ၁၂ ရက် ညနေ ၄နာရီမှစတင်ပြီး ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ရွှေတောင်လျှပ်စစ်စီမံကိန်းမန်နေဂျာရုံးမှ 66 KV တောင်ကုတ်ဓာတ်အားလိုင်းမှတစ်ဆင့် မအီမြို့သို့ ဇွန် ၁၁ ရက် နံနက် ၁၁ နာရီတွင် စမ်းသပ်လွှတ်ပေးခဲ့ကြောင်း သိရသည်။

သံတွဲခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်က "မအီမြို့မှာ 66 KV တောင်ကုတ်-မအီဓာတ်အားလိုင်း မိုင် ၄၀ ရှိ 66/11KV SMVA ဓာတ်အားခွဲစက်ရုံတစ်ခုတည်ဆောက်ခဲ့ပြီး ဇွန် ၁၂ ရက် ညနေပိုင်းက မအီမြို့ပေါ်သို့ ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ယခင်က မအီမြို့မှာ ဒီဇယ်ဓာတ်အားပေးစက်နဲ့ တစ်ရက် လေးနာရီသာ ဓာတ်အားရရှိခဲ့ရာမှ ယခုအခါ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ ဓာတ်အားရရှိပြီးဖြစ်လို့ ပြည်သူတွေ ဝမ်းမြောက်ဝမ်းသာရှိနေကြပါတယ်"ဟု ပြောသည်။

မအီဓာတ်အားခွဲစက်ရုံ 66/11KV SMVA ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် တည်ဆောက်ခဲ့၍ ယခုနှစ် မတ် ၁၃ ရက်တွင် ပြီးစီးခဲ့ပြီး ဇွန် ၁၂ ရက်တွင် မအီမြို့ပေါ် ရပ်ကွက်လေးခုသို့ ဓာတ်အား ဖြန့်ဖြူးပေးခဲ့သည်။ ဆက်လက်ပြီး မအီမြို့ပေါ် ရပ်ကွက်လေးခုရှိ လိုင်းတာဝန်ခံ ဦးထွန်းထွန်းနိုင်နှင့် တွေ့ဆုံရာတွင် "လက်ရှိရပ်ကွက်အားလုံးကို မြို့နယ်လျှပ်စစ်မှူးနှင့်အတူ ၂၄ နာရီ မီးရရှိရေးအတွက် ထရန်စဖော်မာတွေ ရပ်ကွက်အလိုက် လိုင်းခွဲခြားတာတွေကို လိုအပ်သော လိုင်းသုံးလိုင်း ညီမျှစွာဖြစ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်"ဟု ပြောသည်။

မအီမြို့ပေါ်ရှိ ရပ်ကွက်လေးခုစလုံးတွင် အိမ်ခြေပေါင်း ၉၂၅ အိမ်ရှိပြီး လက်ရှိမီတာအလုံးပေါင်း ၅၉၇ လုံးရှိနေ၍ မြို့ပေါ်တွင် ထရန်စဖော်မာ 200 KVA လေးလုံးနှင့် 160 KVA နှစ်လုံးတပ်ဆင်ပေးထားပြီး လက်ရှိ ဓာတ်အားစနစ်ဖြင့်ပေးနေ၍ ပြည်သူများ အဆင်ပြေလျက်ရှိသည်။

"၂၄ နာရီ ဓာတ်အားစနစ် မရောက်ရှိမီ ပထမပတ်အတွင်းမှာ ဌာနဆိုင်ရာတွေအပါအဝင် အဖွဲ့အစည်းအသီးသီးက လူတွေကို ဖိတ်ခေါ်ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ မကြာမီအချိန်တွင်လည်း မအီမြို့နှင့် အနီးအနားရှိ ကျေးရွာများသို့ ဓာတ်အားစနစ် ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။ ယခုလက်ရှိရရှိတဲ့ မအီမြို့ဓာတ်အားစနစ်မှာလည်း ရခိုင်ပြည်နယ်၏ ဒုတိယအကြိမ် ပထမဦးဆုံးရရှိသော မြို့ဖြစ်ပါတယ်"ဟု မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးက ရှင်းပြသည်။

မအီမြို့၏ တည်နေရာမှာ ရန်ကုန်-ကျောက်ဖြူ ပြည်ထောင်စုအဝေးပြေး ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လျက်ရှိကြောင်း သိရသည်။

(၅၂၂)



ပြည်တွင်းရေးရာ

# တရားလွှတ်တော်ရှေ့နေများကောင်စီအနေဖြင့် အတွေးသစ်အမြင်သစ်များဖြင့် ဆောင်ရွက် Bar Council Act ကို ခေတ်နှင့်လျော်ညီစေရေး ဝိုင်းဝန်းစဉ်းစားစေလို

**နေပြည်တော် ဇွန် ၁၄**

တရားလွှတ်တော် ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် တရားလွှတ်တော်ရှေ့နေများကောင်စီတွင် အဖွဲ့ဝင်အချို့သည် အခြားတာဝန်များ ပြောင်းလဲထမ်းဆောင်ရသဖြင့် အဖွဲ့ဝင်အသစ်များဖြင့် ဖြည့်စွက်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုကာလတွင် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူများအား ဥပဒေဆိုင်ရာ အထောက်အကူများ ပေးရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ တရားလွှတ်တော် ရှေ့နေများ ကောင်စီအနေဖြင့်လည်း အတွေးသစ် အမြင်သစ်များဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရှေ့နေများ၏ ပညာရပ်ဆိုင်ရာများ တိုးတက်ရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အညီနေထိုင်ရေးနှင့် ကျင့်ဝတ်သိက္ခာ မြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ Bar Council Act ကို ခေတ်နှင့်လျော်ညီသည့် ဥပဒေတစ်ရပ်ဖြစ်လာစေရေးနှင့် တရားလွှတ်တော် ရှေ့နေများကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုသွက်လက် မြန်ဆန်လာစေရေး အတွက် ဝိုင်းဝန်းစဉ်းစား အကြံပြုကြစေလိုပါကြောင်း၊ တရားလွှတ်တော် ရှေ့နေများ ကောင်စီ၏လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ပုံမှန် အစည်းအဝေးများကို သုံးလလျှင် တစ်ကြိမ်ခန့် ကျင်းပသွားလိုပါ



ကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံတွင် ယနေ့အထိ တရားလွှတ်တော်ရှေ့နေ စုစုပေါင်း ၁၀၈၈၇ ဦးရှိပြီး ယခုအစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းရန် လျှောက်လွှာ ၆၁၁ စောင်ရရှိသည့်အနက် ၆၀၈ ဦးကို စိစစ်အတည်ပြုထောက်ခံပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



ဇွန် ၁၄ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနား တက်ရောက်လာသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီးဒေါ်နန်းခမ်းမိုင်တို့ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Sergey I. LIZOGUB ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ဆုံးရှုံးပျက်စီးမှုများမှအကာအကွယ်ပေးနိုင်ရေး အာမခံလုပ်ငန်းများတိုးမြှင့်ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၄**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ (၃) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၁၃ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပရာ**(အောက်ပုံ)** နိုင်ငံဖွံ့ဖြိုးရေးတွင် ဆုံးရှုံးပျက်စီးမှုများကိုအကာအကွယ်ပေးနိုင်ရေးအတွက် အာမခံလုပ်ငန်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားတွင် IKBZ ၏ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ၏ အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ဆုံးရှုံးပျက်စီးမှုများကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဘဏ္ဍာရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာနိုင်စေရေးတွင် အဆင်ပြေချောမွေ့စေရန် အာမခံရုံးခွဲများကို မြန်မာနိုင်ငံအနှံ့အပြားဖွင့်လှစ်ပေးခဲ့သည်မှာ ၁၄ ခု ရှိခဲ့ပြီဖြစ်ပြီး မကြာမီကာလတွင်လည်း နိုင်ငံ၏အချက်အချာကျသောမြို့များ၌ ရုံးခွဲများထပ်မံ တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ထားပါကြောင်း၊ လက်ရှိဝန်ဆောင်ပေးလျက်ရှိသော အာမခံအမျိုးအစားများအပြင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အာမခံအမျိုးအစားသစ်များကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီကာလတွင် အွန်လိုင်းအာမခံစနစ်ဖြင့် အဆင်ပြေစေရန် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ခွင့်ပြုခဲ့သည့် ပုဂ္ဂလိကအာမခံလုပ်ငန်းကာလတို သုံးနှစ်အတွင်း ရုံးခွဲအများဆုံး မြန်ဆန်စွာ တိုးတက်အောင်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ထိုကဲ့သို့ စွမ်းဆောင်နိုင်မှုများကြောင့် အင်္ဂလန်အခြေစိုက် World Finance အဖွဲ့အစည်းကြီးက ပေးအပ်ချီးမြှင့်သော Global Insurance Awards အနေဖြင့် Best Life and Non-Life Insurance Company in Myanmar - 2015 ဆုကိုလည်းရရှိခဲ့ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ IKBZ အာမခံလုပ်ငန်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များ၊ အမှုဆောင်ကော်မတီဝင်များ၊ ကမ္ဘောဇကုမ္ပဏီများအုပ်စုဝင်ကုမ္ပဏီအသီးသီးမှအရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဌာနခွဲအသီးသီးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝဝဝ)**





ကွယ်လွန်သူ ဦးမြင့် ကိုးနှစ်ပြည့်အားရည်စူး၍ ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ်(၄၈) နေ ဒေါ်သန်းသန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) သို့ ထာဝရဘက်စုံ နဝကမ္မ ငွေပဒေသာပင် ကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (ကြေးမုံ)

### ❖ တပ်မတော်မှ

ရဟတ်ယာဉ်ပေါ်ပါ ရဟတ်ယာဉ်မှူး ဗိုလ်မှူးတစ်ဦး၊ တွဲဖက်ရဟတ်ယာဉ်မှူး ဗိုလ်ကြီးတစ်ဦး၊ ရဟတ်ယာဉ်အဖွဲ့သား တပ်ကြပ်ကြီးတစ်ဦး စုစုပေါင်း သုံးဦးမှာ ရဟတ်ယာဉ် ပျက်ကျသည့်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျနေရာသို့ တပ်မတော်မှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ကြပြီး ရဟတ်ယာဉ်ပျက်ကျမှုအခြေအနေကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖာပွန်မြို့၌ တရားရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ဖာပွန် ဇွန် ၁၄**

ကရင်ပြည်နယ် ဖာပွန်မြို့၌ ကရင်ပြည်နယ် တရားလွှတ်တော်၏ ကြီးကြပ်မှုဖြင့် ဖာပွန်ခရိုင် တရားရုံးက ဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ နံနက်ပိုင်းက ဖာပွန်ခရိုင်တရားရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်တရားသူကြီး ဦးဌေးဝင်းက တရားရုံး စာရေးဝန်ထမ်းများအနေဖြင့် တရားရုံး၏ လုပ်ငန်းတာဝန်များ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးမှ ဝန်ထမ်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအပြီးတွင် မိုးရာသီသစ်ပင်စိုက်ပွဲ ဆက်လက်ပြုလုပ်ရာ ဖာပွန်ခရိုင်နှင့်မြို့နယ် တရားရုံးဝင်းနှင့် ဝန်ထမ်းအိမ်ရာဝင်းအတွင်းတွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။ **သိန်းစိုးမြင့်(ပြန်/ဆက်)**

# ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ရေးဟောပြော

**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၆) နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်စိုးလွင်နှင့်အဖွဲ့က သီရိဟေမာ အနောက်ရပ်ကွက်(၂၃၃)ကွက်ရှိ အောင်ချမ်းသာဓမ္မာရုံတွင် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆိုင်ရာ ဟောပြောမှုကို ဆောင်ရွက်ခဲ့ရာ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### ❒ ကျောဖုံးမှ

လက်ရှိကာလ တောင်သမန်အင်းအတွင်း ရေနည်းချိန်တွင် ဦးပိန်တံတားသို့ လာရောက်သူများမှာ ငှက်လှေစီးမှုနည်းပါးပြီး တံတားနောက်ခံဖြင့်အမှတ်တရပုံများ ရိုက်ကူးမှုကိုသာ အားထားလာသည်။

ယခုအခါကမ္ဘာကျော်သစ်သားတံတားကို ရှေးမူမပျက်ပြင်ဆင်ခြင်းများပြုလုပ်နေသည်ကို ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူတိုင်း စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။ **(တိမ်တမန်)**

ဥတုရာသီ တောကိုမှီ၏

## ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုများနှင့် ကန့်ကွက်လွှာအမှုများ ဆက်လက်စစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ(၁၀၀)အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၂/ ၂၀၁၆)လျှောက်ထားသူ ဦးစိုးစိုး(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးမောင်မောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က) နှင့်နည်းဥပဒေ (၁၀၀) အရတင်သွင်းလာသည့်ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၃/ ၂၀၁၆)လျှောက်ထားသူ ဦးစန်းမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးသိန်းဟန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)တို့၏ အမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်နှင့် ဦးထွန်းခင်တို့ပါဝင်သည့် ခုံရုံးက ဇွန် ၁၄ ရက်တွင် ရုံးထိုင်ကြားနာစစ်ဆေးခဲ့သည်။

ထိုသို့ရုံးထိုင်ကြားနာစစ်ဆေးခဲ့ရာတွင် လျှောက်ထားသူဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ချိုက ပြင်ဆင်မှုအစား အယူခံအဖြစ် ပြောင်းလဲစစ်ဆေးပေးရန် လျှောက်ထားတင်ပြချက်အပေါ် ခုံရုံးကလက်ခံခဲ့ပြီး ဇူလိုင် ၈ ရက်တွင် စုံညီခုံရုံးဖြင့် ရုံးထိုင်ကြားနာစစ်ဆေးမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ရွေးကောက်ပွဲခုံအဖွဲ့(၂) ဥက္ကဋ္ဌ ဦးစိုးရယ်ဦးဆောင်သည့်ခုံအဖွဲ့က ကန့်ကွက်လွှာ အမှုအမှတ်(၂၉) လျှောက်ထားသူ ဦးမောင်မောင်ဖြူ(ရခိုင်အမျိုးသားပါတီ)၊ လျှောက်ထားခံရသူ ဦးဝင်းနိုင်(အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ)အမှုကို ဆက်လက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးခဲ့ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့က လျှောက်ထားခံရသူဦးဝင်းနိုင်သည်သာ ခိုင်လုံမဲ အများဆုံးဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၌ ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက် ရက်စွဲပါ ကြေညာချက်အမှတ်(၄၂/ ၂၀၁၅)အရ အတည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့ပြီး လျှောက်ထားသူ တောင်းဆိုသည့် သက်သာခွင့်ရထိုက်မှုမရှိကြောင်း၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်က ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ရွေးကောက်ပွဲခုံအဖွဲ့က လျှောက်ထားသူ၏ ကန့်ကွက်လျှောက်ထားမှုကို တရားစရိတ်နှင့်တကွ ပယ်သည့် အမိန့်ကို ချမှတ်ခဲ့သည့်အပြင် တရားစရိတ်ငွေကျပ် နှစ်သိန်းကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ပေးစေရန်လည်း ယမန်နေ့က ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရသည်။

ရွေးကောက်ပွဲခုံအဖွဲ့(၄)ဥက္ကဋ္ဌ ဦးလှတင် ဦးဆောင်သည့်ခုံအဖွဲ့သည် မေ ၂၆ ရက်က ကန့်ကွက်လွှာ အမှုအမှတ်(၄၂) လျှောက်ထားသူ ဦးစိုးစိုး(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးမောင်မောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ကန့်ကွက်လွှာအမှုအမှတ်(၄၄) လျှောက်ထားသူ ဦးစန်းမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးသိန်းဟန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အမှုတွင် လျှောက်ထားခံရသူများဘက်မှ တရားမကျင့်ထုံးဥပဒေအမိန့်(၉)နည်းဥပဒေ(၉)(၁)အရ မရားမကျင့်ထုံးဥပဒေအမိန့်(၉)နည်းဥပဒေ(၈)အရ ပလပ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့သည်။

ယင်းသို့လျှောက်ထားခဲ့ရာတွင် လျှောက်ထားသူများဘက်မှ ရုံးသို့အချိန်မီ လာရောက်ရန်ပျက်ကွက်ခြင်းသည် လုံလောက်သည့် အကြောင်းများမတွေ့ရသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့်(၉)နည်းဥပဒေ(၉)အရ လျှောက်ထားချက်အား ပယ်ဖျက်ကြောင်း ကြားဖြတ်အမိန့်ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူများက သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ(၁၀၀) အရ ပြင်ဆင်မှုလျှောက်ထားခဲ့ရာ မေ ၃၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံပြီး လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးထွန်းခင်တို့ပါဝင်သည့် ခုံရုံးဖြင့် ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း ဇွန် ၃ ရက်က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မင်းပြားမြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးရွာများအရောက် ကွင်းဆင်းကုသပညာပေး

**မင်းပြား ဇွန် ၁၄**

ရခိုင်ပြည်နယ်မင်းပြားမြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးဆောင်၍ မင်းပြားမြို့နယ်ရှိ ကျေးလက်ဒေသများအရောက် မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ကွင်းဆင်းကုသခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မိုးရာသီတွင် ကျွဲ၊ နွားများတွင် အဖြစ်များသော ပေါင်ပုပ်၊ လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါများအပြင် ပိုးသန်ကောင်ရောဂါ၊ ဝဲရောဂါနှင့် သားလျှောခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်ခြင်းများကို စစ်ဆေးကုသပေးလျက်ရှိသည်။

"ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ စစ်ဆေးခြင်း၊ ကုသပေးခြင်းနဲ့ ပညာပေးခြင်း လုပ်ငန်းများအပြင် ကျွဲ၊ နွားတွေကို မေထုန်မဲ့ သားစပ်ခြင်းနဲ့ သဘာဝအတိုင်း သားစပ်ခြင်း လုပ်ငန်းတွေကို ပြုလုပ်ပေးနေပါတယ်။ မေထုန်မဲ့နဲ့ သဘာဝ သားစပ်ကိုတော့ အကောင် ၂၀ ကျော်ပြီးစီးခဲ့ပါတယ်။ အောင်မြင်မှုအနေနဲ့ကတော့ ၈၅ ရာခိုင်နှုန်းရှိပါတယ်။ မွေးမြူသူတွေရဲ့ စိတ်ဝင်စားမှုနဲ့လည်း သက်ဆိုင်နေပါတယ်"ဟု မင်းပြားမြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာ သန့်ဇော်ထွေးက ရှင်းပြသည်။

တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူရေးနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ သက်ဆိုင်ရာဝန်ထမ်းများနှင့် အခြားလူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်သင်ကြားခဲ့ကြပြီး ရက် ၁၀၀ အတွင်း သင်တန်းပေါင်း ၂၂ ကြိမ်ခန့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း - အောင်ကျော်ဦး**
**ဓာတ်ပုံ - နေသစ်ဦး**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန် ၁ ရက်မှ ၁၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အောင်သင်း | ပညာသာလျှင်သစ်လွင်အတွေးဆောင်းပါးများ | ၁၅၀၀ိ/- | ဇွန်ပွင့် |
| ၂ | အောင်သင်း | မင်္ဂလာသြဝါဒ စကား | ၁၀၀၀ိ/- | ဇွန်ပွင့် |
| ၃ | ဟိန်းလတ် | မြန်မာ့ကင်းထောက်လက်စွဲ | ၂၅၀၀ိ/- | မဇ္ဈိမ |
| ၄ | သန်းထွန်း | ယောက်ျားကောင်းတို့နေရာနှင့်အတွေးအမြင်ရသ | ၂၅၀၀ိ/- | လင်းလွန်းခင် |
| ၅ | မင်းသိမ်ခ် | မောင့်ညိုချော | ၃၅၀၀ိ/- | ဘုမ္မာဝတီ |
| ၆ | တင်ထွန်းဦး(ယဉ်ကျေးမှု) | ဗဟုသုတစာပြတင်းမှထုံသင်းရနံ့ပျံ့လွင့်ချီ | ၁၈၀၀ိ/- | မြဝတီ |
| ၇ | မမကြီး | အီတလီစတိုင်လ် ဟင်းလျာများနှင့်မုန့်လုပ်နည်းများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၈ | မြခွာညို | အိပ်မက်စာမျက်နှာအပိုင်းအစများ | ၂၅၀၀ိ/- | စိန်မိုးယံ |
| ၉ | ခင်မောင်ညို(ဘောဂဗေဒ) | ပတ်ဝန်းကျင်ကစီးပွားရေး | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | | Fashion Colours,Designer's Handbook | ၂၅၀၀ိ/- | Salmon Publishing |
| ၁၁ | အဏ္ဏဝလှိုင်း | ဗုဒ္ဓဘာသာဝင်ကောင်းများအတွက် အခြေခံသိမှတ်စရာ | ၁၅၀၀ိ/- | ဗညားစာပေ |
| ၁၂ | The key collection | မာလာလာစာစဉ်(၂၁) | ၁၅၀၀ိ/- | the key |
| ၁၃ | မင်းမော်လှမြင့် | အိုစာမင်းစာမလိုတဲ့နိုင်ငံ | ၂၀၀၀ိ/- | MMS |
| ၁၄ | မြတ်ငြိမ်း | ချမ်းသာဖေဖေဆင်းရဲဖေဖေနှင့်ချမ်းသာလူငယ်စမတ်လူငယ် | ၆၅၀၀ိ/- | ကိုနေမန်းစာပေ |
| ၁၅ | ဆန်နီညိမ်း | ပျူဒီဗိုင်းများကပြောသောပျူအတွေးများ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | တီချယ်လှိုင် | အော်လစ်ဗာတွမ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၇ | ကောင်းသာ | သင်ရှေ့ဆုံးရောက်ရေး လုပ်ဆောင်ရမယ့်အချက်များ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၁၈ | AshinSurodtiamma | အသုံးတည့် အင်္ဂလိပ်စကားပြော | ၁၇၀၀ိ/- | 969 English Lanauage Center |
| ၁၉ | စိန်ဝင်းနိုင် | မြို့လုံးပတ်လည် အင်္ဂလိပ်စကားပြေ | ၂၀၀၀ိ/- | အိပ်မက်ရိပ် |
| ၂၀ | တိမ်တိုက်ထွန်း | မပြိုဘဲနဲ့ညို | ၂၀၀၀ိ/- | ကောင်းဆုသာ |
| ၂၁ | ကလောင်စုံ | အိပ်မက်လိုင်းပေါ်ကခွဲခွာကြေလို့မနက်ဖြန်တိုင်း ကျေနပ်နိုင်မယ်ဆိုရင် | ၂၅၀၀ိ/- | ကောင်းဆုသာ |
| ၂၂ | (ယက္ခ)ရဲကြီး | မောင်ဖိုးချိုစာစုများ | ၁၅၀၀ိ/- | အိမ်သူရွှေမ |
| ၂၃ | KYAR PAUK | STRANGE OLD MAN | ၅၀၀၀ိ/- | အိမ်သူရွှေမ |
| ၂၄ | မြင့်ဆွေ(MIFIDA) | အသေးစားငွေရေးကြေးရေးလုပ်ငန်း ရေရှည်ရပ်တည်အောင်မြင်ရေးအတွက်ကြိုးပမ်းမှုများ | ၃၀၀၀ိ/- | မျိုးဆက်သစ် |
| ၂၅ | ကျော်ဝင်း | ဖက်ဒရယ်မူသဘောတရားနှင့်လက်တွေ့ | ၂၀၀၀ိ/- | တကောင်း |
| ၂၆ | ချစ်ဦးညို | ချစ်သူမင်းနန္ဒာ | ၄၀၀၀ိ/- | လင်္ကာဒီပ |
| ၂၇ | သန်းဝင်းလှိုင် | နိုင်ငံတော်လုပ်ကြံမှုတရားခံဂဠုန်ဦးစော၏ရုပ်ကွက်မြုပ်များ | ၄၅၀၀ိ/- | အိပ်မက်သစ် |
| ၂၈ | မောင်သစ္စာ | စစ်ကိုင်းတိုင်းဒေသကြီးမော်လိုက်မြို့နှစ်တစ်ရာပြည့် အမှတ်တရ ၁၉၁၆-၂၀၁၆ | ၂၀၀၀ိ/- | စိတ်ကူးသစ် |
| ၂၉ | ကောင်းထက်ညွန့် | Fire Alarm Systems | ၈၀၀၀ိ/- | မိုးမြင့်ကြယ် |
| ၃၀ | နေမင်းသူ | မြန်မာနိုင်ငံ၏ စီးပွားရေးသူရဲကောင်းများ | ၃၀၀၀ိ/- | I Myanmar House |
| ၃၁ | ဗညားဦး(အိမ်မဲ) | စိတ်တစ္ဆေ၏ လေချွန်သံ | ၁၅၀၀ိ/- | ပြုံးစာပေ |
| ၃၂ | ဒေါက်တာမင်းတင်မွန် | အနတ္တဒေသနာနှင့်ဝိပဿန | ၅၀၀ိ/- | မြမွန်ရတနာ |
| ၃၃ | ဒေါက်တာမင်းတင်မွန် | The Not-SELF(ANATTA)DOCTRINE and VIPASSANA | ၅၀၀ိ/- | မြမွန်ရတနာ |
| ၃၄ | မင်းသုဝဏ် | ပန်းနှင့်ပင်စည် | ၃၀၀၀ိ/- | the key |
| ၃၅ | ဇော်ဘုန်း | ကော်ဖီကိုစူးစမ်းလေ့လာခြင်း | ၃၀၀၀ိ/- | Synergy |
| ၃၆ | ဝင်းဇော်(သစ်တော) | သင့်သီရိဂေဟာအတွက်ဖုန်းရွှေမင်္ဂလာ | ၅၀၀၀ိ/- | မျက်ပွင့် |
| ၃၇ | ဒေါက်တာသန်းထွန်း | မြန်မာ့သမိုင်းပုံ | ၁၄၀၀ိ/- | မုံရွေး |
| ၃၈ | အောင်ကျော်ဆန်း | လူငယ်နှင့်ပရဟိတ | ၁၂၀၀ိ/- | နဂါးပျံ |
| ၃၉ | စိုးနောင်(မုံရွာ) | ခေတ်ကျန်ကဗျာများ | ၁၅၀၀ိ/- | ကျားချောင်း |
| ၄၀ | ရဲနောင် | အာဏာရှင်ဦးသန်းရွှေ၏မြန်မာပြည် | ၂၀၀၀ိ/- | အိပ်မက်သစ် |
| ၄၁ | မာန်သစ်စိုး | အမေရိကန်စတိုင်အင်္ဂလိပ်စကားပြောကြမယ် | ၃၀၀၀ိ/- | လင်းလွန်းခင် |
| ၄၂ | ရဲကျော်မြင့် | ဆရာမပါလွယ်ကူလေ့လာအင်္ဂလိပ်သဒ္ဒါ | ၁၈၀၀ိ/- | မဇ္ဈိမ |
| ၄၃ | သက်ဦးလွင် | သိပ္ပံပညာ | ၁၅၀၀ိ/- | quality |
| ၄၄ | သက်ဦးလွင် | ဒိုင်နိုဆော | ၁၅၀၀ိ/- | quality |
| ၄၅ | သက်ဦးလွင် | အာကာသ | ၁၅၀၀ိ/- | quality |
| ၄၆ | သက်ဦးလွင် | ရာသီဥတု | ၁၅၀၀ိ/- | quality |
| ၄၇ | ဇော်ဇော်အောင် | ပွဲတင်သံခပ်တိုးတိုးနှင့်အခြားစာတမ်း | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၈ | မိုးသက်ဟန် | ပလက်ဖောင်း | ၄၀၀၀ိ/- | ငါတို့စာပေ |
| ၄၉ | မောင်တင်ဦး | မိုးသစ်တောများ | ၂၀၀၀ိ/- | ဓူဝံ |
| ၅၀ | မြပုလဲခင် | မျှော်လင့်ခြင်းလိပ်ပြာ | ၁၈၀၀ိ/- | အောင်မြင်စာပေ |
| ၅၁ | ဝိဇ္ဇာ | ထိ သိ သတိ | ၁၈၀၀ိ/- | အောင်မြင်စာပေ |
| ၅၂ | သီအို ၉ | ဂစ်တာလက်တံ (Frests)(၄)ကွက်အတွင်းပြည့်စုံသော Chords နှင့် Movable and moder Chords | ၁၂၀၀ိ/- | စာပေနန်းတော် |
| ၅၃ | မာန်(တောင်လုံးပြန်) | တစ်ခါတုန်းကမြန်မာပြည်မှာ | ၃၀၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၅၄ | မင်းသုဝဏ် | နိုင်ငံရပ်ခြားပုံပြင်များ | ၄၂၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၅၅ | မင်းဆက် | နေလလမ်းကြောင်းပေါ်ကလူသားသမိုင်း | ၁၀၀၀ိ/- | ယဉ်မျိုး |
| ၅၆ | အောင်ထွန်း | မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်း(၁၉၀၃-၆၂) | ၁၂၀၀၀ိ/- | ယဉ်မျိုး |
| ၅၇ | တက်တိုး | နပိုလီယံ | ၁၂၀၀၀ိ/- | The key |
| ၅၈ | စိန်တလုံး(တင်စိန်မီးရထား) | ပညာခေတ်လူငယ်များနှင့်ဝိဘဇ္ဇဗုဒ္ဓဝါဒ | ၃၀၀၀ိ/- | ရန်အောင်စာပေ |
| ၅၉ | မလေး(မုံရွာ) | ဘဝလမ်းမှရောင်စုံဝတ္ထုတိုများ(၂) | ၂၅၀၀ိ/- | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၆၀ | ကလောင်စုံ | မြန်မာစာဂုဏ်ထူးပထမယူသူနှင့်စာရေးသူစိတ်ကြိုက် | ၂၀၀၀ိ/- | နေရီရီ |

အသစ်ထွက်ရှိသောစာအုပ်စာရင်းများကိုစာပေလောက (၂)၊ စာပေနန်းတော်၊ အင်းဝစာအုပ်ဆိုင်များမှ အချက်အလက်များစုဆောင်းပြီး နေ့အလိုက်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသောစာအုပ်တစ်အုပ်အား မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှုးအမှတ် - ၂၆၃ သိမ်ဖြူလမ်း YMCAအဆောက်အအုံ ဗိုလ်တထောင်မြို့နယ် ဖုန်း -၀၉၃၀၀၀၂၃၁၁ သို့ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

# အမျိုးသားအဆင့်/မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲခြင်း စီမံကိန်းဆိုင်ရာ ပထမအကြိမ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ IGES–CCET(Institute for Global Environmental Strategies - Center Collaboration with UNEP on Environmental Technologies)တို့ ပူးပေါင်းပြီး အမျိုးသားအဆင့်/မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲခြင်း စီမံကိန်း (Project for Development of Solid Waste Management Strategies at National and City level)ဆိုင်ရာ ပထမအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို Grand Amara Hotel နေပြည်တော်တွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် စွန့်ပစ်ပစ္စည်းဆိုင်ရာ ပြဿနာများအား ဘက်ပေါင်းစုံမှ ဖြေရှင်းပေးနိုင်မည့် အမျိုးသားအဆင့်နှင့် မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ(မူကြမ်း)များအား ချမှတ်ရန်နှင့် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူ၍ ဆွေးနွေးညှိနှိုင်းနိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ စီးပွားရေး တိုးတက်မြင့်မားလာခြင်းကြောင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု ပမာဏကြီးထွားလာစေခြင်းကို ဦးတည်လာနေပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်လာနိုင်ပါကြောင်း၊ အထောက်အကူပြုပစ္စည်းများ အကန့်အသတ်ရှိမှုနှင့်နည်းပညာများ မပြည့်စုံမှုတို့ကြောင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများသည် ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ပိုမိုများပြားလာစေပါကြောင်း၊ မြို့ပြဒေသများတွင် လူနေထူထပ်နေပြီး စားသုံးနေထိုင်မှုပုံစံ ပြောင်းလဲလာသော်လည်း အကျိုးထိရောက်သော စွန့်ပစ်ပစ္စည်းသန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများ အားနည်းခြင်းတို့ကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော မြူနီစပယ်ဧရိယာအတွင်းရှိ စွန့်ပစ်ပစ္စည်းများ၏ ထွက်ရှိသည့်အရင်းအမြစ်နှင့် ထွက်ရှိပမာဏစသည့် စွန့်ပစ်ပစ္စည်းဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းမှသည် နောက်ဆုံးစွန့်ပစ်သည်အထိ လက်ရှိဆောင်ရွက်နေသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်၏ ထိရောက်မှုအခြေအနေများအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့်စီမံကိန်းသည် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အထောက်အကူဖြစ်စေနိုင်သည့်အပြင် ဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက်လည်း အထောက်အကူဖြစ်စေနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ IGES - CCET မှ ကျွမ်းကျင်ပညာရှင်များကလည်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲခြင်းနှင့် ဆက်နွယ်နေသော လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်မှုများနှင့် အကြံဉာဏ်များအား ကူညီပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်များသည် မဟာဗျူဟာရေးဆွဲရာတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ရာ မိမိတို့၏ဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်ပြီး ထည့်သွင်းဆွေးနွေးပေးစေလိုပါကြောင်းပြောကြားသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြို့တော်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့တွင် ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၁၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေ ၃၀ ရက်မှ ဇွန် ၁၀ ရက်အထိ ကျင်းပခဲ့သော (၁၀၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ တက်ရောက်၍ ဇွန် ၇ ရက်တွင် ညီလာခံစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံကာလအတွင်း အာဆီယံအလုပ်သမားဝန်ကြီးများ၏ အလုပ်သဘော တွေ့ဆုံပွဲတွင်လည်းကောင်း၊ အာရှ-ပစိဖိတ် အလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာကဏ္ဍအလိုက်ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် Mr.Guy Ryder နှင့်အဖွဲ့အား ဇွန် ၆ ရက်တွင် ကုလသမဂ္ဂရုံးတွင် ယာယီဖွင့်လှစ်ထားသည့် ၎င်း၏ရုံး၌တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အကူအညီပေးရန်ထားရှိသည့် အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိရုံးအစား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကူညီဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိုင်အယ်လ်အိုရုံးအဖြစ် ပြောင်းလဲဖွင့်လှစ်ရေးကိစ္စအပါအဝင် မြန်မာနိုင်ငံနှင့် အိုင်အယ်လ်အိုတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဝန်ကြီးဌာနမှ Associate Deputy Undersecretary Mr. Eric R. Biel နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာ အလုပ်သမားရေးရာဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Sarah Fox နှင့်အဖွဲ့အား ဇွန် ၁၀ ရက်တွင် ကုလသမဂ္ဂရုံး၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့သည်။ အဆိုပါ ညီလာခံနှင့်တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးမောင်ဝေလည်း ပါဝင်တက်ရောက်သည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီပေးရေးကိစ္စများကို အိုင်အယ်လ်အိုရုံးမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဂျာမနီနိုင်ငံ၊ ဥရောပနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်နှင့် လူမှုရေးမူဝါဒဌာန ညွှန်ကြားရေးမှူးချုပ် Ms. Susanne Hoffman တို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသွင်သစ်နှင့် ဇွန်လထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**နေပြည်တော် ဇွန် ၁၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတွေးအခေါ်၊ ကျန်းမာရေး၊ ပညာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိနိုင်ရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(ဇွန်လ) ကို




ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇွန်လထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွန့်(ဥပဒေ)၊ ပါမောက္ခ ဒေါက်တာဦးအေးမြင့်၊ သန်းဇော (စီပီအေ) တို့၏ **“ကမ္ဘာတစ်ဝန်းစိမ်းလန်းရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး”** မျက်နှာဖုံးဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါး၊ မောင်ပေါ်ထွန်း၊ T Nay Yar၊ အေးဖြူ ကြည်မင်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါး၊ ပြည်ကြီး၊ သာလူရှည်၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ စည်သူလှိုင်၊ သီဟသိန်းတန်တို့၏ နိုင်ငံတကာနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါး၊ တင်ညွန့်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ဒေါက်တာမြင့်သန်း (သန္ဓေသား)တို့၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါး၊ ဘူမိလုလင်(မြိတ်)၊ စုဝဏ္ဏတို့၏ သဘာဝပတ်ဝန်းကျင်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မောင်မြင့်နိုင်၊ စိုးစိုး(ပန်းတောင်း)၊ ငွေးမောင်၊ နိုင်သောင်းထွဋ်၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ သိဂီ(ထူးကြီး)၊ ဇင်မင်းအေး(အင်္ဂလိပ်စာ) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမြန်လမ်းမကြီးဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၄**

၂၀၁၆ ခုနှစ် မိုးရာသီကာလ အစပိုင်းတွင် အဝေးပြေးလမ်းမများပေါ်၌ ဖြစ်ပွားခဲ့သော မော်တော်ယာဉ်မတော်တဆမှုများနှင့် ပတ်သက်ပြီး ခရီးသွားပြည်သူများ၊ အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များစသည့် Stake holders များ အားလုံးအကြားတွင် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အဆိုပါ မတော်တဆမှုများကို ကာကွယ်နိုင်ရေးအတွက်ကြိုးပမ်းမှုများ၏ ကဏ္ဍတစ်ရပ်အနေဖြင့် ကုန်းလမ်းခရီးသည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (ITA)၏ စီစဉ်မှုဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ မင်္ဂလာဒုံမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း၊ ကွပ်ကဲမှုရုံး၊ အစည်းအဝေးခန်းမ၌ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းရှင်များ၊ အဝေးပြေးခရီးသည်တင် ယာဉ်မောင်းနှင့်သည့်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား အမြန်လမ်းမကြီးဥပဒေဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲတစ်ရပ် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ရဲမှူးသန်းဦးက အမြန်လမ်းမကြီးဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ အမြန်လမ်းမကြီးပေါ်တွင် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များ၊ ယခင်ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆဖြစ်စဉ်နှင့် ပတ်သက်သည့် သုံးသပ်အကြံပြုချက်များအား ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးရှင်းလင်းပြောကြားပြီး အမြန်လမ်းမကြီး အသုံးပြုသွားလာနေသော အဝေးပြေး ခရီးသည်တင် ယာဉ်များအနေဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့စခန်းများ၏ ဖုန်းနံပါတ်များကို မှတ်သားထားပြီး တပ်ဖွဲ့ဝင်များထံသို့ လိုအပ်သည့်အကူအညီများကို လိုအပ်သည့်အချိန်တွင် အချိန်နှင့်တစ်ပြေးညီ တောင်းခံနိုင်ကြောင်းပြောကြားသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲမှူးမြင့်အောင်က ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မင်္ဂလာဒုံမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်များကို ဆွေးနွေးရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၏ အတွင်းရေးမှူး ဦးစိုးသိန်းက အသင်း၏ လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်းသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိများ၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးနှင့်အဖွဲ့ဝင်များ၊ ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ အသင်းအလုပ်အမှုဆောင်များ၊ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ အဝေးပြေးကားဂိတ် တာဝန်ခံများစသည့် စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(ကြေးမုံ)**

# သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးသည့်တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**တောင်ကြီး ဇွန် ၁၄**

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ထိခိုက်ပျက်စီးသည့် တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် လူဦးရေ ၅ ဒသမ ၈ သန်းရှိသည့် အနက် ၇၀ ရာခိုင်နှုန်းမှာ လယ်ယာကဏ္ဍတွင်မှီခိုပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သူများဖြစ်သည်။ ဧပြီ ၂၂ ရက်က တောင်ကြီးခရိုင် ကလောမြို့နယ်နှင့် ရွာငံမြို့နယ်တို့၌ မိုးသက်လေပြင်းကျရောက်ပြီး ဆီးဖြူသီးခန့်မိုးသီးများ ၁၅ မိနစ်ကြာ ကျရောက်မှုကြောင့် ကလောမြို့နယ်၌ တောင်သူ ၈၅၄ ဦး၏ ဂေါ်ဖီထုပ်၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ပန်းအမျိုးမျိုး စုစုပေါင်း ၆၇၅ ဧကပျက်စီးခဲ့ကြောင်း၊ ရွာငံမြို့နယ်တွင် တောင်သူ ၈၆ ဦး၏ ငှက်ပျော ၁၀၅ ဒသမ ၅၉ ဧကပျက်စီးခဲ့ပြီး တောင်သူ ၂၉၁ ဦး၏ သရက်၊ လိမ္မော် စိုက်ဧက ၃၉၃ ဒသမ ၇၆ ဧက အရွက်ကြွေ၊ အကိုင်းကျိုး၊ အသီးကြွေ၊ အပင်လဲခြင်းတို့ဖြစ်၍ ထိခိုက်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီမှာ လင်းခေးခရိုင် မိုင်းပန်မြို့နယ်တွင် ကြွက်ကျရောက်ပြီး စပါးခင်းအချို့ ထိခိုက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နစ်နာပျက်စီးဆုံးရှုံးမှုခံစားရသော တောင်သူများအတွက် မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထောက်ပံ့ပစ္စည်းများပေးအပ်မှုကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အထိုက်အလျောက် အထောက်အကူပြုမည်ဖြစ်၍ တောင်သူများအနေဖြင့် ကြုံတွေ့လာရသော ရှောင်လွှဲ၍မရသည့် သဘာဝဘေးအန္တရာယ်များကို စိတ်ပျက်အားငယ်မနေဘဲ နိုးကြားတက်ကြွစွာ ပြန်လည်ကြိုးစားကြရန် ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းသိန်းက ထောက်ပံ့ပစ္စည်းပေးအပ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ထောက်ပံ့ပစ္စည်းပေးအပ်သည်။ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က ကလောမြို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းကြောင့် သီးနှံထိခိုက်ပျက်စီးခဲ့ရသော တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ရာ ကလောမြို့နယ်ဦးစီးမှူးက လက်ခံရယူ၍လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရွာငံမြို့တွင်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းကြောင့် သီးနှံထိခိုက်ပျက်စီးခဲ့ရသော တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ရာ ရွာငံမြို့နယ်ဦးစီးမှူးက လက်ခံရယူ၍လည်းကောင်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က မိုင်းပန်မြို့တွင် ကြွက်ကျရောက်ဖျက်ဆီးခြင်းကြောင့် သီးနှံထိခိုက်ပျက်စီးခဲ့ရသော တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ရာ မိုင်းပန်မြို့နယ် ဦးစီးမှူးကလည်းကောင်း အသီးသီးလက်ခံရယူခဲ့သည်။

မိုင်းပန်မြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စုတွင် အဓိကပျက်စီးသော သီးနှံများမှာ စပါးနှင့် ပြောင်းဖြစ်ပြီး ပျက်စီးရခြင်း၏အဓိကအကြောင်းရင်းမှာ ၂၀၁၄-၂၀၁၅ တွင် ကြွက်များဝင်ရောက်ရခြင်းကြောင့်ဖြစ်၍ ပျက်စီးမှုစာရင်းကို မိုင်းပန်မြို့နယ်ဦးစီးမှူး၊ လင်းခေးမြို့နယ် ဦးစီးမှူးတို့က ကွင်းဆင်းစစ်ဆေး၍ စာရင်းပြုစုပေးကြောင်း၊ ဦးစိုင်းကျော်စိုက်ပျိုးသည့် ဧက ၆၀၀ ဝန်းကျင်ခန့်ပျက်စီးခဲ့ပြီး စပါးဧက ၃၀၀ ခန့်နှင့် ပြောင်းဧက ၃၀၀ ခန့် ပျက်စီးသွားကြောင်း မိုင်းပန်မြို့နယ်ကုန်းကျိုင်းကျေးရွာအုပ်စုမှ တောင်သူဦးစိုင်းကျော်ထံမှ သိရသည်။

အဆိုပါ မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းကြောင့် သီးနှံများထိခိုက်ပျက်စီးမှုရှိ၍ ကလောမြို့နယ်တွင် ကျေးရွာအုပ်စု သုံးအုပ်စု၊ တောင်သူဦးရေ ၈၅၄ ဦး၊ ပျက်စီးဧက ၆၇၅ ဧက၊ ရွာငံမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ တောင်သူဦးရေ ၃၇၇ ဦး၊ ပျက်စီးဧက ၁၀၅ ဧက၊ ထိခိုက်ဧက ၃၉၃ ဧက၊ လင်းခေးခရိုင် မိုင်းပန်မြို့နယ်၌ ကြွက်ကျရောက် ဖျက်ဆီးမှုကြောင့် ကျေးရွာအုပ်စု နှစ်အုပ်စု၊ တောင်သူဦးရေ ၃၆၉ ဦး၊ ထိခိုက်ဧက ၂၉၅ ဧက ထိခိုက်ပျက်စီးခဲ့၍ ယနေ့ တောင်သူများကို ထောက်ပံ့ပေးမှုမှာ မြေဩဇာ ၁၃၀၉ အိတ်၊ ဆေးဖျန်းပုံး ၁၂၃၀ ပုံး၊ ပြောင်းမျိုးစေ့ ၃၆၉ ထုပ်၊ ကြွက်သတ်ဆေး ၁၈၄၅ ထုပ် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**






# ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ယာယီလိုင်စင်ခွင့်ပြုထုတ်ပေး

**ဘားအံ ဇွန် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် ရက် ၁၀၀ စီမံချက်ဖြင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်နိုင်ရန်အတွက် အသိပညာပေးရှင်းလင်းခြင်းနှင့် ယာယီလိုင်စင်ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်စိုက်ပျိုးရေးရုံး ရဲသူရခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီးဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်စိုးက ရေနံဓာတ်ငွေ့ရည်ဂုဏ်သတ္တိများ၊ မြန်မာနိုင်ငံ၏ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်ဖြန့်ဖြူးတင်သွင်းမှု အခြေအနေ၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ၊ မြန်မာနိုင်ငံ၏ရေနံဓာတုဗေဒလုပ်ငန်း ရက် ၁၀၀ စီမံချက်၊ ရေနံဓာတ်ငွေ့ရည်လက်လီအရောင်းဆိုင်များအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ရေနံဓာတ်ငွေ့ရည် ကိုင်တွယ်သုံးစွဲသူများ အထူးဂရုပြုလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်းရှိ ရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်လုပ်ငန်းရှင်များအား ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်တာငြိမ်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း (မွန်၊ ကရင်ပြည်နယ်) ရောင်းဝယ်ရေးအရာရှိ ဦးသိန်းထွေးတို့က ယာယီလိုင်စင်များ ခွင့်ပြုထုတ်ပေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ရေနံဓာတ်ငွေ့ရည်လက်လီအရောင်းဆိုင်လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးမှု ယာယီလိုင်စင်ကို မြို့နယ်အလိုက် ခွင့်ပြုထုတ်ပေးခဲ့သည်။

ယခုထုတ်ပေးသည့် လိုင်စင်သည် ဒီဇင်ဘာ ၃၁ ရက်ထိသာ သက်တမ်းရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဖြည့်တင်းပြီး ယာယီဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံနှင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် လိုင်စင်(ယ)၊ ဖြည့်တင်းပြီး ယာယီဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် လိုင်စင်( c)တို့ကို ကွင်းဆင်းစစ်ဆေးပြီး စိစစ်ထုတ်ပေးသွားမည်ဖြစ်ကာ စည်းကမ်းချက်များနှင့် ကိုက်ညီပါက သတ်မှတ်လိုင်စင်ကြေးပေးသွင်းစေပြီး လိုင်စင်ဆက်လက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ် တိုးချဲ့ဆောက်လုပ်မည်

**ကွမ်းခြံကုန်း ဇွန် ၁၄**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ကျန်းမာရေးမှာ အဓိကအခြေခံ အကျဆုံးဖြစ်သောကြောင့် ကွမ်းခြံကုန်းမြို့ တော်ပုလဲပိုင်းနှင့် မင်းပိုင်းရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို ဇွန်လလယ်ပိုင်း၌ စတင်တိုးချဲ့ဆောက်လုပ်မည်ဖြစ်သည်။

အဆိုပါ ပေ ၅၀×ပေ ၆၀ အကျယ်အဝန်းရှိ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို ဆေးရုံဝင်းအတွင်းရှိ မြေနေရာဧရိယာဖြစ်သော ပေ ၆၀၊ ပေ ၇၀ရှိ မြေနေရာပေါ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့အလှူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က မိသားစုက ငွေကျပ် သိန်း ၁၅၀၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ ယင်းနှစ်ထပ် တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် အင်ဂျင်နီယာနှစ်ဦး၊ လုပ်သားအင်အား ၂၅ ဦးတို့ဖြင့် ဆောက်လုပ်သွားမည်ဖြစ်သည်။

နှစ်ထပ်တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးပါက တိုးချဲ့ဆောင်သစ်အတွင်း၌ သံဃာတော်များအတွက် ကုသဆောင်အပါအဝင် လူနာများအတွက် ခွဲစိတ်ခန်း၊ မွေးခန်းထားရှိမည်ဖြစ်ပြီး ဆရာဝန်နားနေဆောင်နှင့် ရုံးခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဝင်းရီက "ဆေးရုံမှာ ခွဲစိတ်ရမယ့်လူနာတွေကို လောလောဆယ် ဆေးရုံအပေါ်ထပ်မှာပဲ ခွဲစိတ်နေရပါတယ်။ အရေးပေါ်လူနာတွေကိုလည်း ထမ်းစင်နဲ့ တင်နေရတာပါ။ တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပြီးစီးသွားပြီဆိုရင်တော့ အဆောင်သစ်အတွင်းမှာ ခွဲခန်း၊ မွေးခန်းများကို ထားရှိမှာ ဖြစ်ပါတယ်။ အဆောင်သစ်အတွင်း လိုအပ်တဲ့ပစ္စည်းတွေကို အလှူရှင်တွေက လှူဒါန်းကြမှာဖြစ်သလို ဝန်ကြီးဌာနကလည်း ချပေးပါလိမ့်မယ်။ အဆောင်သစ်ဆောက်လုပ်ပြီးစီးသွားပြီဆိုရင်တော့ ဆေးရုံက ပိုကြီးလာတော့မှာဖြစ်တဲ့အတွက် ဒေသခံတွေကလည်း ဝမ်းသာနေကြပါတယ်"ဟု ဆိုသည်။

လက်ရှိအနေအထားအရ ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန် တစ်ဦး၊ လက်ထောက်ဆရာဝန်လေးဦး၊ သူနာပြုနှစ်ဦးတို့ဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အသစ်ထပ်မံတိုးချဲ့ဆောက်လုပ်မည့် ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို ယခုနှစ်ကုန်ပိုင်း၌ ဆောက်လုပ်ပြီးစီးရန် မျှော်မှန်းထားကြောင်း မြန်မာ့အလှူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ သိရသည်။

**စိုးဝင်း(MLA)**



# ဒေသတွင်းရှိ ဝင်ငွေနည်းပါးသည့်မိသားစုများအတွက် ထောက်ပံ့ငွေလှူဒါန်းခဲ့သည့် ဆူဇီ



တေးသံရှင်တစ်ဦးလည်းဖြစ်သလို ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည့် miss A အဖွဲ့မှ ဆူဇီက ၎င်း၏ဇာတိမြို့သို့ ပြန်ရောက်ခိုက်ကာလတွင် ဝင်ငွေနည်းပါးသည့် မိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆူဇီသည် ဒေသအတွင်းရှိ ဝင်ငွေနည်းပါးသည့် မိသားစုများသို့ ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် ပရဟိတအဖွဲ့တစ်ဖွဲ့သို့ တောင်ကိုရီးယားဝမ် ၁၀ သန်း(အမေရိကန်ဒေါ်လာ ၈၅၂၀ ခန့်)ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆူဇီသည် ၂၀၁၅ ခုနှစ်ကတည်းက ပရဟိတအဖွဲ့အစည်း Community Chest of Korea ၏အဖွဲ့ဝင်တစ်ဦးအဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး အဆိုပါအဖွဲ့၏ ၇၉၁ ဦးမြောက် အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ဆူဇီ၏ အနုပညာလှုပ်ရှားမှုအနေဖြင့် ယခုနှစ်အစောပိုင်းက Exo အဖွဲ့မှ Baekhyun နှင့် တွဲဖက်သီဆိုထားသည့် Dream သီချင်းသည် တောင်ကိုရီးယား၏ ဂီတဇယားအတော်များများတွင် နံပါတ်တစ်နေရာ၌ ရပ်တည်ခဲ့သည်။

**(မျိုးစန္ဒာမောင်)**

# နိုင်ငံပေါင်းစုံမှ တေးသံရှင်များပါဝင်သည့် GOT7 အဖွဲ့ စင်ကာပူနိုင်ငံတွင် ဖျော်ဖြေပွဲကျင်းပမည်

GOT7 အမည်ရှိ ဂီတအဖွဲ့က ဇွန် ၂၄ ရက်တွင် စင်ကာပူနိုင်ငံ၌ ဖျော်ဖြေပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့သည် ဧပြီလ နောက်ဆုံးပတ်အတွင်းက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ၎င်းတို့၏ ပထမဆုံးသောဖျော်ဖြေပွဲကို ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံ၌ ကျင်းပမည့်ပွဲသည် ဒုတိယမြောက်ပွဲလည်းဖြစ်သည်။

ကိုရီးယား၊ ထိုင်း၊ အမေရိကန်နှင့် ဟောင်ကောင်တို့မှ တေးသံရှင် ခုနစ်ဦး ပါဝင်သည့် အဆိုပါအဖွဲ့ကို ၂၀၁၄ ခုနှစ်က စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မတ်လအတွင်းက အီလက်ထရိုပေါ့ပ် သီချင်း များပါဝင်သည့် Flight Log: Departure အယ်လ်ဘမ်ကို ဖြန့်ချိခဲ့သည်။

အဆိုပါအယ်လ်ဘမ်သည် Billboard Heatseekers album chart နှင့် ဘေလ်ဘုတ် ကမ္ဘာ့အယ်လ်ဘမ်ဇယားတို့၌ ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

ယခုအခါ ယင်းအယ်လ်ဘမ်၏ ပရိုမိုးရှင်းပွဲများအဖြစ် Flight Log: Departure and Fly Tour ဖျော်ဖြေပွဲများကို ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မျိုးစန္ဒာမောင်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)လေလံခေါ်ယူခြင်း

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ချွတ်ယွင်း Distribution Transformer (၆)လုံး၊ Power Transformer (၃)လုံး စုစုပေါင်း Transformer (၉)လုံးအား အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံ စတင်ရောင်းမည့်ရက် | - ၁၅-၆-၂၀၁၆ ရက် |
| တင်ဒါပိတ်မည့်ရက်/အချိန် | - ၂၉-၆-၂၀၁၆ ရက်၊ ၁၅:၀၀ နာရီ |
| တင်ဒါဖွင့်မည့်ရက် | - ၃၀-၆-၂၀၁၆ ရက် |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ စမ်းသပ်ရေးနှင့် မီတာဌာနခွဲ၊ ဖုန်း-၀၁-၂၃၀၁၈၆၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## အားကစားနှင့် ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အားကစားပစ္စည်းများ
(ခ) အိပ်ရာသုံးပစ္စည်းများ
(ဂ) စားရိပ်သာသုံးပစ္စည်းများ
(ဃ) ဆေးခန်းသုံးပစ္စည်းများ
(င) ရိုက်ကူးရေးသုံးပစ္စည်းများ
(စ) လုပ်ငန်းသုံးစက်ပစ္စည်းများ
(ဆ) ရုံးသုံးစက်ပစ္စည်းများ
(ဇ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၆-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၆ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈သို့ ဆက်သွယ်ပြီး လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အားကစားနှင့် ကာယပညာဦးစီးဌာန**

# ရုပ်မြင်သံကြားအစီအစဉ်များ
## [၁၅- ၆ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4သတင်း
၅:၄၀ "လျှုသူနှင့်မလှူသူ" တရားတော် [(ဆရာတော် ဒေါက်တာ အရှင်ပညိသရာဘိဝံသ (ဓမ္မဒူတ)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၃)
၇:၃၀ MRTV-4သတင်း
၇:၅၀ ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ Mahachulalongkornraja vidyalaya University ဗုဒ္ဓတက္ကသိုလ်ကြီးနှင့် ဘန်ကောက်မြို့ United Nations Con ference Centre တွင် ကျင်းပပြုလုပ်သည့် The 13th United Nations Day of Vesak Celebrations 22-23 May 2016 အခမ်းအနား (အပိုင်း-၃)
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အချစ် သစ္စာတည်စေသော်" (အပိုင်း ၂၀)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ ဟင်းချက်ရအောင်
၁၁:၄၀ ရန်ကုန်မြင်ကွင်းကျယ် Thailand Elite Myanmar Grand Launch မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို) အလင်္ကာကျော်စွာ ရွှေပြည်အေး ရုပ်တုဖွင့်ပွဲနှင့် ရုံးခန်းအသစ်ဖွင့်ပွဲ အခမ်းအနား
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)"(အပိုင်း-၁၆)
၁၂:၃၅ အနုပညာမိုးကောင်းကင်
၁:၀၀ "လှူသူနှင့်မလှူသူ" တရားတော် (ဆရာတော် ဒေါက်တာ အရှင်ပညိသရာဘိဝံသ(ဓမ္မဒူတ)
၂:၀၀ MRTV-4သတင်း
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၄၅)
၃:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၃)
၃:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Dynamic Capacity Building Center ဖွင့်လှစ်ခြင်း အခမ်းအနား)
၅:၀၀ ခေတ်သစ်ပျိုမေ
၆:၁၀ Health Fix
၆:၁၅ MRTV ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ"(အပိုင်း-၉၄)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၄၆)
၈:၀၀ MRTV-4 သတင်း
၈:၂၀ ရသစုံညွှန်းတမ်းများ
၈:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၁)
၉:၂၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင်(ဂျန်ယောလ်ရှီးလ်)" (အပိုင်း-၁၇)
၉:၅၅ အနုပညာမိုးကောင်းကင်
၁၀:၁၅ Lets Talk
၁၀:၅၀ MRTV-4 Stage
၁၁:၁၅ World of Knowledge (Save The Titanic With Bob Ballard)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်"
၆:၂၀ -ကာတွန်းအစီအစဉ်"Car2" (အပိုင်း-၂)
၇:၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၁၉)
၇:၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား"(အပိုင်း-၆၇)
၈:၃၀ MRTV Entertainment Music
၈:၅၀ စိုင်းထီးဆိုင်နှင့်သူ၏အနုပညာ (အပိုင်း-၂)
၉:၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၅၀ တေးဂီတအစီအစဉ်
၁၀:၁၀ မြန်မာဗွီဒီယိုဇာတ်လမ်း"ချစ်တယ် ချစ်တယ် အရမ်းချစ်တယ်"
၁၂:၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်
၇:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(Franchies Businessin Myanmar)(အပိုင်း-၄)
၈:၃၅ စိုက်ပျိုးရေးရာအဖြေရှာအစီအစဉ် "တန်ဖိုးမြင့်ထုတ်ကုန်များအကြောင်း သိကောင်းစရာ"
၉:၃၅ "ဘေးအန္တရာယ်ကင်းစေဖို့ရွေးချယ် ဝယ်ယူကြပါစို့"
၁၀:၃၅ "၂၀၁၆ခုနှစ်၊ဇွန်လအတွက်မိုးလေဝသ နှင့်ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ"
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၁၄)
၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဝင်ချီ" (အပိုင်း - ၄၀)
၂:၁၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ-စိုးမြတ်သူဇာ)
၂:၃၅ ဂီတမဟာပျော်စရာ
၃:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (Franchies Businessin Myanmar) (အပိုင်း-၄)
၄:၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၅:၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရွှေချစ်သွေးနှင့် စောဖြိုးဝေ)
၁၇:၃၅ NHK Programme "ဘက်တီးရီးယား"
၁၈:၃၅ ဘဝထဲကဝတ္ထု၊ဝတ္ထုထဲကဘဝ "အားမနာတတ်တဲ့. . . လူ " (ဦးညီမင်း- မြို့တော်၊ ဦးချစ်၊ ရွှေလဝင်း) [(ဒါရိုက်တာ- သိမ်းစိုး(သီဟရတနာ)]
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဝင်ချီ" (အပိုင်း-၄၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ပြည်တွင်းသတင်း
နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း- ၁၅)
သုခုမရင်ခွင်အငြိမ့်သဘင် "ရင်သွေးငယ်လေးများအငြိမ့်" (မင်းသမီး- ဇာလီထက်၊ လူရွှင်တော်- ကောင်းထက်ဇော်၊ စူကျို၊ သတိုး၊ သော်ဘုန်းဆက်) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)

**ကျေးဇူးတင်လွှာ**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူ တောင်ခြေရင်းတွင် **"ကမ္ဘာ့အေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** ပိုင် စက်ရေတွင်းတူးစက်သစ်ကြီးဖြင့် အချိန်(၃)ရက်အတွင်း အနက်ပေ(၅၀၀)တွင် တစ်နာရီလျှင် ရေဂါလန်(၃၀၀၀)ထွက်ရှိအောင် တူးဖော်လှူဒါန်းပေးခဲ့သဖြင့် နှစ်စဉ်ကျင်းပမြဲ တပေါင်းပွဲတော်လာ ပြည်သူများ၊ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ ကမ္ဘာ့အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူ နိုင်ငံခြားသားများ၊ ၄က်ပျောတောနှင့် ပြည်တော်သာရပ်ကွက်နေ ပြည်သူများအားလုံးအတွက် လိုအပ်ရှားပါးလှသော သောက်သုံးရေမှာ အခက်အခဲမရှိ အဆင်ပြေပြီ ဖြစ်ပါ၍ ဝမ်းမြောက်နမော် သာဓုခေါ်ဆိုကာ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့၊**
**မြို့သူမြို့သားများ၊ ပင်းတယမြို့။**

# ပီကေး၏သွင်းဂိုးဖြင့် လက်ရှိချန်ပီယံစပိန် နိုင်ပွဲစတင်ရရှိ

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စု(D)၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် စပိန်အသင်းနှင့် ချက်အသင်းတို့၏ ပွဲစဉ်တွင် စပိန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရှိချန်ပီယံစပိန်အသင်းသည် ချက်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် စပိန်အသင်းက နောက်တန်းကစားသမား ပီကေး၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



စပိန်အသင်းသည် ချက်အသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု ၇၂ ရာခိုင်နှုန်းအထိရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် တစ်ဂိုးသာရရှိခဲ့သည်။

စပိန်အသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်နှင့်ပင်ထွက်ခဲ့ရသော်လည်း ယူရိုပြိုင်ပွဲများနှင့် ကံစပ်သည့်အသင်း ပီပီ ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲစဉ်တွင်လည်း အနိုင်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

စပိန်အသင်းသည် ၂၀၀၈ ခုနှစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပြိုင်ပွဲ၊ ၂၀၁၂ ခုနှစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပြိုင်ပွဲတို့တွင် ချန်ပီယံဖြစ်ခဲ့သည့်အသင်းဖြစ်သည်။

စပိန်အသင်း၏ ယူရိုပြိုင်ပွဲတစ်လျှောက်ဖြတ်သန်းမှုကိုကြည့်ပါက ၂၀၀၄ ခုနှစ်က ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်နောက်ပိုင်း စပိန်အသင်း၏ နောက်ဆုံးယူရိုပွဲစဉ် ၁၃ ပွဲတွင် ရှုံးပွဲမရှိစံချိန်တင်ထားသည့်အသင်းလည်းဖြစ်သည်။

ယူရိုပြိုင်ပွဲ၏ နောက်ဆုံး မိနစ် ၆၀၀ တွင် ဂိုးမပေးရသည့်အသင်းအဖြစ်လည်း စပိန်အသင်းမှတ်တမ်းဝင်ခဲ့ပြီး ယခုယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ဆုဖလားရရှိမည့်အသင်းအဖြစ်ရေပန်းစားနေသည့်အသင်းဖြစ်သည်။

စပိန်အသင်းသည် အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် တူရကီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပိန်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ချက်အသင်းမှာမူ လာမည့် အုပ်စုဒုတိယပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။**(ငွေကြယ်)**

## တစ်ပတ်လုပ်ခလစာပေါင် ၁၁၀၀၀၀ ဖြင့် ဟီဂူအင်အား နာပိုလီ စာချုပ်သစ်ကမ်းလှမ်း

အီတလီစီးရီးအေကလပ် နာပိုလီအသင်းသည် တိုက်စစ်မှူး ဟီဂူအင်အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သိရသည်။

နာပိုလီအသင်းသည် တိုက်စစ်မှူး ဟီဂူအင်အား တစ်ပတ်လုပ်ခလစာပေါင် ၁၁၀၀၀၀ ဖြင့် ကမ်းလှမ်းထားခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟီဂူအင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အီတလီစီးရီးအေသွင်းဂိုး ၃၆ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ကလပ်အသင်းအတော်များများ၏ စိတ်ဝင်စားမှုကို ခံထားရသူလည်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟီဂူအင်သည် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပါက ၂၀၁၉ ခုနှစ်အထိ နာပိုလီအသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။ **(အလင်းသစ်)**



### ဇွန် ၁၅ ရက်ည ကစားမည့် ယူရို ၂၀၁၆ အုပ်စုပွဲများ

# ဒုတိယမြောက်နိုင်ပွဲကိုရယူသွားမယ့် ပြင်သစ်

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အုပ်စုဒုတိယပွဲစဉ်တွေကို ဇွန် ၁၅ ရက်ညမှာ စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲစဉ်တွေမှာတော့ အုပ်စုအဖွင့်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့ကြတဲ့ ဆွစ်ဇာလန်နဲ့ ပြင်သစ်တို့ နိုင်ပွဲထပ်မံရယူနိုင်ကာ အုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်ဖို့ သေချာမှုကို ရှာဖွေသွားနိုင်ကြမလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။**

#### ရုရှား - ဆလိုဗက်ကီးယား

၁၅-၆-၁၆ ည ၇း၃၀

ဆလိုဗက်ကီးယားဟာ အဖွင့်ပွဲစဉ်မှာ ဝေလကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီဒုတိယမြောက်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ပါမှ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့ မျှော်လင့်ချက်ပြန်ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စလိုဗက်ကီးယားဟာ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ရုရှားကလည်း အဖွင့်ပွဲစဉ်မှာ အင်္ဂလန်နဲ့ သရေကျခဲ့ရတာကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အတွက်ဆိုရင် အခုပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အရေးပါနေပါတယ်။ ဒါကြောင့်လည်း ရုရှားဟာအခုပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ခြေကုန်ထုတ်ပြီး ကစားလာမှာဖြစ်တာကြောင့် ပွဲကစိတ်ဝင်စားဖို့ကောင်းလာပါတယ်။ လက်ရှိ အဖွင့်ပွဲကစားသွားတဲ့ခြေစွမ်းတွေအရဆိုရင် ဆလိုဗက်ကီးယားရဲ့ ရှန်းကန်ကစားအားက ရုရှားထက်ပိုမိုကောင်းမွန်နေပါတယ်။ အထူးသဖြင့် ကွင်းလယ်ကစားပုံချင်း နှိုင်းယှဉ်မယ်ဆိုရင် ဟမ်ဆစ်ဦးဆောင်တဲ့ ဆလိုဗက်ကီးယားကွင်းလယ်က ရုရှားကွင်းလယ်ထက် ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့် ဆလိုဗက်ကီးယားကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ပြီး နိုင်ပွဲလည်းရယူနိုင်မှာပါ။

#### ရိုမေးနီးယား - ဆွစ်ဇာလန်

၁၅-၆-၁၆ ည ၁၀း၃၀

ဆွစ်ဇာလန်ဟာ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာ မရှိခဲ့တာကို တွေ့ရပါတယ်။ ဆွစ်ဇာလန်အနေနဲ့ အယ်လ်ဘေးနီးယားနဲ့ကစားခဲ့ရတဲ့ ပွဲစဉ်မှာ ပွဲအစ ၅ မိနစ်မှာတင် အဖွင့်ဂိုးရယူနိုင်ခဲ့သလို ပွဲချိန် ၃၇ မိနစ်မှာတင် ကစားသမားတစ်ဦးအသာနဲ့ ကစားခဲ့ရပေမယ့်လည်း အယ်လ်ဘေးနီးယားကို ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ အယ်လ်ဘေးနီးယားတို့ အဆုံးသတ်ပိုင်းအားနည်းခဲ့လို့သာ သရေမကျခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ဆွစ်ဇာလန်ရဲ့တိုက်စစ်ပိုင်းက အဆုံးသတ်အားနည်းလွန်းတာကို သတိပြုရမှာဖြစ်ပါတယ်။

ရိုမေးနီးယားကတော့ အဖွင့်ပွဲစဉ်မှာ ပြင်သစ်ကိုရှုံးနိမ့်ခဲ့ရပေမယ့်လည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် ရိုမေးနီးယားဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို ထိုးဖောက်ကစားပုံကလည်း ထက်မြက်မှုရှိတာကြောင့် ဆွစ်ဇာလန်ကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဆွစ်ဇာလန်တို့ အမြင့်ဆုံးသရေပဲရမယ်။

#### ပြင်သစ် - အယ်လ်ဘေးနီးယား

၁၆-၆-၁၆ နံနက် ၁း၃၀

အယ်လ်ဘေးနီးယားဟာ အဖွင့်ပွဲစဉ်မှာ ဆွစ်ဇာလန်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာပါ ထပ်မံအရေးနိမ့်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက် အင်မတန်ခက်ခဲသွားမှာဖြစ်တာကြောင့် ဒီပွဲစဉ်မှာပြင်သစ်ဆီက အမှတ်ခွဲယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်မှာ အယ်လ်ဘေးနီးယားအနေနဲ့ အားထားရတဲ့ အသင်းခံစစ်မှူးကာနာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ အားလျော့သွားမှာ သေချာနေပါတယ်။ ဒါ့အပြင် အယ်လ်ဘေးနီးယားဟာ အဖွင့်ပွဲစဉ်မှာ ဆွစ်ဇာလန်ကိုရှုံးနိမ့်ခဲ့ရသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်ခြင်းမရှိခဲ့ပါဘူး။ အထူးသဖြင့် အဆိုပါပွဲစဉ်မှာ ဆွစ်ဇာလန်ရဲ့ခြေက အကောင်းဆုံးပုံစံမှာ မရှိတဲ့ကြားက အယ်လ်ဘေးနီးယားဟာ ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် အယ်လ်ဘေးနီးယားဟာ အသင်းလိုက် ကစားပုံကောင်းမွန်ပေမယ့် တိုက်စစ်မှာ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးမရှိတာကို တွေ့ရပါတယ်။ အဆိုပါ ဆွစ်ဇာလန်နဲ့ပွဲမှာ အယ်လ်ဘေးနီးယားဟာ အပိုင် အခွင့်အရေးတွေရယူနိုင်ခဲ့ပေမယ့် အဆုံးပိုင်း အားနည်းခဲ့လွန်းတာကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ပြင်သစ်ကတော့ အဖွင့်ပွဲစဉ်မှာ ရိုမေးနီးယားကို ခက်ခက်ခဲခဲကစားခဲ့ရသလို အသင်းလိုက်ကစားပုံက လိုအပ်ချက်တွေရှိနေခဲ့ပေမယ့် တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းက ကောင်းမွန်မှုရှိခဲ့တာတွေ့ရပါတယ်။ ပါယက်၊ ဂျရူးတို့ခြေစွမ်းပြသနိုင်ခဲ့သလို ထိုးဖောက်ကစားပုံလည်း ကောင်းမွန်ခဲ့ပါတယ်။ ဒီ ပွဲစဉ်မှာလည်း ပြင်သစ်အနေနဲ့ နိုင်ပွဲရယူနိုင်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားဖို့ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပြင်သစ်ပဲ အနိုင်ထပ်ရဖို့ရှိတယ်။

ရှိုင်းမင်းမင်း

# အင်တာမီလန်အသင်းသို့ နာနီ ပြောင်းရွှေ့မည်

ပေါ်တူဂီကြယ်ပွင့် နာနီသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

တောင်ပံကစားသမားနာနီသည် လက်ရှိတွင် ဖီနာဘာချီအသင်း၌ ကစားလျက်ရှိပြီး အင်တာမီလန်အသင်းမှ ပြောင်းရွှေ့ကြေး ယူရို ၃ ဒသမ ၂ သန်းဖြင့် ခေါ်ယူရန်သဘောတူညီထားကြောင်းလည်းသိရသည်။

အင်တာမီလန်အသင်းသည် တောင်ပံကစားသမားနာနီအား ယူရို ရှစ်သန်းဖြင့် ရောင်းချမည်ဟုဆိုခဲ့သော်လည်း ဈေးနှုန်းလျှော့ကာရောင်းချသွားမည်ဟုဆိုသည်။ တောင်ပံကစားသမားနာနီသည် မန်ယူအသင်းမှ တူရကီကလပ် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။ **(ငွေကြယ်)**



# ပါယက်အား ခေါ်ယူရန် ချယ်လ်ဆီးကမ်းလှမ်း

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်းမှ ပြင်သစ်ကြယ်ပွင့် ပါယက်အား စာချုပ်ချုပ်ဆိုခေါ်ယူသွားရန်ကမ်းလှမ်းမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

ပါယက်သည် ဝက်စ်အသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့်အပြင် လက်ရှိယူရို ၂၀၁၆ ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ပြင်သစ်အသင်းအတွက်လည်း အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည်။

ပါယက်သည် ပြင်သစ်အသင်း၏ ယူရိုပြိုင်ပွဲအဖွင့်ပွဲစဉ်တွင်လည်း အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းက ပါယက်အား ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ဝက်စ်အသင်းကမူ ပါယက်အား ယခုအပြောင်းအရွှေ့ကာလအတွင်း ရောင်းချသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**(ငွေကြယ်)**

KBZ BANK

## ရန်ကုန်ဘဏ်ခွဲ (၉၈)၊ ဘုန်းကြီးလမ်း ဘဏ်ခွဲ

အမှတ်(၇၂)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၂၃၀၃၁၉၂၊ ၂၃၀၃၁၉၃၊ ဖက်စ်(၀၁)၂၃၀၃၁၈၉၊ ၂၃၀၃၁၉၀

## စစ်ကိုင်းဘဏ်ခွဲ (၂)၊ ရွာထောင် ဘဏ်ခွဲ

အမှတ်(F-၁၉၇)၊ ရွာထောင်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း(၀၇၂)၂၁၁၂၈၊ ၂၁၁၃၀၊ ဖက်စ်(၀၇၂)၂၁၁၃၁၊ ၂၁၁၃၂

## ရန်ကုန်ဘဏ်ခွဲ (၉၉)၊ မဟာဗန္ဓုလလမ်း ဘဏ်ခွဲ

အမှတ်(10/H)၊ မဟာဗန္ဓုလလမ်းနှင့် (၄၈)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၈၆၁၀၇၄၀၊ ၈၆၁၀၇၄၁၊ ဖက်စ်(၀၁)၈၆၁၀၇၄၂၊ ၈၆၁၀၇၄၃

## ရန်ကုန်ဘဏ်ခွဲ (၁၀၀)၊ ကန်တော်ကြီးရိပ်မွန် ဘဏ်ခွဲ

တိုက်(MS-4)၊ ကန်တော်ကြီးရိပ်မွန်အဆင့်မြင့်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်းမ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၃၇၂၂၃၈၊ ၃၇၂၄၃၂၊ ၃၇၂၃၀၆၊ ဖက်စ်(၀၁)၃၇၂၈၁၃၊ ၃၇၂၂၄၅၊ ၃၇၂၆၄၀

## ရန်ကုန်ဘဏ်ခွဲ (၁၀၁)၊ အင်းစိန် – ကြို့ကုန်း ဘဏ်ခွဲ

အမှတ်(၃၁/A)၊ မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၆၄၀၆၇၄၊ ၆၄၁၈၃၅၊ ဖက်စ်(၀၁)၆၄၀၅၁၉၊ ၆၄၁၄၅၁

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## မူကြို ကျောင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကိုးပင်တိုက်နယ် ကွမ်းခြံစုကျေးလက် ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများသည် ဇွန် ၁၃ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တရုတ်ကောစံပြမူလတန်းကြိုကျောင်း၌ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကို၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ဇွန်ဇွန်သန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မူကြိုကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေများကို အသေးစိတ်စစ်ဆေးခဲ့ကြပြီး ကျောင်းသား၊ကျောင်းသူများအား ဆေးများတိုက်ကျွေးခဲ့ကြသည်။ **(၅၈၀)**

## အောင်မြေကုန်းရွာအနီးရှိ ရေတိုက်စားခံရသော သံတံတား ကားများဖြတ်သန်းသွားလာနိုင်ပြီ



**အောင်လံ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၏အရှေ့ဘက် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလကားလမ်းပေါ်ရှိ ဘဲသွေးချောင်းပေါ်တွင် တည်ဆောက်ထားသော ရွာမထုံးနှင့် အောင်မြေကုန်းကျေးရွာကြားရှိ ချောင်းကူးသံတံတားသည် ဇွန် ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတား၏အရှေ့ဘက်ချဉ်းကပ်မြေသားအား ရေတိုက်စား၍ ပြိုကျခဲ့ပြီး ဆက်သွယ်ရေးပြတ်တောက်ခဲ့သည်။

ယင်းကြောင့် တံတား၏တစ်ဖက်ခြမ်းတွင် ကားရှစ်စီးမှာ မွန်းတည့် ၁၂ နာရီမှစတင်၍ သွားလာခြင်းမပြုနိုင်တော့ကြောင်း အောင်မြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူးမှ သတင်းပို့သဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးတိုးကြည်နှင့် ဝန်ထမ်းများသည် ချက်ချင်းသွားရောက်စစ်ဆေး၍ ကျောက်ကြီးနှင့် ဂျင်းမြေများ ထပ်မံဖြည့်တင်းဆောင်ရွက်ခဲ့ရာ ညနေ ၃ နာရီတွင် ယာဉ်များ အခက်အခဲမရှိ ဆက်သွယ်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

## သရက်သီးနှံမြန်မာ (GAP) အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပွဲအခမ်းအနား တောင်ကြီးတွင်ပြုလုပ်

**တောင်ကြီး ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူးကျင်းပသော သရက်သီးနှံမြန်မာ (GAP) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် အခမ်းအနားကိုဇွန် ၁၂ ရက် မွန်းလွဲ ၂နာရီက တောင်ကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားအရ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းက အဖွင့်စကားပြောကြားခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်နိုင်က သရက်သီးနှံ မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

သရက်သီးနှံမြန်မာ(GAP)အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရာတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းက ဆီဆိုင်မြို့ ပါလောပါကယ်ကျေးရွာနေသူ သရက်သီးနှံ မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ကို ဦးစိုးသိန်းအားလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်နိုင်က ရပ်စောက်မြို့ မကျီးကုန်းကျေးရွာနေသူ သရက်သီးနှံ မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ကို ဒေါ်ခင်မိုးသန်းတို့အား သရက်သီးနှံမြန်မာ(GAP)အသိအမှတ်ပြုလက်မှတ်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့သည်။

သရက်သီးနှံ မြန်မာ (GAP) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်ပွဲသို့ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ သရက်သီးစိုက်တောင်သူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးများ၍ စိုက်ပျိုးသီးနှံများ၌ ပေါင်းမြက်များထူလာ ပေါင်းနုတ်လုပ်သားများကို ဈေးကောင်းပေးကာ ခေါ်ယူနေကြရ



**ကျောက်ပန်းတောင်း ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အပူပိုင်းမုန်တိုင်း ရွှန်နူ၏ အရှိန်ဖြင့် ၂၀၁၆ ခုနှစ် မေ ၁၉ ရက် နံနက်ပိုင်းမှစ၍ ၃၊ ၄ ရက်ဆက်ကာ မိုးများစတင်ရွာသွန်းခဲ့သည်။ အညာတောင်သူများအနေဖြင့် တန်ခူးလပြည့်ကျော်က ကြိုကြဲအဖြစ် သကြံန်တွင်းရွာသွန်းခဲ့သည့် ပလ္လင်ဆေးမိုးနှင့် ရက်တွက်ကာ စွန့်စားစိုက်ပျိုးခဲ့သည့် တောင်သူများ မိုးဦးစောသဖြင့် တွက်ရေးကိုက်ခဲ့သည့်နည်းတူ၊ မေ ၁၉ ရက်နေ့ရွာသွန်းမိုးဖြင့် စိုက်ပျိုးခဲ့ကြသူများမှာလည်း စိုက်ပျိုးပြီး ရက်သတ္တနှစ်ပတ်ခန့်အတွင်း မေ ၃၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရက်ဆက်ရွာခဲ့ရာ နှမ်းနှင့်မြေပဲသီးနှံများအကြိုက် မိုးဖြစ်ခဲ့သဖြင့် ယခုအခါ သီးနှံပင်လေးများ ကြီးထွားရှင်သန်မှုနှင့်အတူ ပေါင်းမြက်ပင်များလည်း အပြိုင်အရိုင်းထွက်ပေါ်လာကြပြီဖြစ်သဖြင့် ကျေးရွာများရှိနေ့စားပေါင်းနုတ်လုပ်သားများ ငွေရှင်သည့်ကာလဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

"ကျွန်တော်က နှမ်းအနက်မျိုးနဲ့ ပင်ထောင်ပဲ ကြဲထားတာပါ။ ပဲစင်းငုံက တော့ ကျွန်တော်တို့အညာမှာ သီးခြားကြဲတာမျိုးမရှိပါဘူးဗျာ-နှမ်းစိုက်တဲ့အချိန်မှာပဲ သီးညှပ်အဖြစ်စိုက်တာပါ။ ဒေသအခေါ်ကတော့ ပဲစင်းငုံဖျော်တယ်ပေါ့ဗျာ။ မိုးကကောင်းလွန်းနေတော့ အသီးအပင်ကလည်းကောင်းပါတယ်။ ဒါပေမဲ့ ပေါင်းမြက်ကလည်း မနိုင်ဘူးဗျ။ သူ့ရာသီနဲ့သူလုပ်ရတာဆိုတော့ အလုပ်သမားကလည်းအပြိုင်ခေါ်ရတာ ဈေးကြီးတယ်။ ပေါင်းနုတ်လုပ်သားတစ်ဦးကို တစ်မနက်ကိုငွေကျပ် ၂၀၀၀၊ တစ်နေကုန် ၄၀၀၀ ပေးရတယ်ဗျ။ ဒီထဲ အလုပ်သမားရှားရတဲ့ကြားမှာ ကိုယ့်ရွာထဲကလူတွေက တခြားကိုပုတ်ပြတ်သွားလုပ်ကြတာက ရှိသေးတယ်။ တောင်သူကြီးတွေထက် ဒီအချိန်မှာ အလုပ်သမားက ငွေရှင်ကြတယ်ဗျ" ဟု အင်ပင်စမ်း ကျေးရွာမှ တောင်သူကြီးဦးလှအောင်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် နှမ်းအဖြူနှင့် နှမ်းအနက်နှစ်မျိုးနှင့် ပင်ထောင်မြေပဲ၊ ပဲစင်းငုံသီးနှံများကိုအားထားစိုက်ပျိုးကြရာ စိုက်ပျိုးရာသီက မျိုးဈေးအဖြစ် မြေပဲတစ်တင်းလျှင် ကျပ် ၅၀၀၀၀ ပေးရပြီး နှမ်းအနက်ကျပ် ၆၀၀၀၀၊ နှမ်းအဖြူ ကျပ် ၃၀၀၀၀ ပေးခဲ့ရကြောင်း သိရသည်။ ယမန်နှစ်က နှမ်းအဖြူဈေး ကျဆင်းခဲ့သဖြင့် ယခုနှစ်တွင် နှမ်းအနက်ကိုသာအားထားစိုက်ပျိုးခဲ့ကြောင်းလည်း သိရသည်။

စိုက်ပျိုးသီးနှံ ဖွံ့ထွားရှင်သန်မှုအား အဓိကအနှောင့်အယှက်ဖြစ်စေသည့် ပေါင်းမြက်သန့်စင်ရေးလုပ်ငန်းမှာလည်း တောင်သူများအတွက် အချိန်လု၍လုပ်ရသော လုပ်ငန်းဖြစ်ရာ အညာဒေသတွင် နေ့စားလုပ်သား ရှားပါးလာသည့်အပြင် ရှိသည့်အလုပ်သမားများကိုလည်း အလုအယက်ခေါ်ယူကြရသည်။ ပုတ်ပြတ်လုပ်ကိုင်ကြသူများသည် အလုပ်လုပ်မည့်အခင်းကို ကြိုတင်သွားရောက်လေ့လာရပြီး ယာခင်းရှင်နှင့် လုပ်အားခဈေးညှိနှိုင်း၍ လုပ်အားခအဖြစ် ငွေကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀၀ အထိ ယာခင်းအကျယ်ကို ကြည့်၍ ဈေးဖြတ်ကြောင်း သိရသည်။

ယင်းနောက် မိမိရွာမှစိတ်တူကိုယ်တူလုပ်အားတူသူချင်းစုကာ သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ပြီး ပုတ်ပြတ်လုပ်သားတစ်ဦးလျှင် တစ်နေ့လုပ်အားခကျပ် ၇၀၀၀ မှ ၁၀၀၀၀ ထိရရှိကြောင်း သိရသည်။

ပုတ်ပြတ်လုပ်သူများမှာ နံနက် ၇ နာရီမှစတင်၍ မိမိတို့လက်ခံထားသည့် ယာခင်းပြီးအောင် အချိန်လုလုပ်ကိုင်ကြသည်။ ပုံမှန်လုပ်သားများမှာ တစ်မနက် ၁၅၀၀၊ ၂၀၀၀ ကျပ်ပေးရ၍ တစ်နေကုန် ၃၀၀၀ ကျပ်မှ ၄၀၀၀ ကျပ်ထိ ပေးရသော်လည်း၊ နံနက်ပိုင်းတွင် ၈ နာရီခန့်မှ စတင်အလုပ်ဝင်၍ နံနက် ၁၁ နာရီတွင်ထမင်းစားနားကာ မွန်းလွဲ ၂ နာရီခန့်မှ ယာခင်းတွင်းပြန်ရောက်ပြီး ညနေ ၄ နာရီခွဲ၊ ၅ နာရီခန့်တွင် အလုပ်သိမ်းကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကယ်ဆယ်ရေးနှင့်လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်း ERSSDO ရုံးသစ်ဖွင့်

**ရန်ကုန် ဇွန် ၁၄**

တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဦးကိုကိုထွေးမိသားစုက လှူဒါန်းသည့် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း ERSSDO ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မုဒိတာအိမ်ရာဝင်း အထက်ဗဟိုလမ်းတွင် ဇွန် ၁၂ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က တိုင်းဒေသကြီးလွှတ်တော်အမှတ်(၁)မှ လွှတ်ကိုယ်စားလှယ် ဦးရန်ရှင်း၊ တိုင်းဒေသကြီးလွှတ်တော် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါ၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးဇွဲရန်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အသီးသီးက မုဒိတာစကားများ ပြောကြားခဲ့သည်။

ယင်းနောက် ERSSDO အသင်းအတွက်လှူဒါန်းသည့် အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် အသင်းရန်ပုံငွေအတွက် ငွေကျပ်သိန်း ၁၀၀ အား တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက လွှဲပြောင်းပေးအပ်လှူဒါန်းရာ လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း ERSSDO ဥက္ကဋ္ဌ ဦးဇွဲရန်နိုင်က လက်ခံရယူခဲ့ပြီး ဆက်လက်၍ အသင်းအတွက် မရမ်းကုန်းမြို့နယ် လှသီတာရွှေဆိုင်ပိုင်ရှင် ဦးအေးမြင့်က ငါးသိန်းလှူဒါန်းခဲ့သည်။

အခမ်းအနားတွင် လှူဒါန်းသည့်အလှူရှင်များနှင့် လစဉ်အလှူရှင်များအတွက် ဂုဏ်ပြုလွှာများပေးအပ်ခြင်း၊ အသင်းအတွက် လစဉ်ပရဟိတလုပ်ငန်းများ အကောင်းဆုံးဆောင်ရွက်နိုင်သူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲခူးမြို့တွင် ရေနုတ်မြောင်းတူးဖော်

**ပဲခူး ဇွန် ၁၄**

ပဲခူးမြို့ ကမာနတ်ကျေးရွာနှင့် ဗိုလ်ကုန်းရပ်ကွက် မြို့တော်ဦးပိုင်းတို့တွင် မိုးတွင်းကာလ ရေကြီးသည့်ဘေးမှလွတ်ကင်းရေး၊ ပဲခူး-သနပ်ပင်ကားလမ်း ရေတိုက်စားမှုမရှိစေရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးလျက်ရှိသည်။

ယင်းသို့တူးဖော်ရာတွင် ဇွန် ၁၀ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စိန်သာလျောင်းဘုရားလမ်းထိပ်ရှိ မြောင်းပွန်ပေါက်နှင့် ကမာနတ်ကျေးရွာ မုန့်ဟင်းခါးဖိုထိပ်ရှိ ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်စေရန် ဘက်ဟိုးယာဉ်တစ်စီးဖြင့်လည်းကောင်း၊ လူအင်အားဖြင့်လည်းကောင်း တူးဖော်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၅၈၈)**

# ယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါ (YOKKAICHI ASTHMA)

**ခ** စွမ်းထက်နောင်

ယိုကိုင်းချိ ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ဂျပန်နိုင်ငံ၌ အလွန်ကြီးမားသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများဖြစ်ပွားခဲ့သော ရောဂါလေးခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ဂျပန်နိုင်ငံယိုကိုင်းချိမြို့၌ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။ ရေနံနှင့် ရေနံစိမ်းများ လောင်ကျွမ်းရာမှ ကန့်ဆာလဖာအောက်ဆိုက်ဓာတ်ငွေ့ (Sulfur Oxide)များစွာ ထွက်ရှိမှုကြောင့် မြူမီးခိုးတိမ်များ ဖြစ်ပေါ်လာပြီး၊ ထိုမြူမီးခိုးများကို လူအများရှူ ရှိုက်ရသဖြင့် ရောဂါဖြစ်ပွားရခြင်းဖြစ်သည်။

မြူမီးခိုးများကို လူအများရှူရှိုက်ရခြင်းကြောင့် နာတာရှည်အဆုတ်ရောဂါ (Chronic Pulmonary Disease) နှင့် လေပြွန်ရောင်ခြင်း (Bronchitis)၊ အဆုတ်ပွခြင်း(Pulmonary Emphysema) ပန်းနာရင်ကျပ်ရောဂါများ၊ ထိုဒေသ ပတ်ဝန်းကျင်တွင် နေထိုင်သူများဖြစ်ပွားရပါသည်။ လေထုအတွင်း ဆာလဖာအောက်ဆိုက်များ ပျံ့နှံ့ရခြင်းမှာ ၁၉၅၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ရေနံဓာတုထုတ် လုပ်မှုလုပ်ငန်းများနှင့် ရေနံချက်စက်ရုံ များမှ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။


ဖြစ်ပွားရခြင်း အကြောင်းရင်းမှာ ၁၉၅၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် အဓိကစွမ်းအင်ထုတ်လုပ်မှုကို ကျောက်မီးသွေးလောင်စာမှ ရေနံသို့ ပြောင်းလဲသုံးစွဲရန် စတင်ခဲ့သည်။ အစိုးရ၏မူဝါဒ ပြောင်းလဲကျင့်သုံး၍ ရည်မှန်းချက် အောင်မြင်ရန် ဒိုင်အီချိ (Daichi) ရေနံဓာတုလုပ်ငန်းကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုလုပ်ငန်းတွင် ရေနံစိမ်းဆီများကို သန့်စင်ချက်လုပ်၍ လောင်စာများထုတ်လုပ်ခြင်း ရေနံဓာတုစီမံကိန်းနှင့် စွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းများပါဝင်ပြီး ဂျပန်တွင် ပထမဆုံးတည်ဆောက်သည့် ရေနံဓာတုလုပ်ငန်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ်တွင် ဂျပန်အစိုးရ ဝန်ကြီးချုပ်ဟာရာတိုအီခေဒ (Hayato Ikeda) က ၁၀ နှစ်အတွင်း ဂျပန်လူမျိုး များ၏ တစ်ဦးချင်းဝင်ငွေနှစ်ဆတိုးရန် ရေနံဓာတုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှာပင် အပြည်ပြည်ဆိုင်ရာ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ဒုတိယရေနံဓာတုလုပ်ငန်းစက်ရုံများကို ယိုကိုင်းချိမြောက်ပိုင်းတွင် တည်ဆောက်ခဲ့သည်။ ဝယ်ယူမှုကြားမှုများနှင့် ရောင်းအားတိုးတက်လာမှုကြောင့် ရေနံဓာတု ထုတ်လုပ်ကုန်များနှင့် မေ့ဆေး၊ ထုံဆေးတွင်အသုံးပြုသော အီသိုင်းဓာတ်ငွေ့ (Ethylene) များ ထုတ်လုပ်သော တတိယစက်ရုံကို တည်ဆောက်၍ ၁၉၇၂ ခုနှစ်တွင် ထုတ်လုပ်မှုစတင်ခဲ့သည်။ ယိုကိုင်းချိစက်ရုံများ သည် စွမ်းအင်လောင်စာများ ထုတ်လုပ်မှုပြုခဲ့ရာတွင် အခြားနိုင်ငံများထက် ကျောက်မီးသွေးမှ ရေနံထုတ် လုပ်မှုလုပ်ငန်းသို့ လျင်မြန်စွာ ကူး ပြောင်းနိုင်ခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရေနံစိမ်းများကို အဓိကတင်သွင်းခဲ့ပြီး ထိုရေနံများတွင် ကန့်ဆာလဖာ သုံးရာခိုင်နှုန်းထက်ပိုမိုပါဝင်သည့် ဓာတ်ပေါင်းများပါဝင်၏။ အဖြူရောင်ရှိသော မြူ မီးခိုးတိမ်များ မြို့ပေါ်အနှံ့အပြား ဖြစ်ပေါ်နေခြင်းမှာ ဆာလဖာကြောင့်ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် ပထမရေနံဓာတု စက်ရုံ စတင်ဖွင့်လှစ်လုပ်ကိုင်စဉ်ကပင် အဆုတ်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ပတ်ဝန်းကျင်ရှိလူအများ ခံစားရသော်လည်း ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားခံစားနေရကြောင်း မသိရှိကြပေ။ အဆောက်အအုံများထက် မြင့်သော ကောင်းကင်ထက်တွင် မီးခိုးမြူတိမ်များ ဖြစ်ပေါ်နေကြသည်ကို တွေ့မြင်နေရပြီး ထိုမီးခိုးမြူတိမ်များ ညစ်ညမ်းမှုများသည် ကျယ်ပြန့်သည့်ဧရိယာတွင် လေနှင့်အတူ ပြိုကွဲသွား၍ ကျန်းမာရေးထိခိုက်မှု၊ ခံစားမှုများကို ကူညီရန်တောင်း ခံသတင်းပို့မှုများသည်လည်းမရှိခဲ့ပါ။

ထိုအခြေနေတွင် ထူးခြားသည့် အကြောင်းအရာမှာ ထိုပတ်ဝန်းကျင်ရှိ အီးဆေးပင်လယ်အော် (Ise Bay) မှ ဖမ်းဆီးမိသောငါးများ



သည် အရသာမကောင်းတော့သဖြင့် ငါးဖမ်းသမားများက ၁၉၆၀ ပြည့်နှစ်တွင် အစိုးရထံသို့ ငါးများ၏ အခြေအနေပြောင်းလဲမှုကြောင့် ရောင်းမရသည့် ငါးများ အတွက် လျော်ကြေးငွေပေးရန် အသနားခံခဲ့ခြင်းဖြစ်သည်။

ထိုယိုကိုင်းချိ (Showa Yokkaichi) ရေနံဓာတုစက်ရုံမှ ဆီများနှင့် ထုတ်ကုန်များ မဝယ်ယူရန် အစိုးရက တရား ဥပဒေအရ အရေးယူဆောင်ရွက်မှုကို ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်ခဲ့သည်။ တရားဝင်လူပေါင်း ၅၄၄ ဦးခန့် ထိခိုက်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့သော်လည်း ထိုနှစ်မှာပင် ရောဂါဖြစ်ပွားသည့်အရေအတွက် တိုးတက်များပြားခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် သုတေသနပညာရှင်များ (Mie University Graduate School of Medicine) (Hiroshima University Natural Science Centre For Basic Research and Development) ကလေ့လာခဲ့ရာ တရားဝင်ထုတ်ပြန်ထားသည်ထက် ၁၀ မှ ၂၀ ဆအထိ သေဆုံးရမှုများပိုမိုများပြားကြောင်း တွေ့ရှိခဲ့သည်။

ယိုကိုင်းချိစက်မှု လုပ်ငန်းများက ထုတ်လွှင့်စွန့်ပစ်ခဲ့သော ဆာလဖါပါဝင်သည့် ညစ်ညမ်းသောလေများကို ရှူရှိုက်ခဲ့ရပြီး လေထုညစ်ညမ်းမှုများကြောင့် ပန်းနာရင်ကျပ်ရောဂါများဖြင့် သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ လေထုအတွင်း ပုံမှန်မဟုတ်သော ဆာလဖာပါဝင်သည့် မီးခိုးငွေ့များ များစွာ ဖုံးလွှမ်းနေသည့်အတွက် ဒေသအတွင်းရှိ လူများ၏ကျန်းမာရေးကို ထိခိုက်ရခြင်းဖြစ်၍ ထိုဧရိယာများတွင် ထိခိုက်ရောဂါဖြစ်ပွားမှုများ၏ ပြဿနာများကို စတင်ဖြေရှင်းရန်ကြိုးပမ်းမှုများမှာ မီးခိုးငွေ့မြူများကို ဖယ်ရှားရန်ဖြစ်၏။ ထိုယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါဖြစ်ပေါ်မှုသည် စက်မှုလက်မှုလုပ်ငန်းတိုးတက်သည့် နေရာဒေသများ၊ မက္ကဆီကိုနှင့် တရုတ်ပြည်တို့တွင်ပါဖြစ်ပွားခဲ့ကြောင်း သိရသည်။


၂၀၀၇ ခုနှစ်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများတွင် ရောဂါကျရောက်မှုကို လေ့လာခြင်းနှင့် ဂျပန်နိုင်ငံ ယိုကိုင်းချိ ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားမှုကို သင်ခန်းစာယူရန် မိုင်းတက္ကသိုလ် MIE University Graduate School of Medicine Department of Public Health and Occupiational Medicine မှ Katsumri Yoshida, Kumimasa Morio and Kazuhilo Yokoyama တို့မှ တင်ပြထားသည့် ပတ်ဝန်းကျင်လေ့လာမှုများကို ဖော်ပြလိုပါသည်။

သဘာဝပတ်ဝန်းကျင်အား အလွန် ထိခိုက်စေခဲ့သည့် ပြဿနာများသည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ ထပ်တလဲလဲ ဖြစ်ပေါ်ခဲ့ပါသည်။ ရေထုညစ်ညမ်းမှုကြောင့် မာကျူရီပြဒါးအဆိပ်သင့်ခြင်း၊ (မီနာမာတာရောဂါများ)မီနာမာတာနှင့် နီဂါတာတွင်ဖြစ်ပွားခြင်း၊ ကတ်တမီယမ်အဆိပ်သင့်ခြင်း (Kumamoto Minamata Diseae, Niigata Minata Disease, Ititaidisease) ဖြစ်ပွားမှုနှင့် လေထု ညစ်ညမ်းမှုကြောင့်ဖြစ်သည့် ယိုကိုင်းချိပန်းနာ ရင်ကျပ်ရောဂါဖြစ် ပွားမှု (Yokkaichi Asthma) လေးခုသည် ဂျပန်နိုင်ငံ၏ အထင်ရှားဆုံးပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်ပါသည်။ ယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါ သတိပြုခဲ့သည်မှာအဆုတ်ရောဂါ၊ အဆုတ်ပွခြင်း၊ ပန်းနာရင်ကျပ်ရောဂါစသည့် အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သော ရောဂါဖြစ်ပွားသောလူနာများတိုးတက်များပြားလာမှုကြောင့် ဖြစ်သည်။

လေထုထဲတွင် မြင့်မားသောပြင်းအားရှိသည့် ဆာလဖာအောက်ဆိုက် ဓာတ်ငွေ့များ များစွာပါဝင်ခြင်းကြောင့်ဖြစ်၏။ ထိုပြဿနာသည် ၁၉၅၇ ခုနှစ် ကတည်းက စတင်ဖြစ်ပွားခဲ့ပြီး အနှစ် ၂၀ ခန့် ဆက်တိုက်ဖြစ်ပွားနေခဲ့ပါသည်။ ဆာလဖာအောက်ဆိုက်ဓာတ် ငွေ့ထုတ်လွှင့်ခြင်းကို ၁၉၇၂ ခုနှစ်က ဥပဒေပြဌာန်းခဲ့၍ တဖြည်းဖြည်းနှင့် လျော့နည်းစေရန် ဆောင်ရွက်ခဲ့ပြီးမှ ထိုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ခဲ့၏။ ထိုအကြောင်းအရာများသည် ကမ္ဘာတစ်ဝှမ်းထင်ရှား ကျော်ကြားခဲ့သော လွန်စွာအရေးကြီးသည့် သင်ခန်းစာယူထိုက်သည့် အဖြစ်အပျက်အတွေ့အကြုံများ ဖြစ်ခဲ့သည်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် စက်မှုလုပ်ငန်းထုတ်ကုန် လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရပါသည်။ သွင်းကုန်များဖြစ်သော စက်မှုလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ရေနံ၊ သံနှင့်တွင်းထွက်၊ အလူမီနီယံစသည် သတ္တုပစ္စည်းများသည် အမေရိကန်ရေတပ်၏ တိုက်ခိုက်မှုနှင့် ဂျပန်နိုင်ငံ မြို့ပေါင်း ၂၀၀ ခန့်ကို ဗုံးကြဲတိုက်ခိုက်ခံခဲ့ရသောကြောင့် ဆုံးရှုံးခဲ့ရ၍ ၁၉၄၅ ခုနှစ်တွင် စက်မှုထုတ်ကုန်များလျော့နည်းသွားပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးမှု သည် ၁၉၁၀ ပြည့်နှစ် အခြေအနေအထိ နိမ့်ကျ ရောက်ရှိသွားခဲ့ပါသည်။ ၁၉၅၅ခုနှစ်တွင်မှ စစ်မဖြစ်မီက အခြေ အနေသို့ စက်မှုလုပ်ငန်းများ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ၂၀ ရာစုအကုန်၌ စက်မှုထုတ်ကုန်များ တစ်နှစ်တွင် ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့၍ စီးပွားရေးအလွန် တိုးတက်သော အချိန်ကာလဟုခေါ်ဆိုကြ၏။ စက်ရုံအသစ်များ တည်ဆောက်ပြီး စက်မှုလုပ်ငန်းတိုးတက်နေသည့် အမေရိကနှင့် ဥရောပနိုင်ငံများကို အမီလိုက်နိုင်ရန် ကြိုးပမ်းခဲ့ကြ၏။

**စာမျက်နှာ ၁၇ သို့**



# ယိုကိုင်းချိပန်းနာရင် . . .

စာမျက်နှာ ၁၆ မှ


အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရေနံစိမ်းများကို ဝယ်ယူ၍ စက်မှုလုပ်ငန်းများအနက်အလွန်ကြီးမားသည့် ရေနံ ဓာတုလုပ်ငန်းစက်ရုံကို ယိုကိုင်းချိမြို့ (Yokicaich) တွင် လုပ်ကိုင်ခဲ့ကြ၏။ ထိုစက်ရုံကို ၁၉၅၇ ခုနှစ် စတင်လည်ပတ်ခဲ့စဉ်ကပင် များစွာသော လူနာများရှိအိုဟာမ (Shiohama) ဆေးရုံသို့ချောင်းဆိုးခြင်း၊ ချွဲသလိပ်ထွက်ခြင်း၊ လည်ချောင်းနာခြင်းနှင့် ရင်ကျပ်ခြင်းကြောင့် အိပ်မရခြင်းစသည့် ရောဂါများဖြင့် ရောက်ရှိလာခဲ့သည်။ ထိုနည်းတူ ပတ်ဝန်းကျင်ရှိအီဆိုဇု မီဟာမ အခေဘိုနို (Isozu Mihama Akebono) ဒေသများတွင်လည်း ဖြစ်ပွားခဲ့သည်။ ထိုဒေသတွင်နေထိုင်သူများက မည်သည့်အတွက်ကြောင့် ဖြစ်ပွားသည်ကိုမသိရှိဘဲ ကံအကြောင်းမလှလို့ ဖြစ်တာပါဟု ယူဆနေကြသည်။ ထိုမြို့၏ ခရိုင် ၁၃ ခုတွင် ကျန်းမာရေးဝန်ထမ်းများက လေ့လာမှုအရ အသက်ရှူလမ်းကြောင်းရောဂါ ဖြစ်ပွားနေကြောင်းတွေ့ရှိရပါသည်။ ယိုကိုင်းချိ (Yokkaichi) မြို့သည် လူဦးရေထူထပ်ပြီး ဂျပန်နိုင်ငံ၏ အလယ်တွင်ရှိပါသည်။ ထိုမြို့သည် စက်မှုလုပ်ငန်းမြို့ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာဘက် ဂျပန်အာချိပီလေဂိုကျွန်းစု အီဆေး (Ise) ပင်လယ်အော်ကိုမျက်နှာမူထားသည်။

ထိုလုပ်ငန်းသည် ဂျပန်နိုင်ငံတွင် အကြီးဆုံးဖြစ်ပြီး ဆီများကို လောင်ကျွမ်းစေသည့် စွမ်းအင်စက်ရုံနှင့် ဆီများ သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်ပါသည်။ ထိုစက်ရုံသည် ဆာလဖာပါဝင်မှု သုံးရာခိုင်နှုန်းထက်များသော ရေနံစိမ်းများကို အသုံးပြုခဲ့သည်။ ဆာလဖာပါဝင်မှုကို လျှော့ချခြင်းများကို သင့်တော်သည့်တိုင်းတာမှုများ မပြုလုပ်ခဲ့ခြင်းကြောင့် တစ်နှစ်တွင် ဆာလဖာဒိုင်အောက်ဆိုက်ထုတ်လွှင့်မှုသည် တန်တစ်သိန်းထက် ကျော်လွန်တိုးတက်များပြားလာပြီး လူနေထူထပ်သည့်နေရာဒေသများတွင် တစ်ပီပီအမ် (1 ppm) ထက်များနေခြင်းကြောင့် ရောဂါများ ဖြစ်ပွားကြောင်း သိရှိရပါသည်။

၁၉၆၀ ပြည့်နှစ်က ထိုဒေသတွင် အသက်ရှူလမ်းကြောင်းရောဂါများ တိုးတက်ဖြစ်ပွားမှုများသည် ဂျပန်နိုင်ငံ၏ အဓိကကျန်းမာရေး ပြဿနာတစ်ခုဖြစ်လာခဲ့ပါသည်။ ၁၉၇၂ ခုနှစ်အထိ ထိုအကျိုးဆက်များကို တိုင်းတာစစ်ဆေး၊ ထိန်းသိမ်းရေးလုပ်ဆောင်ခဲ့ရပါသည်။ ထိုကဲ့သို့ လေထုညစ်ညမ်းမှု များပပျောက်စေရန် တရားဥပဒေအရ ကုမ္ပဏီခြောက်ခုကို အရေးယူဆောင်ရွက်ခဲ့ရပါသည်။ ကျန်းမာရေးကို ထိခိုက်စေသည့် လေထဲတွင် ဆာလဖာ အောက်ဆိုက် ပါဝင်ညစ်ညမ်းခြင်းကို လျော့နည်းရန်နှင့် အခြားဒေသများကဲ့သို့ ပုံမှန်ဖြစ်ရန် ဆောင်ရွက်နိုင်မှုသည် ၁၉၇၀ ခုနှစ် နှစ်ကုန်တွင်မှ ပြီးစီးခဲ့ပါသည်။ လေထုအတွင်း ဆာလဖာ အောက်ဆိုက် ပါဝင်မှုကို သုည ဒသမ ဝ၁ ပီပီအမ် အောက်အထိ လျှော့ချနိုင်ခဲ့ပါသည်။ များစွာသော စုံစမ်းစစ်ဆေးမှု များကို ၁၉၉၀ ပြည့်နှစ်အထိ ပြုလုပ်ခဲ့သည်။

လေ့လာမှုများအရ အလွန်ဆိုးဝါးသော ပန်းနာရင်ကျပ်ရောဂါများကြောင့် သေဆုံးရသူ များပြားလာခြင်းမှာ လေထုညစ်ညမ်းမှုကြောင့်ဖြစ်ရသည်ကိုသိရှိပြီး ချက်ချင်း အရေးယူဆောင်ရွက်ခဲ့သော်လည်း ထိုဧရိယာများ၌ လေထုညစ်ညမ်းမှုလျော့နည်းရန် ဆောင်ရွက်မှုမှာ လေးနှစ်မှငါးနှစ်အထိ ကြာမြင့်ခဲ့ပါသည်။ စက်မှုထုတ်ကုန်လုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုပြဿနာများဖြစ်ပေါ်ခဲ့ကြောင်း ပတ်ဝန်းကျင်အတွက် စဉ်းစားဆောင်ရွက်ရန် အားနည်းခဲ့ကြောင်း ဂျပန်အစိုးရက ဝန်ခံထားခဲ့ပါသည်။ ထိုညစ်ညမ်းမှုများကို ထုတ်ဖော်နိုင်ခဲ့ခြင်းမှာ ဂျပန်နိုင်ငံ၏ နည်းပညာခေတ်မီတိုးတက်မှုကြောင့်ဖြစ်သည်။





သို့သော်လည်း မဖွံ့ဖြိုးသည့်နိုင်ငံများတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားမှုများကို မသိရှိရုံတင်မက မိမိတွင် ဘာရောဂါဖြစ်နေသည်ကို မသိရှိဘဲ သေဆုံးမှုများစွာရှိခဲ့ပါသည်။ ဥပမာအားဖြင့် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကြောင့် ရောဂါဖြစ်ပွားမှု သတ္တုတူးဖော်မှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဓာတုပစ္စည်းများကို အသုံးပြုထုတ်လုပ်မှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် လေထုညစ်ညမ်းမှုများ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းများကြောင့် ပြည်သူများ ရောဂါဖြစ်ပွားခံစားနေရပါသော်လည်း မိမိဘာကြောင့်ရောဂါဖြစ်ရသည်ကို သိရှိသူများ နည်းပါးလျက်ရှိသည်ကို ဝမ်းနည်းစွာတွေ့မြင်နေရသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးသည် ကမ္ဘာ့လူသားများအဓိကရင်ဆိုင်တွေ့ကြုံနေရသည့် ပြဿနာများဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများ၏အစိုးရများက လေထုညစ်ညမ်းမှုကို လေ့လာစောင့်ကြည့်ပြီး လေ၏အရည်အသွေးကို တိုင်းတာစစ်ဆေးနေကြသည်။ လေထုအတွင်းညစ်ညမ်းစေသည့်ပစ္စည်းများပါဝင်မှုနှင့် လုံခြုံစိတ်ချရသော လေထု၏ အရည်အသွေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သဘာဝအရင်းအမြစ်များ ထိခိုက်ပျက်စီးမှုများအပေါ်လည်း ဆန့်ကျင်အရေးယူဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးစနိုင်ငံများ၏ အစိုးရများသည် နိုင်ငံအတွင်းရှိ စက်ရုံအလုပ်ရုံများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများမှထွက်ရှိသော လေထုညစ်ညမ်းမှုများကို ထိန်းချုပ်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။



ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများ၏ အစိုးရများက နိုင်ငံ၏စီးပွားရေးစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလောဖြစ်ပေါ်မည့် အကျိုးစီးပွားကိုသာ ဦးစားပေးမဆောင်ရွက်ဘဲ ထိုလုပ်ငန်းများမှ ထွက်ပေါ်တတ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူအများအပေါ် သက်ရောက်စေသည့် ဆိုးကျိုးများကို ဉာဏ်ပညာအမြော်အမြင်များဖြင့်တိုင်းပြည်၏ သဘာဝပတ်ဝန်းကျင်တည်တံ့ရေးကို လေ့လာသုံးသပ်ဆောင်ရွက်နေကြသည်။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းတည်တံ့ရေးနှင့် ညစ်ညမ်းမှု မဖြစ်စေရေးသည် အလွန်အရေးကြီးပါသည်။

အထက်ပါ ဆာလဖာဓာတ်ငွေ့အဆိပ်သင့်သည့် အဖြစ်အပျက်သည် လူသားများ၏ အရေးပါသော နေထိုင်မှု ဘဝဖြစ်စဉ်များကို သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ပျက်သုဉ်းစေနိုင်ကြောင်းကို သတိပေးနေသော သင်ခန်းစာယူသင့်သည့် အဖြစ်အပျက်များဖြစ်သည်။ ထိုသင်ခန်းစာယူသင့်သည့် အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် သဘာဝသစ်ပင်၊ တောတောင်၊ မြစ်ချောင်းများကို မြတ်နိုးချစ်ခင်တတ်ပြီး တည်တံ့နိုင်ရေးအတွက် ပြည်သူပြည်သားများအား တွန်းအားပေးသည့် အင်အားတစ်ခုပင်ဖြစ်ပါလိမ့်မည်ဟု ထင်မြင်မျှော်လင့်ရေးသားအပ်ပါသည်။

အလွန်ဆိုးဝါးသော ပန်းနာရင်ကျပ်ရောဂါများကြောင့်သေဆုံးရသူများပြားလာခြင်းမှာ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ရသည်ကိုသိရှိပြီး ချက်ချင်းအရေးယူဆောင်ရွက်ခဲ့သော်လည်း ထိုဧရိယာများ၌ လေထုညစ်ညမ်းမှုလျော့နည်းရန် ဆောင်ရွက်မှုမှာ လေးနှစ်မှငါးနှစ်အထိကြာမြင့်ခဲ့ပါသည်။ စက်မှုထုတ်ကုန်လုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှု ပြဿနာများဖြစ်ပေါ်ခဲ့ကြောင်း ပတ်ဝန်းကျင် . . .



# အခြေခံဂျပ်ခုတ်သင်တန်းအမှတ်စဉ်(၂/၂၀၁၆)ဖွင့်

**လှိုင်ကော် ဇွန် ၁၄**

ကယားပြည်နယ် အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းနှင့် AVSI(Association of Volunteers in International Service Foundation) တို့ ပူးပေါင်းဖွင့်လှစ်သော ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ်(၂/၂၀၁၆) ဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခန့်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ခင်ဝင်းကြည်၊ ကယားပြည်နယ်၊ Mercy Corps (ပေါင်းစည်းလက်)စီမံကိန်း မန်နေဂျာ ဦးမြတ်သူနှင့် AVSI (ပေါင်းစည်းလက်) မှ တာဝန်ခံ ဒေါ်အယ်နီကွင်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားမှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ယခုဖွင့်လှစ်သော အခြေခံဂျပ်ခုတ်သင်တန်းသို့ သင်တန်းသူ ၁၀ ဦးတက်ရောက်သင်ကြားပြီး သင်တန်းကာလ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းသို့ အခမဲ့တက်ရောက်သင်ကြားနိုင်ရေး AVSI နှင့် ပူးပေါင်းဆောင်ရွက်ထားသည်။

**ကယားပြည်နယ်(ပြန်/ဆက်)**

# သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲပြုလုပ်

**တောင်ကြီး ဇွန် ၁၄**

မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဦးဆောင်ကျင်းပသော သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကုန်စည်ပြပွဲကို ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဇွန် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကုန်စည်ပြပွဲဆိုင်းဘုတ်ရှေ့တွင် ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးစိုင်းစွံဆိုင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ Deputy Chief of Mission miss Ms.Kriste.F.Burer၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ရှမ်းပြည်နယ်တောင်ပိုင်း အသင်းခွဲဥက္ကဋ္ဌ ဦးခင်အောင်၊ ဂျာမဏီနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(GIZ)မှ Country Director Dr.Petra Schill တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်းသိရသည်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်နိုင်ငံသံရုံးမှ Deputy Chief of Mission miss Ms.Kriste.F.Burer၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ရှမ်းပြည်နယ်တောင်ပိုင်းအသင်းခွဲဥက္ကဋ္ဌ ဦးခင်အောင်နှင့် ဂျာမဏီနှင့်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (GIZ)မှ Country Director Dr. Petra Schill တို့က အဖွင့်စကားပြောကြားခဲ့သည်။

သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ပြိုင်ပွဲဆုရသူများကို ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က စိန်တလုံးသရက်သီး ပထမဆုရရှိသော ဦးကျော်စွာအား ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက ကြက်သွန်ဖြူတွင် ပထမဆုရရှိသော ဦးဝင်းနိုင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးစိုင်းစွံဆိုင်းက အာလူးတွင် ပထမဆုရရှိသော ဦးဝင်းနိုင်အုန်းတို့အား ဆုများအသီးသီးချီးမြှင့်ပေးခဲ့သည်။

သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲအခမ်းအနားအပြီးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက ခင်းကျင်းပြထားသော သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ရက် ၁၀၀ စီမံချက်ဖြင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွားသင်တန်းဖွင့်လှစ်

**ဘားအံ ဇွန် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်းကို ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲက ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားပါက ဖြစ်ပွားရာဒေသမှ ရပ်ရွာလူထုသည် ပထမဦးဆုံးရင်ဆိုင် ဖြေရှင်းရမည့်သူများဖြစ်သည့်အတွက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ အား ဇွန် ၁၃ ရက်မှ ၁၅ ရက်ထိ ၃ ရက်ကြာ ဆင့်ပွားသင်တန်းပေးခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ် သဘာဝဘေးဖြစ်ပွားမှုအနေဖြင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လအတွင်း ရေကြီးမှုများကို နှစ်ကြိမ် ကြုံတွေ့ခဲ့ရပြီး ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်မြို့နယ်တို့၌ ပထအကြိမ်တွင် ရေဘေးစခန်းလေးခု၊ ဒုတိယအကြိမ်တွင် ရေဘေးစခန်း ၁၅ ခု ဖွင့်လှစ်ခဲ့ရပြီး အိမ်ထောင်စုပေါင်း ၁၃၉၉ စု၊ လူဦးရေ ၇၅၂၆ ဦး ရေဘေးသင့်ခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ၄၅၄ ဒသမ ၄၅ သန်းရှိပြီး လယ်ယာကဏ္ဍနှင့် လမ်းတံတားပျက်စီးခြင်းတို့ အများဆုံးဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက "သင်တန်းမှရရှိသော အသိပညာများဖြင့် မိမိရပ်ရွာတွင် သဘာဝဘေးလျော့ပါးရေး အသိပညာများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေပြီး သဘာဝဘေးဒဏ်ကို ခုခံကာကွယ်နိုင်စွမ်းရှိသော ရပ်ရွာလူထုများအဖြစ် ရပ်တည်နိုင်စေရန် ဆောင်ရွက်ပေးကြပါ" ဟု သင်တန်းသား၊ သင်တန်းသူများအား မှာကြားခဲ့သည်။

ထို့နောက် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက သင်တန်းသားများအတွက် ဆေးစိမ်ခြင်ထောင်များပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးလင်းထွဋ်က ဘားအံမြို့နယ် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများဆောင်ရွက်ရန် Hand Speaker များပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်က လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဗမာတိုင်းရင်းသားလူမျိုးရေးဝန်ကြီးဦးတေဇထွဋ်လှိုင်ထွေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သဖန်းဆိပ်ဆည်အတွင်း သွားလာနေသော ရေကြောင်းခရီးသည်များ အန္တရာယ်ကင်းရန် ရည်ရွယ်၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျွန်းလှ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မီးသတ်ဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် သဖန်းဆိပ်ဆည်အတွင်း သွားလာနေသော ရေကြောင်းခရီးသည်များ အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ ငါဘတ်အိုင်လှေဆိပ်တွင် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများက သက်ကယ်အင်္ကျီဝတ်ဆင်အသုံးပြုနည်း၊ မီးသတ်ဆေးဘူးသုံးစွဲနည်း၊ ရေနစ်သူအားလက်တွေ့ ကယ်ဆယ်နည်းတို့ကို ဇွန် ၇ ရက်က ပညာပေးသရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးတို့က ကြည့်ရှုအားပေးကြပြီး စက်လှေပိုင်ရှင်များနှင့်တွေ့ဆုံ၍ သက်ကယ်အင်္ကျီ၊ မီးသတ်ဆေးဘူး၊ ဘောကွင်းနှင့် ပလတ်စတစ်ရေဘူးများထားရှိရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ချမ်းမြေ့ဇေယျာဓမ္မစကူးအမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲ မန်းသီတာသာသနာ့ဗိမာန်တော်၌ ကျင်းပ

**ပဲခူး ဇွန် ၁၄**

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ် မန်းသီတာ သာသနာ့ဗိမာန်တော်၌ ဇွန် ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် စတုတ္ထအကြိမ်မြောက် ချမ်းမြေ့ဇေယျာဓမ္မစကူးသင်တန်းဖွင့်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ နမောတဿ(၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပေးပြီး ပဲခူးမြို့ ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ်မှ ဘဒ္ဒန္တဥက္ကံသာလင်္ကာရ ဆရာတော်နှင့် ချမ်းမြေ့ဇေယျာဓမ္မစကူးကျောင်းမှ သင်တန်းမှူး ဘဒ္ဒန္တသီရိန္ဒဆရာတော်တို့ထံမှ ဩဝါဒကထာနာယူခဲ့ကြသည်။

ယင်းနောက် ပဲခူးမြို့နယ်ပညာရေးမှူး ဆရာကြီးဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်လက်၍သင်တန်းမှူးဆရာ ဦးသိန်းထိုက်လင်းက ကလေးသူငယ် ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာပြီး စိတ်ဓာတ်ကောင်းများ အရှည်ခိုင်မာလာစေရန် ရည်ရွယ်၍ဖွင့်လှစ်ပေးခဲ့ကြောင်းပြောကြားခဲ့သည်။

ယင်းနောက် နာယက ဦးညီညီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းသင်တန်းကို ပထမတန်းမှ ဆဋ္ဌမတန်းထိ ကျောင်းသား၊ ကျောင်းသူ ၂၃၅ ဦး တက်ရောက်ကာ ဆရာ၊ ဆရာမ ၂၄ ဦးတို့က သင်ကြားပေးသည်။ သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားမည်ဖြစ်ပြီး စေတနာရှင်များ၏ မတည်ငွေ ကျပ် ၆၇၀၀၀၀ ဖြင့်ဖွင့်လှစ်ကာ အပတ်စဉ်စေတနာရှင်များက အာဟာရဒါနများ လှူဒါန်းလျက် ရှိကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ပြောင်းလဲချိန်တွင် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော လယ်ထွန်စက်ဈေးနှုန်းများ လိုင်စင်ရကားဈေးနှုန်းထက် မြင့်နေ

**မကွေး ဇွန် ၁၄**
မကွေးတိုင်းဒေသကြီး မကွေးမြို့ ဖုတ်ကုန်း၊ လျှောင်းတော်ဦး၊ ဆူးကောက်စမ်း၊ ရှားပင်လှကျေးရွာများအပြင် မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များမှတောင်သူကြီးများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ချိန်များတွင် စိုက်ပျိုးရေးအတွက်အသုံးပြုရန် လယ်ယာသုံးထွန်စက်များ အရစ်ကျစနစ်ဖြင့်လည်းကောင်း ငွေကျေချေစနစ်ဖြင့်လည်းကောင်း ဝယ်ယူကြရာတွင် လိုင်စင်မရရှိသည့် လယ်ထွန်စက်များမှာ လိုင်စင်ပါသည့် ကားဈေးနှုန်းများထက် ဈေးများနေကြောင်း သိရသည်။

"ဒီနေ့ နိုင်ငံတော်အစိုးရက တောင်သူလယ်သမားတွေအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာ လယ်ယာမြေအတွက် ထွန်ယက်အသုံးပြုရမယ့် လယ်ထွန်စက်ဈေးနှုန်းကိုလည်း ပြုပြင်သင့်ပါတယ်။ လိုင်စင်မပါတဲ့ လယ်ထွန်စက်တွေ ကျပ်သိန်းနှစ်ရာကျော်ကနေ ကျပ်သိန်းသုံးရာ၊ ကျပ်သိန်းပေါင်းသုံးရာ့ငါးဆယ်ဖြစ်နေတော့ လိုင်စင်ပါတဲ့ဇိမ်ခံကားတွေ၊ အိမ်စီးကားတွေထက် ဈေးနှုန်းကမြင့်နေတယ်။ တရုတ်၊ ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယကလာတဲ့ လယ်ထွန်စက်တွေကို ကုမ္ပဏီနဲ့ သမဝါယမဦးစီးဌာနတို့ ပူးပေါင်းရောင်းချပေးတယ်။ လယ်ယာစိုက်ပျိုးချိန်နဲ့ ထွန်ယက်ချိန်တွေမှာပဲ အသုံးပြုပြီး ကျန်တဲ့အချိန်တွေ အိမ်မှာထိုးထားရတယ်။ ထွန်စက်တောင်သူတွေ ကုန်ကျစရိတ်များသလို ငှားရတဲ့တောင်သူမှာလည်း မလိုအပ်တဲ့ ကုန်ကျစရိတ်ပိုပေးနေရတယ်" ဟု တောင်သူလယ်သမားသမဂ္ဂဘဏ္ဍာရေးမှူး ဦးလူတင့်က ပြောသည်။

ဖုတ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးကလည်း "ကျွန်တော်တို့ လယ်ထွန်စက်ဝယ်တော့ ဆိုနာလီကာတစ်စီး သတ်မှတ်ဈေး ကျပ်သိန်းနှစ်ရာငါးဆယ်၊ ကျပ်သိန်းသုံးရာကနေ ကျပ်သိန်းသုံးရာ့ငါးဆယ်အထိရှိတယ်။ အမိုးမပါ အပိုပစ္စည်းမပါဝယ်ရတယ်။ ပထမအရစ်အနေနဲ့ ဆိုနာလီကာတစ်စီးအတွက် ကျပ်သိန်းငါးဆယ်သွင်းရတယ်။

'အတိုးနှုန်းက တစ်ကျပ်နှစ်ဆယ့်ငါးပြားတိုးနဲ့ ၆ လတစ်ကြိမ်အရင်းအတိုးဆပ်ရတယ်။ ယာထွန်တဲ့ ၆ သွား၊ ၁၆ သွားက သတ် သတ်ဝယ်ရတယ်။ တစ်ခုကို ကျပ်သုံးဆယ့်ခြောက်သိန်းအရင်စသွင်းရတယ်။ အပိုပစ္စည်းဆိုလို့ ဂွင်းဂွတောင်မပါဘူး။ပြုပြင်ဖို့ အိတ်စိုက်ပြုပြင်ရတယ်။ ကုမ္ပဏီကစဝယ်စဉ်က အသေးစားပြုပြင်မှုကို တာဝန်ယူပေးမယ်ပြောပေမယ့် အကြောင်းကြားတာတောင်မလာပါဘူး။ လိုင်စင်မပါတဲ့ ထွန်စက်တစ်စီးရဲ့တန်ဖိုးနဲ့ယှဉ်ရင် အိမ်စီးကားတစ်စီး ကျပ်သိန်းငါးဆယ်ကနေ သိန်းနှစ်ရာပတ်ဝန်းကျင်ပဲရှိတော့ ကျွန်တော်ဝယ်ရတဲ့ လိုင်စင်မပါထွန်စက်တွေက ဈေးနှုန်းမြင့်နေတော့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ စီမံဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကအားထား၍ စိုက်ပျိုးလာသောတောင်သူကြီးများ လက်မှုလယ်ယာမှ စက်မှုလက်ယာသို့ တိုးတက်စိုက်ပျိုးလာကြကြောင်း မြန်မာနိုင်ငံ၏ စီးပွားရေး ၄၂ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးကဏ္ဍများကို အခြေပြုလျက်ရှိသဖြင့် စက်မှုလယ်ယာသုံးထွန်စက်များ လိုင်စင်နှင့်တကွ သက်သာသောဈေးနှုန်းဖြင့် ရောင်းချစေလိုကြောင်း တောင်သူကြီးများကပြောသည်။

**ခွဲထက်ရှင်**



## လှိုင်သာယာမြို့နယ်တွင် ရက် ၁၀၀ သစ္စာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်



**ရန်ကုန် ဇွန် ၁၄**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ရက် ၁၀၀ သစ္စာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရွှေသံလွင်စက်မှုဇုန်ရှိ East Groth အထည်ချုပ်စက်ရုံလုပ်သားအချို့တွင် လိုအပ်ချက်ရှိနေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီကစတင်၍ ညနေ ၄ နာရီခွဲအထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရေညက်ကုံကျေးရွာအုပ်စု ရွှေသံလွင်စက်မှုဇုန် မင်းကြီးမဟာမင်းခေါင်လမ်း ခြံအမှတ် (၁၀၆) ရှိ East Groth အထည်ချုပ်စက်ရုံလုပ်သားများတွင် လိုအပ်ချက်ရှိနေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လုပ်ငန်းခွင်မပျက် ဆောင်ရွက်ပေးခြင်းအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်၏ အနီးကပ်လမ်းညွှန်ကြီးကြပ်မှုဖြင့် မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးအုန်းလွင်၊ လှိုင်သာယာမြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းတို့က ဌာနဝန်ထမ်း ၁၂ ဦး၊ လုပ်အားပေး ၁၂ ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ရာ သာမန်ရွှေ့ပြောင်းအိမ်ထောင်စု ၄၉ စု၊ ကျား ၃၂ ဦး၊ မ ၇၇ ဦး စုစုပေါင်း ၁၀၉ ဦးနှင့် ယာယီရွှေ့ပြောင်းအိမ်ထောင်စု ၂၀ စု၊ ကျား ၂၂ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၄၆ ဦးတို့ကို လမ်းညွှန်ချက်နှင့်အညီ စိစစ်ပေးနိုင်ခဲ့သလို မြို့နယ်အိမ်ထောင်စုစာရင်းဝင်သူများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနိုင်သူ နိုင်(၆) က ၉ ဦးအား နိုင်-၂ စာရင်းကောက်ယူဆောင်ရွက်ပေးခဲ့သည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

## အလုပ်အကိုင် အခွင့်အလမ်းများ ဘယ်လိုဖန်တီးကြမလဲ ခေါင်းစဉ်ဖြင့်ဆွေးနွေး

**ပခုက္ကူ ဇွန် ၁၄**
မကွေးတိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဘယ်လိုဖန်တီးကြမလဲခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို BBC Media Action က ဦးဆောင်၍ ဇွန် ၁၂ ရက်က ပခုက္ကူမြို့ အောင်သရဖူခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးအတွင်းမှ အလုပ်အကိုင်အခွင့်အလမ်း လိုအပ်လျက်ရှိသည့် လူငယ် ၅၀ ဦးခန့် တက်ရောက်ပြီး မိမိတို့ဒေသအတွင်းလိုအပ်လျက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်ပြီး မေးမြန်းဆွေးနွေးကြရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်၊ မကွေးတိုင်းဒေသကြီး အသေးစားအလတ်စားစက်မှုဝန်ကြီးဌာနမှ ဒေါ်မြင့်မြင့်ထွေး၊ မကွေးတိုင်းဒေသကြီး လူငယ်ခေါင်းဆောင် ဦးရဲထွဋ်နှင့် ဦးတင့်ဇော်ဟိန်းတို့က မေးမြန်းချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လူငယ်များက မိမိဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုနှင့်ပတ်သက်ပြီးလည်းကောင်း၊ မိမိဒေသထွက်ကုန်များကို မိမိဒေသမှာပင် အလတ်စားစက်မှုလုပ်ငန်းများလုပ်ကိုင်လိုမှုနှင့်ပတ်သက်၍လည်းကောင်း မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

## လေပြင်းတိုက်ခတ်ခံရသော အိမ်ထောင်စုဝင်များ အိမ်ပေါင်း၍နေထိုင်ကြရ

**နောင်ချို ဇွန် ၁၄**
နောင်ချိုမြို့နယ် နောင်တောကျေးရွာအုပ်စု သရက်ချိုကျေးရွာတွင် ဇွန် ၁၀ ရက်ညနေ ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၂ လုံး အမိုးလန်ပျက်စီးသွားခဲ့သည်။ မိုးနေ့စဉ်ရွာသွန်းနေသောကြောင့် ပျက်စီးသွားသောအိမ်ထောင်စုဝင်များသည် သရက်ချိုကျေးရွာရှိ လေဒဏ်ခံနိုင်သော နေအိမ်များတွင် စုပေါင်း၍နေထိုင်ကြရသည်ဟု သိရသည်။

ကျေးရွာပြည်သူတစ်ဦးက "လေဘေးသင့်ပျက်စီးသွားတဲ့ အိမ်တွေကို ကျေးရွာပြည်သူတွေရဲ့ စုပေါင်းအားနဲ့ ရှင်းလင်းဆောင်ရွက်နေကြပါတယ်။ မိုးကလည်း အဆက်မပြတ် ရွာတာဆိုတော့ ခရီးမတွင်ဘူး။ စေတနာရှင်ပြည်သူတွေရဲ့ အကူအညီတွေ လိုအပ်နေပြီ" ဟု ပြောသည်။

အဆိုပါ ပျက်စီးဆုံးရှုံးသွားသော နေအိမ်၊ အဆောက်အအုံများကို နောင်တောကျေးရွာအုပ်စု ဒေသခံပြည်သူများနှင့် ပရဟိတလူငယ်အသင်းတို့ ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်နေကြသည်။

**စိုးဝင်း(နောင်ချို)**

မြို့အဝင်အထွက် သာယာလှပရေးရည်ရွယ်၍ မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကာ ဇွန် ၈ ရက်၊ နံနက် ၇ နာရီက မြောင်းမြမြို့အဝင် အဝေးပြေးကားလမ်းဘေးဝဲယာတွင် အရိပ်ရပင်၊ ပန်းအလှပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**အောင်မင်း(မြောင်းမြ)**



## စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်း (၁/၂၀၁၆) ဖွင့်လှစ်

**တောင်ကြီး ဇွန် ၁၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း (၁/၂၀၁၆) ကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် လူဦးရေ ၅ ဒသမ ၈ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်၍ တောင်သူလယ်သမား၏ လူနေမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား ကြိုးပမ်းလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍကပါဝင်နေသော ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် အဓိကကျသဖြင့် ယနေ့သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဝန်ထမ်းများသည် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းစနစ်များ၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးနည်းပညာများ စသည့်စိုက်ပျိုးရေးဆိုင်ရာပညာရပ်များကို တောင်သူလယ်သမားများလက်ဝယ်အရောက် ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ရှမ်းပြည်နယ်အတွင်း နေရာအနှံ့အပြား စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်မှာဖြစ်ပြီး လက်တွေ့စိုက်ပျိုးထုတ်လုပ်နေသောတောင်သူလယ်သမားများကိုလည်း စွမ်းရည်မြှင့်သင်တန်းများပေးရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးသိန်းဝင်းက သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုပြည်နယ်ဦးစီးမှူး၊ ဦးလှိုင်မင်းထွန်းက သင်တန်းဆိုင်ရာအချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူး ၄၁ ဦး တက်ရောက်၍ သင်တန်းကို နှစ်ရက်ပို့ချခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မိုးရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်း ပေါက်ပြဲပျက်စီး



**မိုးကုတ် ဇွန် ၁၄**
မိုးကုတ်မြို့တွင် ဇွန်လဆန်း ပထမပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ပြောင်းပြင်ကျေးရွာနှင့် မြေမဲကျေးရွာတို့ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ပေါက်ပြဲပျက်စီးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းပျက်စီးသည့်နေရာတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် မြေမဲကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက "ဒီရက်ပိုင်းမိုးကအဆက်မပျက်ရွာနေပြီး မနေ့ညက မိုးသည်းလို့ ဒီနေ့မနက် မြေမဲကနေ ပြောင်းပြင်သွားတဲ့လမ်းမှာ လမ်းနှုတ်ခမ်းသားတစ်ခုပြိုကျခဲ့ပြီး လမ်းပေါက်ကြီးတစ်ခုလည်း ပေါက်ပြဲသွားပါတယ်။ အခုကျွန်တော်တို့ရွာနှစ်ရွာက ရွာသားတွေပေါင်းပြီး ပြုပြင်ကြပါတယ်။ လမ်းပြုပြင်ရေးမှာလိုအပ်တဲ့ ကျောက်တုံးတွေတော့ ရတနာရှင်ကျောက်မျက်ကုမ္ပဏီက ကုန်တင်ကားတွေနဲ့ လာရောက်ချထားပေးတဲ့အတွက် လုပ်ငန်းတွင်ပါတယ်" ဟု ပြောပြခဲ့ပြီး အဆိုပါကျေးရွာချင်းဆက်လမ်းအား နေ့ချင်းပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## လွိုင်လင်မြို့ကျက်သရေဆောင်မြကန်သာရေကန်ပတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကွတ်ချိုးကန် တူးဖော်ခြင်း ဆောင်ရွက်



**လွိုင်လင် ဇွန် ၁၄**
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ကျပ်သန်း ၂၃၀ ဖြင့် လွိုင်လင်မြို့ကျက်သရေဆောင် မြကန်သာရေကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ ရေဝပ်ဧရိယာမှော်ဆယ်ခြင်းနှင့် မြို့ရေပေးဝေရေးအတွက် ကွတ်ချိုးကန်တူးဖော်ခြင်းလုပ်ငန်းများကို ဇွန်လဆန်းမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ မြို့ကျက်သရေဆောင် မြကန်သာရေကန်သည် အကျယ် ၃၇ ဧကရှိကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ဆည်မြောင်းဦးစီးဌာနမှ အဆိုပါရေကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ သန့်ရှင်းသာယာလှပရေးအတွက် ရေဝပ်ဧရိယာမှော်ဆယ်ယူခြင်းနှင့် ကွတ်ချိုးကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများကို ဇွန်လဆန်းပိုင်းမှစတင်၍ စက်သုံးစီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ကန်ပတ်လည်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းသည် အရှည်ပေ ၁၁၀၀၀ ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပထမအဆင့်တွင် လမ်းအရှည်ပေ ၁၁၀၀၀ အနက် ပေ ၂၀၀၀ ခန့်ကို ဖြုန်းသဲခင်းခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွတ်ချိုးကန်တူးဖော်ခြင်းလုပ်ငန်းအတွက် လတ်တလောမိုးအဆက်မပြတ်ရွာသွန်းထားသောကြောင့် မြေပျော့လွန်းသဖြင့် လုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားကြောင်း၊ ကွတ်ချိုးကန်သည် နှုန်းတားကန်အဖြစ်တည်ဆောက်ပြီး မြို့ရေပေးဝေရေးလုပ်ငန်းများကို စည်ပင်သာယာရေးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေတင်ခြင်းလုပ်ငန်းကို လျှပ်စစ်ဌာနမှ ထရန်စဖော်မာတပ်ဆင်ပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၂၃၀ ခွင့်ပြုထားကြောင်း အထက်ပါ တာဝန်ရှိသူက ဇွန် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိ လွိုင်လင်မြို့ရေပေးဝေရေးလုပ်ငန်းကို နောင်တောင်ရေကန်မှ ပေးဝေလျက်ရှိသည်။ နောင်တောင်ရေကန်သည် စိမ့်စမ်းရေထွက်ကန်ဖြစ်ရာ မြို့လူဦးရေတိုးတက်များပြားလာခြင်းနှင့် နွေအခါတွင် ရေလျော့နည်းလျက်ရှိပြီး ရေပေးဝေရေးလုပ်ငန်းတွင် လုံလောက်မှုနည်းပါးလာသဖြင့် ကော်မတီသုံးရပ်မှ မြကန်သာရေကန် သန့်ရှင်းသာယာလှပပြီး ရေပေးဝေရေးလုပ်ငန်းအတွက် အထောက်အကူပြုနိုင်မည်ဖြစ်၍ ရှမ်းပြည်နယ်အစိုးရသို့ တင်ပြတောင်းခံရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုချထားပေး၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ဘီးလင်းမြို့နယ်တွင်တောင်သူပညာပေးလယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းအမှတ်စဉ် (၂/၂၀၁၆) ဖွင့်လှစ်

**ဘီးလင်း ဇွန် ၁၄**
သထုံခရိုင် ဘီးလင်းမြို့နယ်တွင် တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းအမှတ်စဉ် (၂/၂၀၁၆) ဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက အမှတ်(၃၇)စက်မှုလယ်ယာစခန်း၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ဂွတ်ဘရားသားကုမ္ပဏီ ဘီးလင်းမြို့နယ်တာဝန်ခံက လယ်ယာသုံးစက်ပစ္စည်းများအကြောင်း မိတ်ဆက်ပြောကြားပြီး ဖွင့်ပွဲသို့တက်ရောက်လာကြသူများက ပြသထားသော လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

"ကျွန်တော်တို့ လယ်ယာလုပ်ငန်းခွင်မှာဆို စက်ကိရိယာတွေနဲ့ပဲ အလုပ်လုပ်နေကြပြီလေ။ ဒါကြောင့်ဒီစက်ကြီးတွေကို စနစ်တကျထိန်းသိမ်းမောင်းနှင်တတ်ဖို့ကလည်း အရေးကြီးတယ်။ ဒါကြောင့်မို့ အခုဖွင့်လှစ်တဲ့ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ ဒေသခံတောင်သူသင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **အေးမျိုးမျိုးစံ(ဘီးလင်းပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်သ/မအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၄**
နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၉ ရက် နံနက် ၉ နာရီက အသင်းစုရုံးခန်းမ၌ ကျင်းပသည်။

သဘာပတိ အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး**(ယာပုံ)** နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားအသီးသီးပြောကြားသည်။



ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီအရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားအတည်ပြုချက်ရယူသည်။ ထို့နောက် သက်တံရောင်ချေးငွေ၊ အသင်းချေးငွေနှင့် Exim Bank ချေးငွေများကို သတ်မှတ်ကာလအတွင်း အပြေအကျေပေးဆပ်နိုင်ခဲ့သည့် အခြေခံသမဝါယမအသင်းများအား ဆုချီးမြှင့်ပြီး အသင်းဝင်များ၏ အကြံပြုချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် တာဝန်ရှိသူများ၊ အသင်းစုဒါရိုက်တာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြေခံ သမဝါယမအသင်းဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်

**မြင့်သန်း**

# လက်တွေ့အသုံးချဆေးနည်းတိုများ (၄)

à ကြည်လွင်မြင့်(မုံရွာ)

**မေး-ဆရာရှင့် အသက်ခြောက်နှစ်အရွယ်ကလေးက ညတိုင်းသွားကြိတ်ကြိတ်နေတာ ဘယ်လိုလုပ်ရမလဲရှင့်။**



ဖြေ- ကလေးခြေဖဝါးကို ဆားပွတ်ပေးပါ။ ညအိပ်ရာဝင် ဒူးကနေအောက် ရေလောင်းခြေဆေးပေးပါ။ လေပွစာတွေ မစားပါစေနဲ့။ ငှက်ပျောသီးဖီးကြမ်း မီးဖုတ်ပြီး နှစ်လုံး နေ့စဉ်ကျွေးပါ။ သွားကြိတ်သက်သာလာပါလိမ့်မယ်။

**မေး-အသက်တစ်နှစ်သားအရွယ် ကလေးမျက်ဝတ်ထွက်ပြီး တစ်ခါတစ်ရံ မျက်ရည်ထွက်ပါတယ်။ ဘယ်လိုလုပ်ရပါမလဲ။**

ဖြေ- ဆားကို ရေနွေးနဲ့ဖျော် အဝတ်နဲ့တို့ယူ၊ ခပ်နွေးနွေးဆားရည်ပါတဲ့ရေစိုအဝတ်နဲ့ မျက်ဝတ်တွေကိုပွတ်ပေးပါ။ ညအိပ်ရာဝင်ချိန် ကလေးခြေဖဝါးကို ဆားပွတ်။ ရေဖတ်တိုက်ပေးပါ။ ခြေဖဝါးအခိုးပိတ်လို့ မျက်ဝတ်ထွက်တာပါ။ ကလေးခြေထောက်မှာ ခြေအိတ်အမြဲဝတ်ပေး မထားပါနဲ့။

**မေး-ကင်းမြီးကောက် အကိုက်ခံရရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ- ကင်းမြီးကောက်က အမြီးမှာပါတဲ့ အဆိပ်ဆူးနဲ့ထိုးတာပါ။ ချက်ခြင်း ကြက်သွန်နီဥကြီးတစ်လုံးကိုထောင်းပြီး အဆိပ်သင့်တဲ့နေရာမှာအုံပြီး ပတ်တီးစည်းထားပေးပါ။ နာရီဝက်လောက်ကြာရင် ဖြေပေးပြီး အနာပေါက်ဝမှာ သင်္ဘောသီးအညှာက အစေးတို့ပေးပါ။ ရောင်ရင် နလင်ကျောက်အခေါက် သွေးလိမ်းပါ။ (ကြက်သွန်နီမှာ အဆိပ်တွေကို စုပ်ယူပြီး မည်းသွားတာကို လက်တွေ့တွေ့ဖူးပါတယ်။)

**မေး-ဆရာရှင့် သမီးက သားဦးကိုယ်ဝန်သုံးလလွယ်ထားရပါတယ်ရှင့်။ ဘာစားစားအစာမကြေ ရင်ပြည့်ပြီး လေအပေါ်ပြန်တက်နေပါတယ်။ လေပူအထက်လှန်ပြီး ဝမ်းလည်းချုပ်ပါတယ်။**

ဖြေ- ကိုယ်ဝန်သုံးလအတွင်းမှာ ဖြစ်တတ်ပါတယ်။ နောက်လရင့်ရင် သက်သာသွားမှာပါ။ ဆားကို နီရဲအောင် ဒယ်အိုးနဲ့လှော်ပါ။ ဖန်ပုလင်းနဲ့ လေလုံအောင်သိမ်းထားပါ။ လေပူထပြီး အန်ချင်ရင် ဆားလှော်ကို သံပရာရည်နဲ့ဖျော်ပြီး လျက်ပေးပါ။ ဝမ်းချုပ်ရင် ညအိပ်ရာဝင်ချိန်မှာ မန်ကျည်းဖျော်ရည် တစ်ဖန်ခွက်မှာ ဆားလှော်မန်ကျည်းစေ့လောက် ထည့်ဖျော်ပြီး သောက်ပေးပါ။ မန်ကျည်းမှည့်၊ ထန်းလျက်နဲ့ ဆားလှော်ရောတေပြီး ဆေးလုံးလေးတွေ ပြုလုပ်ထားပါ။ နေ့စဉ် မန်ကျည်းစေ့လောက် အရွယ် သုံးလုံးစားပေးရင်လည်း လေပူထ သက်သာပြီး ဝမ်းမှန်စေပါတယ်။

**မေး-ဆရာကြီးခင်ဗျာ၊ ကျွန်တော့လည်ပင်းမှာ ကျိုးပေါင်းတက်နေပါတယ်။ ဓာတ်မှန်ရိုက်စစ်ကြည့်တော့ အဆစ်သုံးနဲ့လေး၊ လေးနဲ့ငါး၊ ငါးနဲ့ခြောက် အဆစ်တွေမှာ ကျိုးပေါင်းတက်နေတယ်လို့ ဆရာဝန်ကပြောပါတယ်။ ညာလက်ကျင်နေပါတယ်။ အာရုံကြောညပ်နေတယ်လို့ ပြောတယ်။ ဇက်ကိုလည်း ခဲဆွဲကုသနေပါတယ်။ ခေါင်းလည်း မူးပါတယ်။ မသက်သာသေးပါ။ မြန်မာဆေးနည်း သိလိုပါတယ်။**

ဖြေ- ခဲဆွဲကုသတာလည်း ကောင်းပါတယ်။ ရေရှည်လုပ်မှ အကျိုးထူးပါမယ်။ ဆေးနည်းတိုနဲ့ကုသလိုရင် သင်္ဘောရွက်ကို ပျော့အောင် ရေနွေးစိမ်ပြီး ဇက်ကျိုးပေါင်းနေရာမှာ ကပ်ပေးပါ။ နှစ်နာရီကြာအောင်ကပ်ပေးပါ။ ပြီးရင် မုန်ညင်းဆီကို မီးအပူပေးပြီး ခပ်နွေးနွေး ဇက်နဲ့လက်ပြင်ကနေ လက်မောင်းတစ်လျှောက် လိမ်းပေးပါ။ ဆားကြပ်ထုပ်၊ သက်ရင်းကြီးကြပ်ထုပ်တွေလည်း ထိုးနိုင်တယ်။ ကျိုးပေါင်းရောဂါကနေကာကွယ်ဖို့ မနက်မျက်နှာသစ်တိုင်း ရေအေးနဲ့ ဇက်ပိုးကို ရိုက်ပေးပါ။ ရှေးလူကြီးတွေ ဒီနည်းနဲ့ ဇက်ကျိုးပေါင်းမဖြစ်ကြပါ။ ဒန့်သလွန်သီး၊ ရုံးပတီသီး များများစားပေးပါ။ ခေါင်းအုံးအမြင့် မအိပ်ပါနဲ့။ ကုလားထိုင်၊ တန်းလျားတွေမှာ ဇက်တင်အိပ်ရင် ကျိုးပေါင်းတက်နိုင်ပါတယ်။



**မေး-ကျွန်တော့သမီး ၁၀ တန်းကျောင်းသူ နှုတ်ခမ်းကွဲလို့ စာကျက်ရတာ အဆင်မပြေပါ။ ဆေးနည်းလေး ညွှန်ပေးပါခင်ဗျား။**

ဖြေ- ကွမ်းသီးခြမ်းသွေးပြီး နှုတ်ခမ်းမှလိမ်းပါ။ မာလကာရွက်ပြုတ်ပြီး ငုံပေးပါ။ ဝမ်းချုပ်ရင် သင်္ဘောသီးမှည့်ကျွေးပါ။ အမြန်သက်သာနိုင်ပါတယ်။

**မေး-ကလေးအသက် ၁၀ နှစ်အရွယ် မကြာခဏဖျားပါတယ်။ ဆေးတိုက်လို့ ကိုယ်ပူကျသွားပြီး တစ်ရက်၊ နှစ်ရက်ကြာရင် ပြန်ဖျားပါတယ်။ ချောင်းလည်း အလွန်ဆိုးပါတယ်။ သင့်တော်မယ့်ဆေးနည်းပြောပြပါခင်ဗျာ။**

ဖြေ- ကွမ်းရွက်သုံးရွက်၊ ချင်းပါးပါး ခုနစ်လွှာ၊ ထန်းလျက်ခုနစ်ခဲကို ရေနွေးမတ်ခွက်တစ်လုံးနဲ့ကျို၊ ဆားလှော်အနည်းငယ်ထည့်ပြီး ဖြည်းဖြည်းချင်းကုန်အောင်တိုက်ပါ။ ချောင်းအလွန်ဆိုးရင် ဆားကို ကွမ်းရွက်ကန်တော့ထိုးထုပ်ပြီး မီးဖုတ်ပါ။ အဲဒီဆား ကွမ်းရွက်မီးဖုတ်ပြာကို လျက်ပေးရင် ရက်ကြာချောင်းဆိုးရောဂါပျောက်ပါတယ်။

**မေး-ဆရာရှင့် အသက် ၅၀ အရွယ် သွေးဆုံးတဲ့အချိန်မှာ ဝေဒနာတွေ မခံစားရအောင် ဘယ်လိုဆေးမျိုး စားသင့်ပါသလဲရှင့်။**

ဖြေ- သွေးဆုံးချိန်မှာ အကောင်းဆုံးက ရှားစောင်းလက်ပပ်ပင်ရဲ့အနှစ်ကိုယူ၊ ဟင်းချိုချက်ပြီး နေ့စဉ်စားသုံးပါ။ အနှစ်ကို ပျားရည်နဲ့ ခေါက်စားရင်လည်း ရပါတယ်။ ဖျော်ရည်လုပ်ပြီးလဲ သောက်နိုင်ပါတယ်။

ဆေးဖော်စားလိုရင် -

**မီးယပ်ချက်ဆေး**

(၁) ရှားစောင်းလက်ပပ်အနှစ် ၂၅ ကျပ်သား
(၂) မန်ကျည်းမှည့်အနှစ် ၁၅ ကျပ်သား
(၃) ထန်းလျက်(အမည်း) ၁၅ ကျပ်သား
(၄) ပျားရည် ၁၀ ကျပ်သား
(၅) စမုန်နက်(လှော်) ၅ ကျပ်သား
(၆) ဆားလှော် ၂ ကျပ်သား

အထက်ပါဆေးအမည်တွေကို အိုးမှာထည့် မီးနွေးနွေးနဲ့လက်ကော်ရအောင်ကျိုပါ။ ပြီးရင် အအေးခံပြီး ဖန်ပုလင်းနဲ့လေလုံအောင်ထည့်ထားပါ။ အပေါ်မှာ နှမ်းဆီငါးကျပ်သားနဲ့ အုပ်ထားပါ။ မှိုမတက်အောင် နေရောင်ခြည်ပြပေးပါ။ (တစ်ကြိမ်ဟင်းစားဇွန်းတစ်ဇွန်း၊ မနက်ည စားပေးပါ။) သွေးဆုံးကိုင်ရောဂါဝေဒနာတွေကနေ သက်သာစေပါတယ်။ ရှားစောင်းလက်ပပ်ပင်နဲ့ မန်ကျည်းမှည့်အနှစ်တို့မှာ ဝမ်းတွင်းအပူရောဂါမှန်သမျှ ငြိမ်းစေပါတယ်။

**မေး-ကျွန်တော့သားလေးက ခြောက်လပါ။ ကလေးက ဖျားတာကိုယ်ပူကျသွားပြီးနောက် ခေါင်းက တအားပူနေပါတယ်။ ဘာလုပ်ရမှန်းမသိလို့ပါ။ ထိုင်းနိုင်ငံမှာ အလုပ်လုပ်နေရတာမို့ ဆေးခန်းပြဖို့အခက်အခဲရှိပါတယ်။ ဆေးနည်းတိုလေး တင်ပေးစေလိုပါတယ်။**

ဖြေ- ကလေးခေါင်းပူရင် ခြေဖဝါးဆားပွတ်ပေးပြီး ရေဖတ်နဲ့ပွတ်ပါ။ အပူတွေ ခြေကထွက်ပြီး ခေါင်းပူကျသွားပါမယ်။ ကွမ်းရွက်ရှိရင်



အရည်ညှစ် အုန်းဆီ (ဒါမှမဟုတ်) သံလွင်ဆီနဲ့ရောပြီး ခေါင်းမှာလိမ်းပေးပါ။ ခေါင်းပူလွန်းရင် ကလေးတက်တတ်တာမို့ သတိထားပါ။

**မေး-မနက်အိပ်ရာထတိုင်း ဖနောင့်တစ်ဖက်ကနာပြီး မထောက်နိုင်ပါ။ ဖနောင့်အတက်ထွက်ရောဂါလို့ပြောကြပါတယ်။ ဆေးခန်းပြဖို့ အခက်အခဲရှိလို့ သက်သာမယ့်နည်းကို ညွှန်ပြပေးစေလိုပါတယ်။**

ဖြေ- သက်ရင်းကြီးပင် အရွက်နုတွေခူးပြီး ဆုံမှာညက်အောင်ထောင်းပါ။ ဖနောင့်မှာအုံပြီး ပတ်တီးနဲ့စည်းပါ။ ညအိပ်ရာဝင်ချိန် စည်းပြီး မနက်အိပ်ရာထမှာဖြေရင် အဆင်ပြေပါတယ်။ ခုနစ်ရက်လောက် စည်းဖို့လိုအပ်ပါတယ်။ ဖနောင့်ကျိုးပေါင်း၊ ဖနောင့်အတက်ထွက်တာတွေ ပျောက်ကင်းနိုင်ပါတယ်။

**မေး-ဆီးချိုပျောက်စေတဲ့ ဆေးခါးပင်အကြောင်းသိလိုပါတယ်။ ဘယ်လိုသောက်ရမယ်ဆိုတာကို သိလိုပါတယ်။**

ဖြေ- ဆီးချိုပျောက်တယ်လို့မသုံးဘဲ ဆီးချို(သွေးချို)ကျစေတဲ့ဆေးခါးပင်လို့ဆိုရင် ပိုပြီးမှန်ပါမယ်။ ဆီးချိုရောဂါမှာ အမြဲပျောက်ကင်းဖို့ခဲယဉ်းလို့ အစာကိုဆင်ခြင်ပြီး ဆေးကို အမြဲသောက်နေရမယ့် ရောဂါမျိုးဖြစ်ပါတယ်။ ဆေးခါး(ခေါ်) ရှမ်းဆေးခါးပင်(ခေါ်) ဆေးခါးကြီးပင်ကို တိုင်းရင်းဆေးပညာသုတေသနဌာနက ဓာတ်ခွဲသုတေသနပြုပြီးဖြစ်လို့ အစွမ်းထက်တဲ့ဆေးပင်ဖြစ်ပါတယ်။ ကီးမို့စ်ခေါ် အရောင်ကျဆေးကို ဒီဆေးပင်တစ်မျိုးတည်းနဲ့ ထုတ်လုပ်နိုင်တယ်လို့ဆိုပါတယ်။ ဆီးချိုစစ်ပြီး တက်နေရင် ဆေးခါးပင်နှစ်ကျပ်သားကို ရေနွေးမတ်ခွက်တစ်လုံးနဲ့ ဆူပွက်အောင်ကျိုပါ။ အအေးခံပြီး မနက်စာမစားမီ အကြမ်းပန်းကန်တစ်လုံးစာနဲ့ ညစာမစားမီ အကြမ်းပန်းကန်တစ်လုံးစာ သောက်သုံးပေးရင် ဆီးချိုရောဂါကို ထိန်းနိုင်ကြောင်း လက်တွေ့သောက်သုံးသူတွေပြောလို့ သိရပါတယ်။ ဆေးခါးကြီးပင်အခြောက်တွေကို ပရဆေးဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။

**မေး-ညှော်ခံပွဲတွေမှာ မလွှဲမရှောင်သာလို့ အရက်(ဒါမှမဟုတ်) ဝိုင်အနည်းငယ်သောက်ပြီးရင် ခေါင်းကိုက်တတ်ပါတယ်။ အထူးသဖြင့် နောက်တစ်နေ့ အိပ်ရာထမှာ ခေါင်းကိုက်ပါတယ်။ ဘယ်လိုကာကွယ်ရမယ်ဆိုတာကို သိလိုပါတယ်။**

ဖြေ- အရက် ဝိုင်သောက်မိရင် ညအိပ်ရာမဝင်မီ ပျားရည်ဟင်းစားဇွန်းတစ်ဇွန်း၊ အရက်သောက်များရင် ပျားရည် ဟင်းစားဇွန်းနှစ်ဇွန်းကို ရေနွေးနဲ့ဖျော်ပြီး (ကော်ဖီခွက်တစ်ခွက်စာ) သောက်ပေးရင် အဆိပ်အတောက်ပြေပြီး ခေါင်းကိုက်သက်သာစေပါတယ်။ မနက်အိပ်ရာထချိန်မှာ နောက်တစ်ကြိမ်ထပ်မံသောက်လိုက်ရင် ပိုလို့ကောင်းပါတယ်။



## နီလာရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးနေဝင်း [ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]၊ (အထွေထွေမန်နေဂျာ၊ တင်ဝင်းထွန်း ကုမ္ပဏီလီမိတက်)နှင့် ချစ်မေမေ ဒေါ်ရီရီလွင်တို့၏ ၁၅-၆-၂၀၁၆ရက်တွင် ကျရောက်သော နီလာရတု မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပြီး ချစ်သား၊ ချစ်သမီးများ၊ ချစ်မြေးတို့နှင့်အတူ ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - မေဇင်ဝင်း B.Sc (Geology),Dip in Global English
လ/ထမန်နေဂျာ၊ ကိုယ်စားလှယ်လုပ်ငန်းဌာန၊
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ချစ်သား - အောင်သူရဝင်း B.E(EP)
ဒုတိယညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ကြည်သာသောင်းမြင့် B.A(BM), A.G.T.I (EP)
မန်နေဂျာ၊ Asia General Electric Co;Ltd

ချစ်သမီးငယ် - သီတာဝင်း B.Sc(Hons:), M.Sc (Engineering Maths)
Dip in Global English, DA(LCCI UK),
Dip in IFR (ACCA UK)
Assistant Account Manager
WRACC (Myanmar)Korea Accounting & Consultancy Firm

ချစ်မြေးလေး - ဘုန်းမြင့်စံဝင်း(ခ)ဂျန်ဂျန်
ပထမတန်း၊ NEC ကိုယ်ပိုင်အထက်တန်းကျောင်း

## (၃၉)နှစ်မြောက် မင်္ဂလာဆုတောင်း

သားတို့ သမီးတို့၏ ချစ်ရဆုံး ဖေကြီးနှင့် မေကြီးတို့၏ ၁၅-၆-၂၀၁၆ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ထက်ဆုံးတိုင် ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ယခုထက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သားကြီး မင်းမင်း-ချစ်သမီးကြီး မစု**
**ချစ်သား ကိုရဲ-ချစ်သမီး နွေးနွေး**
**ချစ်သမီးငယ်လေး-ဂူးဂူး**
**ချစ်မြေးလေး-တုံတုံနှင့် (၉)မိုင်မိသားစု**

## (၃၉)နှစ်မြောက် မင်္ဂလာဆုတောင်း

Bo Minn Bo Construction Co.,Ltd.ဥက္ကဋ္ဌနှင့်ဇနီးတို့၏ ၁၅-၆-၂၀၁၆ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာနှင့် လူမှုအကျိုးပြုလုပ်ငန်းများ ယခုထက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းမိသားစု**
**Bo Minn Bo Construction Co.,Ltd.**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံတစ်ပှမ်းလုံးရှိ ကျောင်းသား / ကျောင်းသူများအား Myanmar Noble College မှလှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

Myanmar Noble College
edexcel

Pre-Foundation Course
- နဝမတန်းအောင်မြင်ပြီးသူများ
- IGCSE Secondary III အောင်မြင်ပြီးသူများ
- Secondary II အောင်မြင်၍ ကျောင်းမှပြုလုပ်သည့် Placement Test တွင် အရည်အချင်းပြည့်မီသူများ

HND-Foundation Course
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ
- GCE 'O' Level, IGCSE အောင်မြင်ပြီးသူများ
- LCCI Level "3" အောင်မြင်ပြီးသူများ

Higher National Diploma Courses
- Business
- Information Technology
- Engineering (Civil,Mechanical,Electrical & Electronic)

July Intake တွင်ဖွင့်လှစ်မည့်သင်တန်းများအတွက် လျှောက်လွှာများကို စတင်လက်ခံနေပါသည်။

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Township, Yangon.
Contact Us : 01-2331257 / 01-2331276 / 01-2331264 / 09-780639577

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၆-ဇွန်လ (၃) ရက်နေ့ ဖွင့်မည်
(နယ်ဝေးကျောင်းသား / သူများအတွက် နေရေးထိုင်ရေးစီစဉ်ပေးမည်။)
အမှတ် ၄၉ (စ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၄၂၂၂၀၆၁၅၅၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၃၂၁၈၄၇၈၁

ဥယျာဉ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်း
DSMA, DSTA, DSA
အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ နှင့်
အထွေထွေဗဟုသုတ ဘာသာရပ်များ
တာမွေ၊ ရွှေဗဟိုဆေးရုံရှေ့။ 09-5114804, 09-420042800

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် Multi Stories Car Parking System များနှင့် အမြင့်တက် Platform Lift များ စက်ရုံအလုပ်ရုံများနှင့် ကုန်လှောင်ရုံများအတွက် Warehouse lift များ၊ Yard Ramp များနှင့် Dock Leveler များ



Hot Line
09 790468777
09 790222399
Aung Thein Than CO.,Ltd.
No.64, Baho Road, Sanchaung Twonship, Yangon.
Tel: +951 508036,527074,534346,02 76469,067 27029 Fax : 527203
www.aungtheinthanmyanmar.com

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအပါ)

ခရုသင်း (သမင်ဖြူ)
LEUCODERMA

MONSOON PROMOTION 1st May to 30th Jun
အသုံးပြုနိုင်သည့် နည်းလမ်းများ - Hire Purchase • Rental • Lease • Trade-in
KONICA MINOLTA
Authorized Business Partner
GANDAMAR Business Solutions
Best Seller
bizhub 164
B/W A3
Multifuntion Copier
3 Year Unlimited Onsite Service
~~USD-710~~ USD-667
FREE
MONO LASER PRINTER (1500W)
Best Seller
bizhub C221
Color A3
Multifuntion Copier
3 Year Unlimited Onsite Service
USD 184 / mth
OR
~~USD-2,750~~ USD-2,650
FREE
Page Pro 5650DN
HI-SPEED
MONO LASER
PRINTER
09-253547980, 09-253547981, 01-383932, 01-383934

# GUSTO *International College*

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ

***July Intake*** အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
  (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၆ ဇူလိုင်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

(09) 862 8806, (09) 789 888 222, (01) 504632

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။

---

# ပညာဗျူ

အဆင့်မြင့်ဘော်ဒါ

ကျူးရှင်းတောင်ညွှန့်

၂၀၁၅- ၂၀၁၆ ပညာသင်နှစ်တွင် တက်ရောက်အောင်မြင်ထူးချွန်ခဲ့သော Group 1 ကျောင်းသားကျောင်းသူများ နှင့် မိဘသားစုများအား အုပ်ချုပ်သူဆရာမကြီး ဒေါ်ခင်မြတ်သူ(B.Com) နှင့် သင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများ၊ Guideဆရာ/ဆရာမများအား ဂါရဝပြု ကျေးဇူးတင် ကန်တော့အပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ မောင်အောင်ဟိန်းကျော် | ၆ | ဘာသာဂုဏ်ထူး | ၈။ မောင်ချမ်းမင်းသန့် | ၃ | ဘာသာဂုဏ်ထူး |
| ၂။ မောင်အောင်မင်းခန့် | ၅ | ဘာသာဂုဏ်ထူး | ၉။ မောင်မိုးထက်အောင် | ၂ | ဘာသာဂုဏ်ထူး |
| ၃။ မောင်အောင်နိုင်ဖြိုး | ၅ | ဘာသာဂုဏ်ထူး | ၁၀။ မရွှန်းလဲ့မေ | ၂ | ဘာသာဂုဏ်ထူး |
| ၄။ မမေမျိုးကြည် | ၅ | ဘာသာဂုဏ်ထူး | ၁၁။ မစောပြည့်ပြည့်ဖြိုး | ၁ | ဘာသာဂုဏ်ထူး |
| ၅။ မောင်မင်းသန့်နိုင် | ၄ | ဘာသာဂုဏ်ထူး | | | |
| ၆။ မောင်ဝေယျာကို | ၄ | ဘာသာဂုဏ်ထူး | | | |
| ၇။ မနိုင်မြတ်နိုးဦး | ၃ | ဘာသာဂုဏ်ထူး | | | |

---

## အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသောသူများအတွက်

www.getc-languageschool.com

GETC



| | |
|---|---|
| မြေနီကုန်း | 01-537895, 09-262963776 |
| တာမွေ | 01-549590, 09-254148006 |
| မရမ်းကုန်း | 01-663960, 09-259822220 |
| အင်းစိန် | 09-259822226/ 7 |

▲Communicative English ▲General English ▲FCE ▲IELTS

---

## STARFiSH Education

10% - 15% discounts
+ special gifts
for
New Students !!



တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် English (4 skills)

✔ တနင်္လာ - သောကြာ တန်းခွဲသစ်များ ဇွန်လ(၁၅)ရက်စမည်။

Centre(1) သမိုင်းမြို့တိုက် (၂)၊ ဦးထွန်းလင်းချို့လမ်း၊ လှည်းတန်း၊ ရန်ကုန်။ Ph 09 799905715, 09 253179825
Centre(2) တိုက်အမှတ်(၁၅/၁၇)၊ ၃လွှာ(ဘီ)၊ ရန်ကုန် - အင်းစိန်လမ်းမ၊ လှည်းတန်း၊ ရန်ကုန်။ Ph 09 777264230, 0977726423

---



## ကြော်ငြာ


ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
**ကယား – လွိုင်ကော် နှင့် ရှမ်း – ပင်ဒွန်**
၁၆ - ၇ - ၂၀၁၆ မှ ၁၉ - ၇ - ၂၀၁၆ အထိ
**သုခပိန္နဲ့ဆ၀** 09 51 55654 / 09 965155654 / 01 253079

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**ရွှေခိုးငှက်**
50% Discount
Jun 17,24
373275, 708342, 0949219404

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဘားအံ
Jun-17, July(1,16)
Special Pass(Visa) (95000Ks)
09-421073634, 777636630

**GLOBAL PHOENIX**
REAL ESTATE
မြင်ဆင်ပြီး ကွန်ဒိုအခန်း
လုံးချင်းအိမ်များကို ငှားရမ်းလိုသော
နိုင်ငံခြားသားဧည့်သည်များ
ရှိနေပါသည်။ Global Phoenix သို့
ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။
09 - 260 2600 29 / 59
No. 153, 1st Fl, Anawrahta Road,
Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com


### အထူး ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးသိန်းတန်(ဦးစီးအရာရှိ) အထူးစုံစမ်းရေးဦးစီးဌာန + ဒေါ်ခင်သန်းနွဲ့ (အထက်တန်းပြ) အထက (၄) မုံရွာ တို့၏ တစ်ဦးတည်းသောသား **မောင်မင်းပြည့်ဖြိုး** သည် ၂၀၁၅-၁၆ တက္ကသိုလ်ဝင် စာမေးပွဲကို ခုံအမှတ် မလ - ၆၁၈ သိပ္ပံဘာသာတွဲ (ခြောက်ဘာသာ ဂုဏ်ထူး) ဖြင့် အောင်မြင်ခြင်းအတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါသည် -

ချစ်ကိုကြီး - ကိုကျော်ထွန်းနိုင်ဝင်း Second Mate (F.G) B.C.Sc (DSA)
ချစ်ကိုလေး - ဗိုလ်ကြီး လင်းအောင်ထက် B.Sc (DSA), ME (Metallurgy) MISA
ချစ်မကြီး - ဗိုလ်ကြီး သူရိန်ဝင်း B.C.Sc (DSA) (တပ်မတော် -ရေ) + မအိဝင်းပပထွန်း
ချစ်တူလေး - မောင်လှိုင်မင်း

### နှစ် ၁၀၀ ပြည့် မွေးနေ့မင်္ဂလာ

ဘဘကြီး သခင်သိန်းဖေ (ဝါးခယ်မ)၏
၉၊ ၆၊ ၂၀၁၆ တွင် ကျရောက်သည့်
**နှစ် ၁၀၀ ပြည့် မွေးနေ့မင်္ဂလာ**
မှသည် နောင်နှစ်ပေါင်းများစွာ
ချစ်သားသမီးမြေးမြစ်များနှင့်အတူ
ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း
ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**သခင်ခင်ညွန့်၏**
**မိသားစုများ**
**စာပေလောက စာအုပ်တိုက်**


**ရွှေအဒွယ်တော်** ... 09-253522622, 09-777445619
• မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား ခရီးစဉ် (50000)
• တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော ခရီးစဉ် (50000)
• ပုဂံ (ရွှေစည်းခုံ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ ခရီးစဉ် (45000)
• ကယားပြည်နယ် လွိုင်ကော်၊ တောင်ကြီး၊ ကလော ခရီးစဉ် (45000)
• ကျိုက်ထီးရိုး (နေ့စဉ်) (9000) • မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ ခရီးစဉ် (30000)
• ချောင်း (12000) • မြည်အကောက်တောင် (20000) • ကျုံးဆောက်ရေပူစမ်း (30000)



**LUMBINI ACADEMY**
ဒေါက်တာတင်လှိုင်နှင့် ကိုတာတို့၏ကျောင်း
**မူလတန်း မှ အထက်တန်းထိနှင့် IGCSE အတန်းများ**
(နိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်နိုင်ရန်အတွက်ပါ ရည်ရွယ်သင်ကြားသည်။)
• Preschool
• မူလတန်း
• အလယ်တန်း
• အထက်တန်း
• IGCSE အတန်းများ
• Weekend English Classes
➤ တစ်တန်းလျှင် ကျောင်းသား ၂၀
➤ ဝါရင့် ဆရာ၊ ဆရာမများ
➤ **အဆောင်နေ ကျောင်းသား လက်ခံသည်။**
**(၆ တန်းမှစတင်လက်ခံသည်။)**
၂၀၁၆-၁၇ ဝင်ခွင့် လက်ခံပြီ။
၂၅၊ ဆ/ခ ရပ်ကွက်၊ သမာဓိ ၄လမ်း၊ သယ်န်းကျွန်း။
ဖုန်း-၀၁-၈၅၆ ၄၄၅၂၊ ၀၉-၇၃၀ ၀၃၅ ၃၆၊ ၀၉-၂၆၀ ၀၄၇ ၀၀၅။


### ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
(Kayin Chambers of Commerce and Industry)

**ပြန်လည်ဖွဲ့စည်းရေးအတွက် နှိုးဆော်ခြင်း**

ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအား ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါ၍ ကရင်ပြည်နယ်အတွင်းရှိ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အသင်းဝင်ရောက်ရေးနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်နိုင်ရေးတို့အတွက် အသင်းပြန်လည်ဖွဲ့စည်းရေးကော်မတီ [ဗိုလ်ချုပ်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ စားသုံးသူရေးရာဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၀၄၁၊ ၀၉-၉၇၀၂၇၄၉၉၉]သို့ ၂၄-၆-၂၀၁၆ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကရင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**
**ပြန်လည်ဖွဲ့စည်းရေးကော်မတီ**

### မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဒေါ်ယဉ်ယဉ်အေး
ညွန်ကြားရေးမှူး(၁၅-၆-၂၀၁၆)

ချစ်ညီမလေးရဲ့ ဒီမွေးနေ့မှစ၍ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ တူ၊ တူမတွေ၊ လုပ်ဖော်ကိုင်ဖက်၊ ညီအစ်ကို၊ မောင်နှမတွေနှင့်အတူ ဘဝခရီးကို ပျော်ပျော်ရွှင်ရွှင်၊ ချမ်းချမ်းသာသာ၊ ကျန်းမာစွာဖြင့် လျှောက်လှမ်းရင်း အောင်မြင်မှုများစွာကို မျက်မှောက်ဘဝအတွက်သာမက နောင်သံသရာအတွက်ပါ ရရှိပါစေ။

**မမ (စက်မှုဌာနခွဲ)**



# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၅ခုနှစ်(သို့မဟုတ်)၂၀၁၆ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# SIM CARD အဖွင့်လက်ဆောင်

MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း




SIM Card ကို
စတင်သုံးစွဲချိန်တွင် ငွေဖြည့်လက်ဆောင်
၅၀၀ ကျပ် ကို ရယူလိုက်ပါ

၁၀၀၀ မှ ၁၀၀၀၀ ကျပ်ထိ ငွေဖြည့်ပြီး
အပိုဆုငွေ ၁၂၀၀၀ ကျပ်ထိ
ရယူလိုက်ပါ

| ငွေဖြည့်ပမာဏ | ပထမလ အပိုဆုငွေ | ဒုတိယလ အပိုဆုငွေ | တတိယလ အပိုဆုငွေ | စတုတ္ထလ အပိုဆုငွေ |
|---|---|---|---|---|
| ၁၀၀၀ ကျပ် | ၂၀၀ ကျပ် | ၂၀၀ ကျပ် | ၂၀၀ ကျပ် | ၂၀၀ ကျပ် |
| ၃၀၀၀ ကျပ် | ၁၀၀၀ ကျပ် | ၅၀၀ ကျပ် | ၅၀၀ ကျပ် | ၁၀၀၀ ကျပ် |
| ၅၀၀၀ ကျပ် | ၂၀၀၀ ကျပ် | ၁၀၀၀ ကျပ် | ၁၀၀၀ ကျပ် | ၂၀၀၀ ကျပ် |
| ၁၀၀၀၀ ကျပ် | ၄၀၀၀ ကျပ် | ၂၀၀၀ ကျပ် | ၂၀၀၀ ကျပ် | ၄၀၀၀ ကျပ် |

၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

- ဤအစီအစဉ်သည် **MPT** အချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် မက်ဆေ့ချ် ပေးပို့ခြင်း၊ သုံးသလောက်သာကျသင့်မည့်အင်တာနက်စနစ် **(PAYG)** တို့အတွက် အသုံးပြုနိုင်ပါသည်။
- ငွေဖြည့်ကတ်၊ **E-top up** ၂ မျိုးလုံးဖြင့် ငွေပြန်လည်ဖြည့်သွင်းနိုင်ပါသည်။
- ဒုတိယလမှ စတုတ္ထလအတွင်း အနည်းဆုံး ၁၀၀၀ ကျပ် ဖုန်းငွေပြန်လည် ဖြည့်သွင်းမှသာ အပိုဆုငွေ ရရှိနိုင်ပါမည်။
- **MPT Sim Card** ဝယ်ယူအသုံးပြုသူတိုင်း အပိုဆုငွေရရှိနိုင်ပါသည်။
- ပထမအကြိမ်ငွေဖြည့် ပမာဏအပေါ်မူတည်၍ (၄) လဆက်တိုက် အပိုဆုငွေများ ရရှိမည်ဖြစ်ပါသည်။
- ပထမအကြိမ် ငွေဖြည့်သွင်းမှုသည် Sim Card စတင်အသုံးပြုသည့် အချိန်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ဖြည့်သွင်းရန်လိုအပ်ပါသည်။
- ပရိုမိုးရှင်းပြီးဆုံးကြောင်း မကြေညာခင်အချိန်ထိ အသုံးပြုနိုင်ပါသည်။

ပထမအကြိမ်ငွေဖြည့်ပမာဏအပေါ်မူတည်၍ (၄) လ ဆက်တိုက် အပိုဆုငွေများရရှိနိုင်မည့် အခွင့်အရေး

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial

CALL CENTER 106 | free hotline 24 hours everyday

မြန်လည်းကြီးစား
လိုသူများအတွက်
အထူးတန်းခွဲသစ်များဖွင့်မည်။

စာဖွဲ့စိမ်
ကိုယ်ပိုင်အထက်တန်းကျောင်း

Mother's Home Education Centre

အမေ ... တစ်ယောက်၏ စေတနာမေတ္တာနှင့်မခြား
သင်ကြား / စောင့်ရှောက်ပေးနေသော

စာဖွဲ့စိမ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်
အဆင့်မြင့်ဘော်ဒါ
တက္ကသိုလ်ဝင်တန်းအထူးတန်းခွဲ

အမှတ် (၆၂၇/၆၂၉) ၊ ကံကော်ရိပ်သာလမ်း၊ ၁၆/၄ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။
Tel : 09-514 6359, 09-731 22 777, 01-571547, 09-49314099

Since 1986 KMD Institute

UNIVERSITY of GREENWICH | SQA | NCC education | ISO | GIC

**တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်**

HND
Higher National Diploma

- ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သော ကျောင်းသားတိုင်းအတွက် ပညာတော်သင်ဆု ၃၀% ခံစားရရှိနိုင်မည်ဖြစ်ပါသည်။
- HND အောင်မြင်ပြီး ပါက Scottish Qualifications Authority (UK) မှပေးအပ်သော Diploma အပြင် IT စီမံခန့်ခွဲမှု Skill ရရှိပါမည်။
- Software Engineer | Database Administrator | Project Supervisor အဖြစ်လုပ်ငန်းခွင်ဝင်ရောက်နိုင်ပါမည်။

**ဒုတိယနှစ် အောင်မြင်ပြီးသူများအတွက်**

B.Sc (Hons) IT
Business Information Technology

- IADCS, L5DC, ABE, HND (EdExcel, SQA) Informatics, ကွန်ပျူတာတက္ကသိုလ်ပြီးထားသူများ နှင့် အခြား Advanced Diploma ရထားသူများတက်ရောက်နိုင်ပါသည်။
- IT Professional အဖြစ်လုပ်ငန်းခွင် ဝင်ရောက်နိုင်ပါမည်။ နောက်ဆုံးနှစ်ပြီးဆုံးပါက Internship ဆင်းရန် စီစဉ်ပေးပါမည်။

BIT NEW SECTION
20 June 2016 (Mon-Thu)
4:00 PM - 6:30 PM
25 June 2016 (Sat - Sun)
1:00 PM - 4:00 PM

HND NEW SECTION
26 June 2016 (Sat - Sun)
10:00 AM - 2:00 PM

Level-4 Computing Diploma (NCC) → Level-5 Computing Diploma (NCC) → B.Sc(Hons)BIT (Final Year)
HND Foundation (SQA) → HND Diploma (Software Development) (SQA)

Hotline 09770867903
KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555, 700895
နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

STRONG STEEL STRUCTURE
STRONG
COMPANY LIMITED
SINCE 1998
RAISE YOUR LIVING STANDARD WITH STRONG STEEL ROOFING PRODUCTS

1st in Myanmar
370 PU WALLING SHEET
50mm & 35mm Arch Height with Poly Urethane (PU) Sandwich Panel Alu-Zinc Color Roofing Sheet
Five Angles with PU
European Design with PU
Crown Design with PU

ကာလာ အလူမီနီယမ် သွပ်ပြားအမိုး၊ အကာ၊ မျက်နှာကျက် ညှပ်ပြား၏အားသာချက်များ
- Insulation PU ၏အကောင်းဆုံးအာနိသင်မှာ ပြင်းထန်သော အပူချိန်ကို လျော့နည်းသွားအောင် ထိန်းသိမ်းပေးနိုင်စွမ်း (Heat Resistance) မြင့်မားခြင်း
- အသံလုံ (Sound Proof) အာနိသင် ထိရောက်ကောင်းမွန်ခြင်း
- သိပ်သည်းမှု (Density) မြင့်မားခြင်း
- တပ်ဆင်ရန် လွယ်ကူပေါ့ပါး လျင်မြန်ခြင်း
- တောင့်တင်းခိုင်မာခြင်း၊ ရေရှည် ခိုင်ခံ့လှပ တင့်တယ်ခြင်း

STRONG MANUFACTURING CO., LTD.
**Head Office & Factory** - No. 83/84, Pyin Si Min Thar Gyi St., Hlaing Thar Yar Industrial Zone (4), Hlaing Thar Yar Tsp, Yangon.
☎: 01-685160, 685161, 685323, 09-422 540 156, 09-421 108 773
**Showroom & Sale Center**
(1) **Yangon** (Saw Bwar Gyi Gone) - ☎ : 01-644266, 642783
(2) **Mandalay** - ☎ : 02-23506, 09 91 051333, 09 421164606
(3) **Taunggyi** - ☎ : 09 50 46551
E-mail : strongsteel@myanmar.com.mm
Website : http://www.strongsteelproduct.com
Hotline: 01-685720, 685721

သက်ရှိ လောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## အထူးကျေးဇူးတင်ရှိခြင်း

**ရဟန်းဒါယကာ**

**ဦးငွေလေး (၆၁)နှစ်**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(စက်မှုဌာနခွဲ-ငြိမ်း)**

**နတ်မောက်စက်မှုလက်မှုကျောင်းသားဟောင်း**

၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ(၅)နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးငွေလေး၏ နာရေးကိစ္စအဝဝကို စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော နတ်မောက်ကျောင်းသားဟောင်းများ၊ MRTV ဝန်ထမ်းမိသားစုများ၊ MNTV မှ President ဒေါ်နန်းမောက်လောဝ်ဆိုင်နှင့် ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ကရုဏာထား သတင်းမေးမြန်းကြသော မိတ်ဆွေများ၊ သူငယ်ချင်းများကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ချစ်ဇနီး ဌေးဌေး(ခ)တေးသံရှင် မေယုမော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်အလှူ့ဒါယိကာမကြီး**

**ဒေါ်ပါးပါး**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းလမ်းနေ ဦးဘာဘူ၊ (သီရိသုဓမ္မမဏိဇောတဓရ)လူမှုထူးချွန် ပထမဆင့်၊ ဂုဏ်ထူးဆောင် တ/ဆ ဦးတင်မောင်(စန္ဒီပရဆေး)တို့၏ ချစ်လှစွာသောမိခင်ကြီးဒေါ်ပါးပါးသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်၂း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးချစ်ဝင်း** — **ဦးကြည်စိုးဝင်း**

**ပရဆေးရောင်းဝယ်ရေး** — **အောင်ရတနာရွှေဆိုင်**

**ဦးကျော်မင်းထွန်း**

**M.D, Asia Lucky Seven Int'l Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကျော်ဆန်း(ငြိမ်း)**

**အသက် (၈၃) နှစ်**

ဒေါ်မြမြညို၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကျော်ဆန်း(ငြိမ်း)သည် ၁၂-၆-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်လွင် (ဥက္ကဋ္ဌ)နှင့်ဝန်ထမ်းများ

တာမိုးညဲအုပ်စုရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်

တာမိုးညဲပြည်သူ့စစ်တပ်ဖွဲ့

## စန္ဒီပရဆေးမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းလမ်းနေ ဦးဘာဘူ၊ သီရိသုဓမ္မမဏိဇောတဓရဦးတင်မောင် (စန္ဒီပရဆေး)တို့၏ မိခင်ကြီး ဒေါ်ပါးပါးသည် ၈-၆-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်သင်းမြတ်ကြိုင် (**Director-PARKROYAL Hotel**)
နှင့်
အစ်ကို၊ အစ်မများ

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

**ဒေါ်နုနုတင်**

**အသက်(၇၆)နှစ်**

**ဒု-ဦးစီးမှူး၊ သမဝါယမဝန်ကြီးဌာန**

ဒီနေ့ဆို တစ်လပြည့်ပြီ အမေရယ်။ ပြန်ပြီးဘယ်လိုမှမရနိုင်တော့တဲ့ ဆုံးရှုံးမှုကြီးကို ရင်ကွဲမတတ်အောင် ခံစားရတယ်အမေရယ်။ အမေ့ကိုရည်စူးပြီး နေ့စဉ်နေ့တိုင်း ကောင်းမှုကုသိုလ်တွေလုပ်ပြီး အမျှပေးဝေပါတယ် အမေရယ်။ အမေရည်မှန်းထားတဲ့ မြင့်မြတ်သော ဘုံဘဝမှ သာဓု-သာဓု-သာဓု---ခေါ်ဆိုနိုင်ပါစေ။ အမေရေ---အမျှ-အမျှ-အမျှ

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးသိန်းဝင်း (ရေကြည်)**

**အသက် (၉၁) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း၊ ဦးဌေးနိုင်ဝင်း (Max Myanmar Holding Co., Ltd)-ဒေါ်ကေသီနွယ်(UAB Bank)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီဖောင်ဒေးရှင်း**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးသိန်းဝင်း (ရေကြည်)**

**အသက် (၉၁) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း၊ ဦးဌေးနိုင်ဝင်း (Max Myanmar Holding Co., Ltd)-ဒေါ်ကေသီနွယ်(UAB Bank)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၆ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Max Myanmar Holding Co., Ltd**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**အလှူ့ဒါယိကာမကြီး ဒေါ်ပါးပါး**

**အသက် (၈၄) နှစ်**

မင်္ဂလာဗျူဟာအသင်းချုပ်၏ပူဇော်ပွဲများ၊ အခမ်းအနားပွဲများတွင် အစဉ်အမြဲပါဝင်လှူဒါန်းသော စန္ဒီပရဆေးမိသားစု၏မိခင်ကြီး ဒေါ်ပါးပါးသည် ၈-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**
**မင်္ဂလာဗျူဟာအသင်းချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးသိန်းဝင်း(ရေကြည်)**

**အသက်(၉၁)နှစ်**

မက်စ်မြန်မာဟိုးဒင်းကုမ္ပဏီလီမိတက်မှ အကြီးတန်း အထွေထွေမန်နေဂျာ ဦးဌေးနိုင်ဝင်း ၏ ချစ်လှစွာသော ဖခင်ကြီး ဦးသိန်းဝင်း(ရေကြည်) အသက် ၉၁ နှစ်သည် ၁၂.၆.၂၀၁၆ ရက်နေ့ နံနက်(၉း၃၁)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

AYA Financial Group မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊သိမ်၊ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်**

**ဒါယိကာမကြီး**

**ဒေါ်ပါးပါး (စန္ဒီပရဆေး)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းလမ်းနေ ဦးဘာဘူ၊ ဦးတင်မောင်(စန္ဒီပရဆေး)တို့၏မိခင်ကြီး ဒေါ်ပါးပါးသည် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မုံရွာ ဆရာမိုး
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

## ဦးအောင်ချင်ဆက်(ခ)ဦးတင်အေး

**ဥက္ကဋ္ဌ(သီလဝဏ်ကုမ္ပဏီ)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၈)၊ ခေမာလမ်းနေ ဒေါ်ခင်မွေး၏ခင်ပွန်း၊ (ဦးလှမြင့်)-ဒေါ်သန်းသန်းဌေး၊ ဦးတင်ဝင်း(မန်နေဂျင်းဒါရိုက်တာ-သီလဝဏ်ဝန်ဆောင်မှုကုမ္ပဏီနှင့် Jasper Motorကုမ္ပဏီ)-ဒေါ်ဣန္ဒနီလာဦးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် အလှူ့ဒါယိကာမကြီး**

**ဒေါ်ပါးပါး (၈၄)နှစ်**

**(စန္ဒီပရဆေး)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းလမ်းနေ ဦးဘာဘူ၊ ဦးတင်မောင်(စန္ဒီပရဆေး)တို့၏ မိခင်ကြီး ဒေါ်ပါးပါးသည် ၈-၆-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စရီမဟာပိဿနိုးဘုရားကျောင်း**
**(ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးသိန်းမြင့် (၈၁)နှစ်**

**(အထက်မင်းလှမြို့)**

ဦးသိန်းဇော်(ခ)တေးသံရှင် မာရဇ္ဇ၏ ဖခင် ဦးသိန်းမြင့် (၈၁)နှစ် သည် ၁၁-၆-၂၀၁၆(စနေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အချိန်အခါစီးရီး၏ ပရိတ်သတ်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာသိန်းအောင် (သခ-၂၉၉)**

**သွားနှင့်ခံတွင်းဆရာဝန်**

**အသက် (၇၀)**

မြန်မာနိုင်ငံသွားနှင့် ခံတွင်း ဆရာဝန်အသင်း၏ အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာသိန်းအောင်သည် ၁၀-၆-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း (ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခဝဲခြံ၊ သမိုင်း၊ ဦးဘအိုလမ်း၊ (၁၇)ဒီနေ မြန်မာအော်တစ်ဇင်အသင်းမှ အလုပ်အမှုဆောင် ဦးနေမျိုးနိုင်၏ဇနီး နန်းလောင်ဝ်ဝီး အသက်(၄၃)နှစ်သည် ၁-၆-၂၀၁၆ ရက် ညနေ ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားခြင်းကို မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များနှင့်ဆရာမများ**
**မြန်မာအော်တစ်ဇင်အသင်း**

## ဒေါ်ညိုမာအေး(ကော့ကရိတ်မြို့)

**အသက် (၄၈)နှစ်**

ကော့ကရိတ်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ် (၂၄၉)နေ ဦးမောင်ကြိုင်-(ဒေါ်နွဲ့ရီ)တို့၏သမီး၊ ကော့ကရိတ်မြို့နေ (ဦးအောင်ဝှက်)-ဒေါ်စိန်လွိတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၁၀)၊ သုံးလွှာ၊ မဟာဗန္ဓုလလမ်း၊ (၅၇)လမ်းထိပ်နေ ဦးအောင်မော်၏ဇနီး၊ မောင်ခွန်ပန်းသာ ($2^{nd}$ M.B, ဆေး-၁)၊ မနန်းငွေစိန်(အထက-၁၊ ဒဂုံ)၊ မနန်းသန်းတင် (ဒသမတန်း-B၊ အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသော မိခင်သည် ၁၃-၆-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညိုမာအေး (၄၈)နှစ်

**(ကော့ကရိတ်မြို့)**

ကော့ကရိတ်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၄၉)နေ ဦးမောင်ကြိုင်-(ဒေါ်နွဲ့ရီ)တို့၏သမီး၊ ကော့ကရိတ်မြို့နေ (ဦးအောင်ဝှက်)-ဒေါ်စိန်လွိတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးအောင်မော်၏ဇနီး၊ ဦးလှဌေး-ဒေါ်မျိုးမျိုးအေး၊ ဦးလှိုင်ရုံစု-ဒေါ်ဖြူနွယ်အေးတို့၏ညီမ၊ ဦးကျော်ဇေယျ-ဒေါ်ချိုချိုအေး၊ ဒေါ်နန်းကြူကြူအေး၊ ဦးခွန်သန်းယု-ဒေါ်ခင်နှင်းဖြူ၊ ဒေါ်နန်းနီလာအေးတို့၏အစ်မ၊ မောင်ခွန်ပန်းသာ၊ မနန်းငွေစိန်၊ မနန်းသန်းတင်တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၁၃-၆-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု



# သီရိဝံသဇာတ်နှင့် အကအလှပဒေသာယိမ်းများ ဝတ်စုံပြည့်ကြိုတင်ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် ဇွန် ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် ပထမ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် မြန်မာ့ဇာတ်သဘင်၏ အစဉ်အလာ အနှစ်သာရစစ်စစ် 'သီရိဝံသ'နှင့် အကအလှပဒေသာယိမ်းများကို ဇွန် ၂၆ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ ဇူလိုင် ၉ ရက် ည ၇ နာရီတွင် မန္တလေးမြို့ (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း အများပြည်သူတို့အား အခမဲ့ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဝတ်စုံပြည့်ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုကို ယဉ်ကျေးမှုဌာန စုပေါင်းခန်းမ၌ ဇွန် ၁၃ ရက် ည ၇ နာရီတွင် ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ သာသနာရေးဌာနနှင့် ယဉ်ကျေးမှုဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း အင်အား ၂၀၀ ခန့် ကြည့်ရှုအားပေးခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်မှုအပြီးတွင် ဖျော်ဖြေတင်ဆက်မှုများနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန်များကို ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

■

# တပ်မတော်ရဟတ်ယာဉ်တစ်စင်း ရာသီဥတုဆိုးရွားမှုကြောင့် ဒိုက်ဦးမြို့နယ်အတွင်း ပျက်ကျ

**နေပြည်တော် ဇွန် ၁၄**

အမ်အိုင်(၂) အမျိုးအစား တပ်မတော်ရဟတ်ယာဉ်တစ်စင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာနှင့် ဂုံညှင်းချောင်းအနီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၇၂)အနောက်ဘက်ရှိ လျှိုအတွင်းသို့ ပျက်ကျ၍ မီးလောင်ပျက်စီးခဲ့ပြီး ရဟတ်ယာဉ်ပေါ်ပါ တပ်မတော်သားသုံးဦး သေဆုံးခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်သည် မိတ္ထီလာမြို့ လေတပ်စခန်းဌာနချုပ်မှ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ထွက်ခွာ၍တောင်ငူလေတပ်စခန်းဌာနချုပ်တွင် ဆီဖြည့်ရပ်နားပြီးနောက် နံနက် ၁၁ နာရီခွဲတွင် မှော်ဘီမြို့သို့ ဆက်လက်ထွက်ခွာပျံသန်းစဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရဟတ်ယာဉ်မှာ မိတ္ထီလာမြို့ လေတပ်စခန်းဌာနချုပ်တွင် အကြီးစားပြင်ဆင်မှုပြုလုပ်ခဲ့ပြီး မြိတ်မြို့ရှိ လေတပ်စခန်းဌာနချုပ်သို့ ပို့ဆောင်ရန် ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းနှင့်

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖


နိုင်ငံခြားသားဆရာဝန်များနှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင် စာမျက်နှာ - ၆

ယိုကိုင်းချိ ပန်းနာရင်ကျပ်ရောဂါ စာမျက်နှာ - ၁၆

လက်တွေ့ အသုံးချ ဆေးနည်းတိုများ(၄) စာမျက်နှာ - ၂၁


# ရေနည်းချိန် ဦးပိန်တံတား လာရောက်လည်ပတ်သူများ ငှက်လှေစီးမှုနည်းပါး ဦးပိန်တံတားနောက်ခံနှင့် အမှတ်တရပုံများရိုက်ကူးမှုသာ အားထားလာ

**အမရပူရ ဇွန် ၁၄**

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ သွားရောက်လေ့ရှိသည်။ ဦးပိန်တံတားသည် နိုင်ငံတကာခရီးသွားဧည့်သည်များသာမက ပြည်တွင်းဧည့်သည်များပါ စိတ်ဝင်စားသောနေရာတစ်ခုပင်ဖြစ်သည်။ စာမျက်နှာ ၈ ကော်လံ ၆ သို့ ❒

